www.burmeseclassic.com



အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်မိပြီးရှင်

## စိတ်ကူးထဲမှာတော့

မြေး

GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (မြ-၁၀၀၉၈)<br>(ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဗိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ချစ်မျှားရှင်

စိတ်ကူးထဲမှာတော့ မြူး/ချစ်မျှားရှင်၊ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၂။

(၁၆၀)စာ၊ ၁၃ စင်တီမီတာ × ၂၀.၇ စင်တီမီတာ

(၁) စိတ်ကူးထဲမှာတော့ မြူး


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တက္ကသိုလ်ဝင်တန်း စာမေးပွဲလေးပြီးလို့ အပြတ်ကဲဖို့ တာစူနေတဲ့ နေမင်းစံတစ်ယောက် ခဲလေသမျှ သဲရေကျ ပဲရေပွ ဖြစ်ရလေပြီ။

ကျောင်းစာ ကျူရှင်စာတွေနှင့် အမှတ်ကောင်းကောင်းရလိုဇောဖြင့် ကြိတ်မှိတ်ကုပ်ကပ်ပြီး ကြိုးစားခဲ့သမျှ စိတ်ကိုဖြေလျှော့ကာ အပန်းဖြေရမည့် အချိန်။ ဒီလိုအချိန်မှာ လမ်းမပေါ်ထွက်ပြီး စကိတ်စီးကာ လတ်လျား လတ်လျား လုပ်ရတော့မည်။

သို့သော်လည်း ဇာတာစန်းလက်မှေးမှန်ချိန်မို့လားမသိ၊ သူ့ရဲ့ရင်တွင်းအောင်း ဆန္ဒတွေကို သူ့ဖေဖေက အာရုံလွှဲပြောင်းပစ်သည်။

ဓါတ်အားလွှဲပြောင်းခြင်း ခံလိုက်ရတဲ့ မြို့ပြလို လျှပ်စစ်မီးအလင်းချို့ငဲ့သွားရရှာပြီ။ ဖေဖေရဲ့ မဟာအကြံအစည်တော်ကြီးမှာကား သူ့ကို ဘကြီးများရှိရာ ရွာသို့ပြန်ပို့ထားရန် အမိန့်ချမှတ်လိုက်ခြင်းပင်။

ဘော်ဒါများနှင့် ကြိတ်ကြံထားသမျှ ကြံရည်ဖန်ရည် ကြံသကာရည်ပင် သောက်လိုက်ရဘဲ သူ့အတွက် မနက်ဖြန်တိုင်းဟာ ငွမ်းသွားတော့သည်။

လူပေါင်းများပြီး လမ်းများရောက်မည်ကို တဖွဖွစိုးရိမ်နေသော မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့အချစ်တော် ဖေဖေ့ဘက် မျက်နှာလိုက်ကာ တစ်ဖက်သတ်ဆုံးဖြတ်သဘောတူလိုက်သည်။

အဲဒါကြောင့် ဖိုးဖိုးရှိတုန်းက ဖိုးဖိုးနှင့် မွေးသမိခင်၊ မွေးသဖခင်တို့ မတည့်ကြခြင်း ဖြစ်သည်။ ဒီတုန်းက ဖိုးဖိုးနှင့်နေမင်းစံက တစ်ဖက် ဖေဖေနှင့် မေမေက တစ်ဖက် လွှန်ဆွဲကာ ဂွကန့်လန့်တွေ တိုက်ခဲ့ကြရသည်။

ယခုများတော့ ဖိုးဖိုးခမျာ နတ်ပြည်တစ်ခေါက် ခရီးပေါက်လို့ တာတော့ ဘိုင်ဘိုင့်ပြကာ သူ့ကို စည်းကမ်းတင်းကျပ် စေ့စပ်လှသည့် သွန်သင်စံနမူနာ အပြုကောင်းသူ မိဘနှစ်ပါးလက် ဝကွက်အပ်သွားသည်။

ဘာပဲဖြစ်ဖြစ် ဘရစ်တနီစပီးယားရဲ့ အတွင်းခံဘောင်းဘီကို လေလံမအောင်သော်ငြား ဘာကာလာလဲဆိုတာလောက် သိခွင့်ရသူလို အခွင့်အလမ်း တစ်စွန်းတစ်စကို လက်မလွှတ်သင့်ကြောင်း တွေးမိသဖြင့် လက်ခံလိုက်သည်။

စာတွေနှင့် တစ်နှစ်ပတ်လုံး ငြီးငွေ့လာသမျှ ခရီးလေးထွက်လိုက်ခြင်းဖြင့် စိတ်လန်းဆန်း အပန်းပြေသွားမှာတော့ သေချာသည်။

ဖေဖေတို့ စိတ်ချရတဲ့ သူငယ်ချင်း တွတ်တွတ်ကိုပါ ထည့်ပေးလိုက်မည်ဆိုတော့လည်း သူငယ်ချင်းအဖော်နဲ့မို့ ပျော်စရာတော့ ကောင်းလိမ့်မည်ဟု တွက်ဆထားသည်။

နှစ်ယောက်သား ရန်ကုန်–မန္တလေး မီးရထားလက်မှတ် ဖြတ်လိုက်သည်။ သူတို့ရွာက မတ္တရာမြို့နယ်ထဲက အောက်တန်းကိုင်းရွာ ဖြစ်သည်။

"ဘာရယ် ... မင်းစံ ... မင်းတို့ရွာက အောက်တန်းကိုင်းတယ်ဟုတ်လား ..."

"ဟာကွာ ... ကြီးကြီးစီရာ နားကြားမကြားနဲ့ စာကြားပဲကြား တင်ကိုင် မဟုတ်ဘူး ဆရာကြီးရဲ့ ... တန်းကိုင် ... တန်းကလေး ကိုင်းတာ"

"အဟီး ... နားစွန်နားဖျားကြားရင်တော့ ကြက်သီးထလောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်”

ရွာနာမည်ကိုက နောက်ချင်စရာ ထော်လော်ကန့်လန့် နာမည်ဖြစ်နေရတဲ့ကြားထဲ ကြံဖန်ရှာဖွေကာ ဗလွတ်ရွတ်တ ပြောတတ်သော တွတ်တွတ်ပါးစပ်များရောက်မှတော့ ဖွတ်ဖွတ်ဖြစ်လေပြီပေါ့။ တွတ်တွတ်တို့က နာမည်နဲ့လိုက်အောင် တဖွတ်ဖွတ် တပြွတ်ပြွတ် မြင်းအီးပေါက်သလို ပါးစပ်မပိတ်ချင်သူ။

သူ့နာမည်အရင်းက အတွတ်။ အဖျားဆွတ် နှစ်လုံးထပ်ပြီး ချစ်စနိုးနဲ့ ခေါ်လိုက်တာ တွတ်တွတ်ဖြစ်သွားရော။ သူ့ရည်းစားကောင်မလေးများကဆို ဘွတ်ရေ တွတ်ရေနဲ့ တတွတ်ထဲကို တွတ်နေတော့သဖြင့် တဝမ်းပူ အရွှတ်ပြိုင်နေသလား မှတ်ရသည်။

မန္တလေးကို မီးရထားစီးပြီး ဈေးချိုအနီးရှိ ရေကြည်မွှာရုံရှေ့မှာ မတ္တရာကား စီးကြရသည်။ မတ္တရာရောက်တော့ အထုပ်အပိုးတွေနှင့် ရွာကို ဆက်ပြီး ခရီးနှင်ကြရသည်။

သူတို့လာမည့်အကြောင်း ဘကြီးနှင့်အစ်ကိုလေး အောင်ဘိုထံ ဖုန်းဆက်အကြောင်းကြားပေးထားသည်။ အစ်ကိုလေးအောင်ဘိုက မတ္တရာကားဂိတ်ကို လှည်းဖြင့် လာကြိုမည်ဟု ထင်ထားသော်လည်း မော်တော်ဆိုင်ကယ်ဖြင့် လာကြိုသည်။

သူနှင့်အတူ နှုတ်ခမ်းနီမဆိုးဘဲ နီရဲအောင် ကွမ်းတဖွီးဖွီး ဝါးသူ လူသားတစ်ယောက်လဲ ပါလာသည်။ ဆိုင်ကယ်နှစ်စီး၊ ဧည့်သည်နှစ်ယောက် ပိုင်ရှင်နှစ်ယောက် အစီအစဉ် အခြေအနေက ကွက်စတိ။

ငယ်ငယ်ကသာ ရောက်ဖူးသဖြင့် သူက အစ်ကိုလေး အောင်ဘိုကို မမှတ်မိပေ။

ငယ်ငယ်က မင်းမော်ကွန်းနှင့်တူပြီး ကြီးလာတော့ ရုပ်ပြောင်းသွားသော လီယိုနာဒိုရုပ်ပေါက်သွားသော သူ့ကိုလဲ အစ်ကိုလေးက မှတ်မိမည့်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။

သျှီသော် ...

ဒုက္ခခံကာ ညှော်ဝတ်ကျေပွန်တတ်သော ဝတ္တရားပြည့်ဝသည့် ရွာကြီးသားများပီပီ ကားဂိတ်ကို ဆိုက်လာသမျှ ကားတိုင်း အော်ခေါ်ပြီး မေးသတဲ့။

"နေမင်းစံတို့ ပါသလားဟေ့ ... "

"နေမင်းဆန်တော့မပါဘူး ဆင်းသွယ်နဲ့ကောက်ကြီးပဲ ပါတယ်"

"ဒီကားပေါ်မှာ နေမင်းစံ ဆိုတာပါသလား"

"ဆန်ဆိုရင် ဘာဆန်မှမပါဘူး ... ဖာဂူဆန်တောင် အနားယူသွားလို့ ဒီနှစ်ပါမှာ မဟုတ်တော့ဘူး"

အစ်ကိုလေးအောင်ဘို အတော်ကြီးခေါင်းကုပ်ပြီး အာပေါက်အောင် မေးရှမြန်းလိုက်ရသည်။

တကယ်တမ်း သူတို့ရောက်လာတော့ သိပ်ပြီး ထူးထူးကဲကဲ မေးစမ်းရှာနေစရာမှ မလိုဘဲ။ ငယ်ရုပ်ကိုဖမ်းပြီး မှတ်မိနေတော့သည်မို့ ပြုံးဖြီးဖြီးကြီး နှုတ်ဆက်လာသည်။

"ဟကောင်ကြီး။ မင်း ... ဦးလေးပေါစံရဲ့သား ဖိုးစံမဟုတ်လား"

"ဟုတ်ပဗျား ... ကိုလေးအောင်ဘို မဟုတ်လား"

"အံမယ် ... ကိုလေးအောင်ဘိုတဲ့ မင့်ငယ့်ရုပ်မပျောက်သေးဘူး။ လေသံကိုက ... မင်းနဲ့ငါ သူခိုးကြီးညမှာ ပုံသကူသွားရှာဖူးတယ်လေ"

"ဟုတ်တယ်ဗျား ... အဲဒီညက ကိုလေးအောင်ဘိုရဲ့ စည်ပိုင်းပိသွားတဲ့ ခြေမကြီး အခုထိ မပြောင်းသေးတာကို သား မှတ်မိတယ်"

"မင်းကွာ ... မှတ်မိစရာရှားလို့ ခြေမကိုမှ မှတ်ထားရတယ်လို့"

မှတ်မိလောက်မယ်ဆိုလဲ မှတ်မိစရာပင်။

အဲဒီညက အစ်ကိုလေး အောင်ဘို ခြေမကြီး စည်ပိုင်းပိခဲ့ကာ နွားခြေပုံ



www.burmeseclassic.com

www.burmeseclassic.com



နှင်းလို့ အပုံထဲမြုပ်ဝင်သွားသဖြင့် တုတ်မီးနဲ့ထိုးပြီး ရှာဖွေဆေးခဲ့ရသေးသည်။ သူ့ခြေမက သူများခြေမနဲ့ တူကိုမတူတာ။ ခြေမကြီးတာ တုတ်တာခြင်းသာ ဟုပေမည်။ ခြေသည်းအလယ်တိုင် အကျောထောင်ပြီး ဘေးနှစ်ဖက် အိမ် ခေါင်မိုးလို လျှောဆင်းသွားတာကတော့ ရှားမှရှားပင်။ သူလိုခြေမမျိုး တစ်ခု တည်းသာရှိလိမ့်မည်။

သူများထက်ထူးပြီး နဖူးမှာ မြေပုံပါမလာပေမယ့် ခြေမမှာ အမိုးတက် မိုးထားသူပင်။ ဒီလိုခြေမမျိုး ရှိသော ခြေထောက်ဖြင့် လူတကာကို ခြေထိုးခံပြီး ခလုတ်တိုက်အောင် လုပ်လာသူဖြစ်သည်။ ထို့ကြောင့် ... ဖျတ်ခနဲမြင်မိရုံဖြင့် မှတ်မိသွားခြင်းဖြစ်လေသည်။

အလျှဉ်းသင့် ချိတ်ဆက်မိသွားသောအခါ အစ်ကိုလေးအသိ ရွာခံ ဆိုင်ကယ်ဖြင့် ဆိုင်ကယ်နှစ်စီး လူလေးယောက် ရွာသို့အပြင်းချီတက် ခရီးနှင်ခဲ့ ကြလေသည်။

ကုန်းတစ်တန် ရေတစ်တန်ဖြင့် ရွာများကို တစ်ရွာဝင် တစ်ရွာထွက် ဖြတ်ရသည်။

"ဟောဒါ ... တို့ရွာပဲကွ"

ရွာကိုမရောက်မီ ပထမဆုံး လှမ်းမြင်ရသည်က ရွာဦးကျောင်းမှ ဘုရား စေတီ ဖြစ်သည်။

ထိုကျောင်းဘေးလမ်းမှ ဖြတ်ကျော်ပြီး မှိုင်းမှိုင်းအုံ့ဆိုင်းနေသည့် မြစ်ကမ်းနံဘေးမှ ရွာကလေးသို့ ရောက်လေသည်။ တစ်ရွာလုံး ခေါင်းပြူလျှက် ဆိုင်ကယ်နောက်မြီးမှာ ပါလာသူ ကျွန်တော်တို့ကို စပ်စုလေသည်။

ကိုယ့်ကိုယ်ကို အရပ်ထဲရောက်သည့် ဇာတ်မင်းသားများလို အနေ ကြပ်ကာ လေဘဝင် ဟပ်မိပါတော့သည်။

❀....❀



www.burmeseclassic.com

www.burmeseclassic.com

ခန်း (၂)

"နင် ဖုန်းကိုင်ရင်ကိုင်နော် ... မကိုင်ရင် ငါနဲ့ဘယ်လိုစပ်ပြဿနာ တ်သွားမယ်ဆိုတာ နင်သိတယ်မို့လား"

အသံက ဆရာကြီး ဦးသုခရဲ့ လေသံမျိုး။

ဦးသုခ အမေ မေတ္တာတော် ဖွဲ့ချီးမွမ်းခန်းဖွင့်သည့် လေသံနှင့် တစ်ထေ ည်းပင်။ အဲဒီ ရင်းတုန်း (Ring Tone) ကို ကျွန်တော့်ဖုန်းထဲမှာ ထည့်ထား ည်။

ထို့ကြောင့် ဖုန်းထမြည်ပါသည်။

သို့သော် ... ကျွန်တော်နှင့်တွတ်တွတ်မှာကား အိပ်ပျော်နေသဖြင့် ကြားပါ။

ကြားမိသူ ကြူကြူအေးက မျက်ကလူးဆန်ပြာဖြင့် ထိတ်လန့်ကာ အော်ရှာသည်။

"နင် ဖုန်းကိုင်ရင်ကိုင်နော် ... မကိုင်ရင် ငါနဲ့ဘယ်လိုစပ်ပြဿနာ တ်သွားမယ်ဆိုတာ သိတယ်မို့လား"

"ဟဲ့ ဟဲ့ ... ကိုင်လိုက်လေ၊ ကိုင်လိုက်ပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com



ခန်း (၂)

"နင် ဖုန်းကိုင်ရင်ကိုင်နော် ... မကိုင်ရင် ငါနဲ့ဘယ်လိုစပ်ပြဿနာ တ်သွားမယ်ဆိုတာ နင်သိတယ်မို့လား"

အသံက ဆရာကြီး ဦးသုခရဲ့ လေသံမျိုး။

ဦးသုခ အမေ မေတ္တာတော် ဖွဲ့ချီးမွမ်းခန်းဖွင့်သည့် လေသံနှင့် တစ်ထေ တည်းပင်။ အဲဒီ ရင်းတုန်း (Ring Tone) ကို ကျွန်တော့်ဖုန်းထဲမှာ ထည့်ထား သည်။

ထို့ကြောင့် ဖုန်းထမြည်ပါသည်။

သို့သော် ... ကျွန်တော်နှင့်တွတ်တွတ်မှာကား အိပ်ပျော်နေသဖြင့် ကြားပါ။

ကြားမိသူ ကြူကြူအေးက မျက်ကလူးဆန်ပြာဖြင့် ထိတ်လန့်ကာ အော်ရှာသည်။

"နင် ဖုန်းကိုင်ရင်ကိုင်နော် ... မကိုင်ရင် ငါနဲ့ဘယ်လိုစပ်ပြဿနာ တ်သွားမယ်ဆိုတာ သိတယ်မို့လား"

"ဟဲ့ ဟဲ့ ... ကိုင်လိုက်လေ၊ ကိုင်လိုက်ပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မှာကား မော်တော်ဘုတ်ခုတ်ကာ အိပ်မောကျနေပြီမို့ ထုတ်တုတ်မျှမလှုပ်။ အဖက်မလုပ်မိ။ မိကြူ့အေးသာလျှင် နားရှိလို့ကြားပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရသည်။

"ဟဲ့ ကိုင်လိုက်လေ ... ဒုက္ခပါပဲ၊ ပြဿနာတွေတော့ တက်ကုန်တော့မှာပဲ ..."

ဘုန်းကြီးအမူ ရှာပတ်ဆိုသလို ဖုန်းမြည်သံတစ်ခုမှ အစပြုကာ တစ်အိမ်သားလုံး နိုးကုန်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

"ဘယ်ကောင်လဲကွ မိုက်ကြေးလာခွဲတာ"

ဘကြီးလုံးက ဘုမသိ ဘမသိ မေးမြန်းသည်။ အစ်ကိုလေးအောင်ဘို ခေါင်းကုပ်၍ ရှင်းချက်ထုတ်ရသေးသည်။

"ဒီကောင် ဖိုးစံယူလာတဲ့ ဖုန်းက အော်နေတာ အဘရဲ့ ... အဲဒီကောင် မီးလည်းလင်းတယ်"

"ဟဲ့ လုပ်ကြပါဟဲ့ ... နိုးကြပါ ... မြို့သားတွေ အိမ်လာတာ ပြဿနာပါ ခေါ်လာကြတယ်"

ဒွေးလေးမြခင်ကလည်း ပြူးတူးပြာတာ ထမိန်စွန်တောင်ဆွဲမ၍ အော်ဟစ်လေတော့သည်။ တစ်အိမ်လုံး ခြောင်းဆန်ကာ အထိတ်တလန့် အော်ကြဟစ်ကြရသည်။ ကျွန်တော်တို့ ငမိုက်သားနှစ်ကောင်မှာကား အိပ်မက်လုလု ဝဲဂယက်မှ ရုန်းမထွက်သာဘဲ ခေါ်ခွီးသံပြိုင်ဟောက်လို့ပင်။

အလိုက်သိလွန်းကဲ ကိုရွှေဖုန်းကလည်း အဆက်မပြတ် မြည်လို့ဟီးလို့။

ကျွန်တော့်ကို အစ်ကိုလေးအောင်ဘိုက လှုပ်နိုးသည်။ ကျွန်တော် အိပ်ချင်မူးတူးနှင့် မျက်လုံးမဖွင့်ဘဲ ထထိုင်သည်။

ပြီးလျှင် ... ဘယ်မှညာသို့ လှည့်ပြောင်းကာ အိပ်သွားမိပြန်သည်။

"ဟော့ကောင် ဖိုးစံ ... ဒီမှာ ပြဿနာတက်မယ် ပြောနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ခင်းဖုန်းက ... ”

“ဗျာ ... ဟင့်အင်း ... ကိုင်လိုက်လေ”

ကျွန်တော် အအိပ်မက်လှစွာပင် ဆက်အိပ်နိုင်ရန် ဖုန်းကိုင်ခိုင်းလိုက်သည်။ ကိုလေးအောင်ဘိုကတော့ ဖုန်းကုန်းကိုင်ခြင်း မပြုသေးသဖြင့် Ringtone က ဆက်မြည်နေသည်။ ဖုန်းလာတာမှန်းတော့ ကျွန်တော် ရေးရေးကလေး သိလိုက်ပါပြီ။ ဒါပေမဲ့ ကိုင်လိုက်လျှင် အိပ်ရေးပျက်မည်ကို နှမြောလှစွာ ပြီးစလွယ် ပြောလိုက်မိခြင်းပင် ဖြစ်သည်။

ဒီလောက် အအိပ်မက်ပုံမျိုးဖြင့် (၁၀)တန်း စာမေးပွဲကို ဘယ်လို ဖြေလာသလဲဆိုတာ မိကြူတော့ ဝေခွဲမရ ဖြစ်လောက်ပေသည်။

“ဟ ... တယ်ပြောရခက်ပါလား။ ဖုန်းလာနေတယ်လို့ ... ပြဿနာတက်မယ်လို့ မြိမ်းခြောက်နေတယ် ... ငါ့နှယ်နော် ... ”

“အင်း ... ”

ကျွန်တော် အရေးမလုပ်ဘဲ အအိပ်ဖီလင်အခန်းဆက်ကာ ပြန်မေးလိုက်ပါသည်။

“ဟော့ ... ဖုန်းကိုင်ရင်ကိုင်နော် မကိုင်ရင် ဘယ်လိုစပ်ပြဿနာ”

“ပြဿနာတော့ အတက်မခံနိုင်ဘူးကွ လာလေရော ... ”

“ဂလုံ ... ငွမ် ... ”

“ပလုံ”

ခေါင်းရင်းရှိ ရေအိုးစင်မှသောက်ရေအိုးအဖုံးဖွင့်သံ ဂလုံဂလွမ်ကြားရသည်။

ပြီးနောက် ရေထဲခဲကျသလို ပလုံသံလည်း ကြားရသည်။

အိမ်သား တစ်ယောက်ယောက် အလိုက်မသိ ဆူညံစွာ ရေခပ်သောက်ခြင်းဖြစ်မည်ဟု ကျွန်တော် တွက်ဆလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဖုန်းသံတိတ်သွားသည်ကို သတိပြုမိသည်။ ကျွန်တော် မျက်လုံး အစုံက ဖွင့်မရသေးပေ။

"အစ်ကိုလေး ... ဖုန်းကျသွားပြီလား"

"ကျသွားပြီ၊ ပြဿနာမတက်ခင် အချိန်မီ လက်မတင်လေး ပစ်ချ လိုက်တာ"

"အင်း ... ကောင်းတယ် ... "

ကျွန်တော် လွှတ်ခနဲ နှုတ်မှ ဖွင့်ဟကာ ထောက်ခံလိုက်မိသေးသည်။ ပြီးမှ ရေထဲကျသံတို့နှင့် အစ်ကိုလေး ပြောစကားစပ်ဆက်ကြည့်မိကာ ခေါင်း ထောင် ထထိုင် မျက်လုံးပြူးရတော့သည်။

"ဘယ်လို ... ဘယ်လို ... ဘယ်ကိုပစ်ချလိုက်တာလဲ"

အစ်ကိုလေးအောင်ဘိုကို တစ်အိမ်သားလုံးက ကယ်တင်ရှင် သူ့ရဲ့ ကောင်းပမာ ပီတိဖြာ အကြည့်မျိုးဖြင့် ဂုဏ်ယူပြီးမြန်၍ ကြည့်နေကြသည်။ အစ်ကိုလေးမှာကား သောက်ရေအိုးကို လက်ညှိုးလေး ပန်တျာမင်းသားထိုးဟန် ဖြင့်ထိုးကာ ပြုံးဖြီး ညွှန်ပြနေလေသည်။

အမငီး ... သေကွင်းသေကွက်ကို တည့်တည့်ကြီးပါလား အစ်ကို လေးရဲ့ ... "

မျက်လုံးမျက်ဆန်ပြူးကာ အိပ်ချင်စိတ်လွင့်ပျောက်၍ ခေါင်းမှဆံပင် တို့ ထောင်မတ်ကုန်တော့သည်။

အတွတ်ကို ခွကျော်၍ ကျွန်တော် ရေအိုးထဲ အမြန်လက်နှိုက်ရသည်။

ရေငုပ်နေရသော ဖုန်းကလေး လက်မတင် ပြဿနာ မတက်အောင် ကာကွယ်ခြင်းမှ အချိန်မီ ကယ်ဆယ်ရေး လုပ်လိုက်ရသည်။

ရေထဲမှ ဘွားခနဲပေါ်ပေါ်ချင်းပင် ဖုန်းသံက ပြန်ပေါ်လာသည်။ တော် ပါသေးရဲ့ အသိမြန်ပေလို့။

www.burmeseclassic.com



"တက်သွားမယ်ဆိုတာ ... သိတယ်မို့လား"

"ဟော ... ဟော့ကောင် ဘာလို့ဆယ်လိုက်တာလဲ၊ ပြဿနာတက်ကုန်တော့မှာပဲ အမြန်ကိုင်လိုက် ... "

အစ်ကိုလေး စိုးရိမ်တကြီး သတိပေးပြန်သည်။ ကျွန်တော် ဖုန်းနံပါတ်ကိုကြည့်ပြီး ပြုံးမိသည်။ ဖေဖေ့ထံမှ ဖုန်းဖြစ်နေသည်။

"ဟယ်လို ဖေဖေ ... သားပါ ... "

"ဩော် ... လက်စသတ်တော့ မင်းအဖေ ကျိန်းနေတာကိုးကွ"

"နင့်အဖေ ဂလိန်းတဲ့မှုပဲ ပေါစံ၊ ဒီကောင်မှန်းသိရင် ငါပိတ်ပြောက်ပါတယ်"

တစ်ယောက်တစ်ပေါက် ထင်ကြေးဖြင့် မှတ်ချက်ပေး တုန့်ပြန်ကြကုန်သည်။ အဖေ့အစ်ကို ဘကြီးက သူညီမှန်းမသိ၍ ကြောက်လန့်ခဲ့ရသည်ကို နောင်တရဟန် ရှေရွတ်နေသေးသည်။

"ဟုတ် ... ဖေဖေ ... သားတို့ မနေ့ညနေကရောက်တယ်"

ဖေဖေက စိတ်မချ၍ လှမ်းဆက်ခြင်းဖြစ်သည်။ ဖေဖေဆက်လိုက်ကာမှပဲ စိတ်ချလက်ချအနေအထားမှ တစ်အိမ်လုံး ပြောင်းဆန်ကုန်ကြရသည်။

ကံသီပေလို့ တောရောက်လာတဲ့ မြို့သားဖုန်းလေး ရေနစ်သတ် မခံရခြင်းပင်။

ဖေဖေနှင့် ဖုန်းပြောပြီးသွားသောအခါ ဖုန်းပြန်ပိတ်၍ ပြန်အိပ်ရန်ပြင်သည်။

"ကဲ အစ်ကိုလေး ... ပြဿနာမတက်တော့ဘူး"

"အေး ... ဟုတ်သားဟ ... ပြဿနာမတက်ပေမယ့် မကြာခင် ထန်းတစ်ဖျားတက်လာတော့မယ် ... မင်းတို့ကို ဘုန်းကြီးကျောင်း ထိုးဒီလို တုတ်တုတ်က စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရော ... တုတ်တုတ်နဲ့ မသွားချင်ပါဘူး ကိုလေးကလဲ"

"သွားချင်လို့မရဘူး ငါ့ကောင် ... အဲဒါ မင်းအမျိုးပဲ၊ မင်းအဖေရဲ့ ညီအငယ်ဆုံးထိုင်တဲ့ကျောင်း ... မင်းသွားကိုသွားရမယ်"

"သွားတာပဲ ဒီအတိုင်းသွားမှာပေါ့ ... တုတ်တုတ်ဆိုတာ ဘယ်သူတုန်း။ ဘယ်လိုအမျိုးတော်တဲ့ တစ်ယောက်လဲ"

ကျွန်တော် ခေါင်းခြောက်စွာ စဉ်းစားရင်း အစ်ကိုလေးကိုမေးရသည်။ တစ်ရွာလုံးက ကိုယ့်အမျိုးတွေချည်း ဖြစ်နေပေမယ့် ကိုယ်ကတော့ လုံးစေ့ပတ်စေ့ သိလှသည်မဟုတ်။

အစ်ကိုလေးက အူလည်လည်ပုံစံဖြင့် ကျွန်တော့် မေးပုံကိုကြည့်ကာ သဘောတကျ ရယ်လိုက်သေးသည်။

"ဟား ဟား ... ဖိုးစံ ခွီးတဲ့မှပဲ၊ မင်းတို့မြို့သား လည်တယ်ဆိုတာ ဘာလည်တာလဲ၊ ကြေးစည်ချာချာလည်အောင် အထုခံရလို့ လည်တာလား။ မှတ်ထားကွ ... တုတ်တုတ်ဆိုတာ မင်းအမျိုးမဟုတ်ဘူး၊ တရုတ်အမျိုး ဝွန်ဒေါင်းကို ပြောတာ"

လာပြန်ပြီ ဝွန်ဒေါင်းတဲ့။ ကျွန်တော် ပိုမိုနားရှုပ်သွားရပြန်ပါသည်။

"ဘာလဲ နောက်ဆုံးပေါ် ပုံတူမျိုးပွားဒေါင်းက အစ်ကိုလေးတို့ရွာကို တရုတ်ကနေ ရောက်နေတာလား"

"ထပ်သရီး ... တွီ ... လွဲပြန်ပြီ ... ငါ့ညီလေးရာ လျှော်လိုက်တာ ဝွန်ဒေါင်းဆိုတာ ထော်လာဂျီကို ပြောတာလေကွာ"

"အွန် ... "

ကျွန်တော့်မှာ အစ်ကိုလေးအောင်ဘိုနဲ့ တွေ့မှပဲ နှပ်ပစ်ခံရသည်မှာ ရစရာ မရှိတော့။

"အစောကြီးကတည်းက ထော်လာဂျီဆို ထော်လာဂျီပြောပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



တုတ်တုတ်ဆိုတော့ ကျွန်တော်လည်း ကြောင်သွားတာပေါ့ ... ”

သူပြောတာလည်း ဟုတ်နေတာပဲ။ ငြင်းမရဘူး။ တစ်ရွာလုံးက တုတ်တုတ်ပဲခေါ်ကြတာရယ်၊ အဲဒီထော်လာတွေမောင်းရင် တုတ်တုတ် တုတ်တုတ် မြည်သကိုးဗျ။

“ကဲ ပြောနေကြာတယ် ... မြန်မြန်မျက်နှာသစ်ချေ။ မင်းတို့အတွက် ထမင်းကြမ်း ပြင်ထားပြီးသား စားလိုက်ကြဦး ... ”

ကျွန်တော်လဲ အတွတ်ကိုနှိုးကာ နောက်ဖေးစဥ့်အိုးများရှိရာ ထွက်လာခဲ့ရတော့သည်။

အိပ်ချင်မူးတူးဖြစ်နေသော အတွတ်က အရိပ်အကဲ နားမလည်ဘဲ ကျွန်တော့်နောက် လိုက်မလာခဲ့ပေ။ ချော်တောင်ငေါ့ပြီး နွားတင်းကုပ်ဘက် ဦးလှည့်သွားသည်။

မပြောမဆိုဖြင့် စဥ့်အိုးကြီးပွင့်ကာ ရေဖလားဖြင့် အားပါးတရ ခတ်၍ မော့သောက်တော့သည်။

“ဂလု ... ဂလု ... ဂလု ... ”

“ဟား ... ရေသောက်ခြင်းဟာ ကျန်းမာဝဖြိုးမှုကို အထောက်အကူ ပြုတယ်၊ မနက်စောစော ရေသောက်ရင် အပူအပုပ် အကုန်ဆင်းတယ်”

သူကသာ မနက်စောစောလုပ်နေတာ၊ နေက သူ့ဖင်ထိုးနေပြီ။ မြို့သားလူတတ်ဆရာကြီး လေသံ အိုက်တင်ဖမ်း၍ ဂိုက်ပေးကြမ်းနေသေးသည်။

“ဟာဟေ့ ငါ့ညီ ... အဲဒါ နွားသောက်တဲ့ရေကွ ... ”

“ဗျာ ... ”

အတွတ် မျက်နှာငယ်၊ လေသံညှောင်နာနာလေးဖြင့် ညည်းရှာတော့သည်။

လက်တွေ့ဆိုသလို သူ့နောက်ရောက်လာသော နွားကြီးကို ကြောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ပြေးသည်။ နွားကြီးက စဉ်အိုးထဲမှရေကို တဂွိဂွိမြည်အောင် စုပ်သောက်ပါတော့သည်။

"ဝပ်ထရိန်း ... ဝမ်းဘဲ ..."

နွားကြီးအော်ခြင်းတော့ မဟုတ်ပါ။ အတွတ်ကိုယ်တိုင် ခေါင်းမှချိုစောင်းနှစ်ဖက်ကို စမ်းရင်း အော်လိုက်ခြင်းဖြစ်သည်။ ကျွန်တော့်မှာ အတွတ်ကို ကြည့်ပြီး စုပ်တသပ်သပ် ဖြစ်ရတော့သည်။

"ကျွတ်ကျွတ်ကျွတ် ... နွားရေသောက် နွားစိတ်ပေါက်သွားပါရောလားကွယ် ... အို ... အတွတ် မင်းဘဝက လူ့ဝင်စားတဲ့နွားများလား"

ကျွန်တော် နောက်လိုက်သောစကားကြောင့် ဟိတ်ကြီးဟန်ကြီး စတိုင်လ်ဖမ်းထားသည့်အတွတ် အရုက်ကွဲကာ မျက်နှာပြင် နီမြန်းသွားရသည်။ အစ်ကိုလေးအောင်ဘိုကား ကျွန်တော်တို့အဖြစ်ကိုကြည့်ပြီး စိတ်ပျက်သွားဟန် ရှုံ့မဲ့၍ရယ်တော့သည်။

❋....❋



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

ထိုနေ့က ဘုန်းကြီးကျောင်းရောက်ဖို့ ထော်လာဂျီ အကူအညီနဲ့ လှမ်းခဲ့ရသည်။ ရွာသို့ မဝင်ခင်က ဖြတ်ခဲ့သော စေတီပုထိုးရှိရာ အုပ်အုပ်ဆိုင်းဆိုင်း ကျောင်းဝိုင်းလေးမှန်း ရောက်မှ ကျွန်တော် သိရသည်။

ကျောင်းဝိုင်းတစ်ခုလုံး ကို သရက်ပင်၊ မန်ကျည်းပင်တွေ အုပ်ဆိုင်း အရိပ်ရနေတာ ဘေးမှဖြတ်သွားစဉ်က သတိပြုမိရုံသာရှိပြီး ကျွန်တော်နဲ့ မသက်ဆိုင် မပတ်သက်ဟု အထင်ရှိခဲ့မိသည်။ အစ်ကိုလေးအောင်ဘိုက ဆွေမျိုးစပ်ဟပ်ပြပါမှ ကျွန်တော့်ဦးလေး ဘုန်းကြီးကျောင်းထိုင် သီတင်းသုံးသော ဘုန်းကြီးကျောင်းမှန်း သိရသည်။

နံနက်စာ ထမင်းခဲနှင့်ငပိရည်ကို ပဲခြမ်းသုပ်၊ မြေပဲကြော်ဖြင့် အတင်းသွားကာ ရေနွေးကြမ်းဖြင့် မျိုချရသည်။ ပြီးနောက် ကမန်းကတန်း ဖိုသီဖတ်သီနှင့် ထော်လာဂျီပေါ် ပြေးတက်ကြရသည်။

နှစ်ယောက်သား ထော်လဂျီနောက်တွဲမှာ ခြေနင်းပေါ် ခြေတစ်ဖက်စီ တင်၍ ကြိုးကွင်းကို ဆွဲလိုက်ကြသည်။

"မောင်းဆရာရေ ..."



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းသေးဘူး ငါ့လူတို့ ဘယ်လောက်ယောက်ျားပီသလဲ စမ်းကြည့်ရအောင် စက်လာနှိုးလှည့်ကြဦး ... "

"ဟင် ... "

ကျွန်တော်နဲ့အတွက် နှစ်ယောက်သား ကြောင်အမ်းအမ်းဖြစ်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ဒါ ကျွန်တော်တို့ကို သက်သက်မဲ့ ပညာစမ်းတာပဲ ဖြစ်ရမည်ဟု ယူဆကြသည်။

ထို့ကြောင့် ခပ်တည်တည်ပင် နှစ်ယောက်သားပြန်ဆင်း၍ ထော်လာဂျီ အရှေ့ပိုင်း ယာဉ်မောင်းရှိရာဆီ ရင်ကော့၍ လာခဲ့ကြသည်။

ထော်လာဂျီမောင်းပို့မည့် ထော်လာဆရာမှာ သော့လှည့်၍ပင် စက်မနှိုးတတ်ရန်ကောဟူသည့် သဘောမျိုးဖြင့် အထင်တသေး ကြည့်မိကြသည်။ ပြီးလျှင် ထော်လာဂျီစက်ခေါင်းမှ လက်ကိုင်နှင့်အနီးတစ်ဝိုက် လှမ်းကြည့်ပြန်သည်။

ကျွန်တော် မျက်လုံးပြူးသွားသည်။ အတွက်ကတော့ ခေါင်းနပမ်းကြီးကာ ဖောက်တဖွားဖွားလွင့်အောင် ကုပ်နေပြီ။

အစ်ကိုလေးအောင်ဘိုက ပြုံးစစ မျက်နှာပေးဖြင့် ဒရိုင်ဘာဖင်ထိုင်ခုံအောက်ရှိ ဂေါက်တံကို မျက်စပစ်ပြသည်။

"လှည့်ပေတော့ ငါ့ညီရေ ... မြို့သားယောက်ျားကောင်းတို့ရဲ့ လက်ရုံးရည်ကို ပြပေတော့ကွာ ... "

ကျွန်တော်လဲ ဟန်မပျက် မာန်တင်းရင်း ဂေါက်တံကိုဆွဲယူကာ အစ်ကိုလေး လက်ညှိုးညွှန်ပြရာဆီ သွား၍ ဂေါက်တံကြီးကိုင်လျက် စမ်းတဝါးဝါး ဖြစ်နေသည်။

ကျွန်တော်တို့အမူအရာကိုကြည့်ကာ အစ်ကိုလေးနှင့်ကားနေရာ ခွက်ထိုးခွက်လန် ရယ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဖိုးစံ ... အဲဒီဘက်ကလှည့်ရမှာမဟုတ်ဘူး၊ ဒီဘက်က လာလှည့်၊ အပေါက်မှားမယ်မောင် ဂိုးမိုးခေါင်တဲ့ တိုက်စစ်မှူးရဲ့ ..."

သူတို့လှောင်မယ်ဆိုလဲ လှောင်ချင်စရာ။ ပြင်ပဗဟုသုတ အတွေ့အကြုံဘာမှမရှိ၊ မစူးစမ်း ပေါ့ပေါ့ပဲ မိဘအိမ်မှာ နေလာခဲ့သည်။

ယခုလို တကယ့်အရေး လူရှေ့သူရှေ့မှာ အဝတ်အစား သစ်လွင်အကောင်းစားနှင့် ဟိတ်ဟန် ကြီးကြီး မြို့သားစတိုင်လ်တွားလေသမျှ အရုက်ကွဲရဖို့ကိန်းသာ ဆိုက်တော့သည်။

ဂွန်ဒေါင်းအင်္ကျီကို ဂေါက်တံဖြင့် ဘယ်လိုထိုးလှည့်၍ စက်နှိုးရမှန်းပင် မသိသော ကျွန်တော်တို့အဖြစ်ပင်။

အစ်ကိုလေး ညွှန်ပြရာဘက်သို့ ပတ်သွားလိုက်ပါမှ ထိုးလှည့်စရာ အပေါက်ကို တွေ့တော့သည်။ ကျွန်တော်တို့မြို့မှာကား အသင့်ဆင်ပြီးသား လျှပ်စစ်မီးဖြင့် ခါးမိန်းကောက်တင်လိုက်ရုံဖြင့် ရေစုပ်နိုင်သောစက်များသာ တွေ့ဖူးသဖြင့် ယခုအခါ အခက်ကြုံရလေသည်။

ခပ်တည်တည်ပါပဲ။

အပေါက်ကို ထိုး လိုက်ပြန်သောအခါ ကားဆရာနှင့် အစ်ကိုလေး ညှာမတာ ရယ်ကြပြန်သည်။

"နင့်အမေ ဂလိန်းတဲ့မှပဲ ကလစ်ရှိတဲ့ဘက်က ထိုးကလန့်ပြီးလှည့်မှ အင်္ကျီကလည့်မှာပေါ့ဟ"

"အယ် ... "

သူပြောမှကိုယ်လည်း သတိထားမိသည်။ တကယ်ဆို ဘယ်လိုမှပင် မှားသင့်တဲ့အမှား။

ကလစ်ဘုထစ်ကလေးများရှိတဲ့ဘက်က ထိုးရမည့်အစား လက်ရှိုင်ခုသောဘက်မှ ထိုးထည့်သည်။

www.burmeseclassic.com



မြို့သားနဲ့ တော်တော်စွည်း ပိုမိုနားလည်ကျွမ်း ကျင်မည်ဟု ထင်ထားရာမှ အတော်နှင့်အမြင် တက်တက်စင်အောင်လွဲ၍ စိတ် ပျက်လက်ပျက်ဖြစ်သွားကာ [illegible]သည်။

ကျွန်တော်လဲ သိပ်အတင်အစီး မခံတတ်သူပီပီ ယောင်မှားသွားဟန် ဖြစ်ဟာ ပြန်လှည့်၍ ထိုးထည့်သည်။ အရေးထဲ အပေါက်ကချော်၍ နွတ်ခမ်း ထောက်နေသေးသည်။

"ဟိုးဆရာကြီး ဒီအပေါက်ကျတော့ ချော်နေတာပဲ ထောင်ကျမယ့် အပေါက်ဆို တန်းနေမှာနော် ..."

ကြည့်ဦးတော့။ မြို့ပြအလုပ်ခွင်က စကားတွေလည်း သူတို့ထည်လဲ သုံးကာ ပါးစပ်ကမချဘဲ လိုင်လိုင်ကြီး ရောက်နေတော့သည်။

"အသေအချာကလစ်ဘုနဲ့ ချိန်ပြီး ထိုးထည့်လေကွာ"

အတွတ်ကလဲ မျက်နှာကြီးနီမြန်းကာ အရှက်သည်းပြီး နောက်ထပ် တစ်ရှက် ထပ်မဖြစ်ရအောင် သတိပေးလိုဇောဖြင့် ကပ်ပြောသည်။

ဒီတစ်ခါတော့ ဖွတ်ခနဲ ကွက်တိဖြစ်သွားသည်။ ဘာရမလဲ ... အတွေ့အကြုံက သင်တာပဲလေ။ မွေးကတည်းက ဘာမှတတ်လာကြတာမှ မဟုတ်တဲ။ ရှုးစမ်းလေ့လာမှုဟာ အတွေ့အကြုံကောင်းနဲ့ တတ်မြောက်ရမှာပေါ့။

ကျွန်တော် စိတ်တွေ အိုက်နေသည်ကတော့ အမှန်ပင်။

မြို့မှ တောရောက်သခိုက် အရာရာ ခေတ်မီပွင့်လင်းသမျှ လူတတ် ဆရာကြီးလုပ်ရမည်ဟု ထင်ထားရာ ယခုမှ ကျွန်တော်ဟာ သနားစရာ အလှောင် ခံ သတ္တဝါလေး ဖြစ်နေတော့သည်။

တောသားမြို့ရောက်လျှင် အတီးအတဖြင့် မှားယွင်းတတ်သလို မြို့သား တောရောက်ပါက အထာမကျဘဲ လွဲချော်တတ်ရကြောင်း လက်တွေ့ခံနိုးစာ ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သတိကြီးစွာထား၍ ကောက်လှည့်သည်။ သို့သော် ဒီတစ်ခါလည်း အပြစ်မှ မလွတ်သေးဘဲ ပြောစရာတွေသာ ဖြစ်ကုန်ပြန်သည်။

"ဟာ … ဟောကောင် … နောက်ပြန်ကြီး၊ မင်းဟာက အရှေ့ကိုလှည့်ရမှာကွ ဖွတ်ကျားလေးရ … "

ကြားရတာ အားရှိစရာကြီးပဲ။ ကျားတော့ကျား … ဒါပေမဲ့ ဖွတ်ကျားတဲ့လေ။ ဘာပဲဖြစ်ဖြစ် အူကြောင်ကြားတော့ မဖြစ်သေးပေ။ အူကြောင်ကြားစော်ကတော့ ကြိုတင်နံ့ဖို့ အနံ့ရနေပြီ။

အလဲလဲအကွဲကွဲ အကျိုးနည်း အရှက်တကွဲတွေပင် ဆက်နေသည်။ ကျွန်တော့်အဖြစ်က ဂေါက်တံကို ညာရစ်အရှေ့ သို့မလှည့်ဘဲ ဘယ်ရစ်အနောက်ပြန် လှည့်မိနေ၏။

အစ်ကိုလေးက အသာစီးရထားသော မခံချိမခံသာ မြင်ပြင်းကပ်ဖွယ်ရာ မဆုံမပြဲ လျောင်ပြုံးကြီးဖြင့် အနားရောက်လာသည်။

"မင်းမစွံပါဘူးကွာ … ညီလေး မင်းပဲ လှည့်လိုက်ပါကွာ"

အစ်ကိုလေးက အတွတ်ကို အလှည့်ပေးပြီး ကျွန်တော့်ကို အသာနောက်ဆုတ်နေခိုင်းလေ၏။ အတွတ်လဲ ရှေ့မှာ ကျွန်တော် လွဲချော်မှားယွင်းခဲ့သမျှ သင်ခန်းစာယူကာ ဆင်ခြင်သတိထား၍ ဂေါက်တံကိုလှည့်ပါသည်။ သို့သော် အတွတ်မျက်နှာက မချိမဆန့် အံကြိတ်နေပင်ငြားလည်း အင်ဂျင် တစ်ပတ်လည်ဖို့ရာကို မနည်းအားစိုက်၍ လှည့်နေရလေသည်။

"အံမယ် … အံမယ် … အင်ဂျင်လှည့်ပါခဆိုသဟာ ဖင်လိန်လက်မွှေ့စလိုမိုးရှင်း လေဖြတ်နေသေး၊ ငါ့လူ ဖယ်တော့ … မင်းတို့ မြို့သားတွေ ဆက်ကြောမတင်းပါဘူးကွာ … "

ကျွန်တော်တို့နှစ်ယောက်သား မျက်နှာများ ရှုံ့မဲ့ကာ အီစိမ့်သွားရဆာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့မှာ ပျို့တိုင်းအိမ်တိုင်း မျက်နှာပွင့်၍ အားကိုးချင်သော ဂိုက်ဆိုဒ် အမြည် စတိုင်မလိုင်ထွားသည့် ကျွန်တော်တို့နှစ်ယောက် အစ်ကိုလေးနှင့်တွေ့ ပါမှ အဖြစ်မရှိတော့ပေ။

အတွတ် မချိမဆန့် အားကုန်သုံး၍ လှည့်ပါမှ အင်ဂျင်မှာ မီးခိုးလိုက် မှုလိုက်ပြီး ဖွတ်ချပ် ဖွတ်ချပ် အဆင့်ဖြင့် ဖွတ်ဖရွှမြည်ကာ ငြိမ်ကျသွားသည်။

ချွေးများ ပြိုက်ပြိုက်ကျကာ ဒဏ်မခံနိုင်တော့သည့်အတွတ် နောက်လှည့် ၍ ထိုးအန်သဖြင့် မနည်းလွတ်အောင် ရှောင်ရသေးသည်။ စားထားသမျှ ပြန်အံ ထွက်အောင် ပညာပြရက်ပါပေ့ ကိုကိုတောသားရယ်ဟုပင် ညည်းရမလောက် ဖြစ်နေပေပြီ။

အစ်ကိုလေး နှိုးတော့လည်း အပုတ်သားပင်။ အားရှိပါးရှိ မရပ်မနား မွှေ့ကာလှည့်လိုက်ရာ ဖုန်းဒိုင်း ဖုန်းဒိုင်းဖြင့် စက်နှိုးသွားလေတော့သည်။

သူ့အရပ်နှင့်သူ၊ သူ့ကျွမ်းကျင်ရာ လိမ္မာရာ သူ့အထာနှင့်သူကတော့ အံကိုက် ကွက်တိပင်။ ထမင်းစားရေသောက် အသာကလေး ဖြစ်နေသည်။

"ကဲ နေမြင့်လှပြီ၊ ဆရာတော် ဆွမ်းဘုန်းချိန်နဲ့ တိုက်နေမယ် ... သွားစို့ ... "

အစ်ကိုလေးက ပြောပြောဆိုဆိုဖြင့် ဂေါက်တံကို ဒရိုင်ဘာခုံအောက်ရှိ တွဲစပ်ထားသော တူးဘောက်စ်အဖုံးဖွင့်ကာ ကောက်ထည့်သည်။

ပြီးနောက် ထော်လာနောက်တွဲရှိ ဒရိုင်ဘာနောက်မှီကပ်လျှက်ကို ခုန်တက်၍ ထိုင်ရလေသည်။ ကျွန်တော်နှဲ့အတွတ်လည်း ယခင်နည်းနောက်မြီး ခြေနင်းပေါ် ခြေတစ်ဖက်စီးနင်း ၍ ကြိုးစကိုဆွဲကာ ရပ်လိုက်ကြသည်။

"ဟာ ... ဟော့ကောင်တွေ မင်းတို့မှာအပိုပါလို့လား။ လာ ... မော လာထိုင်"

"ဗျာ ... ဘာဖြစ်လို့လဲ အစ်ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ လုပ်မနေနဲ့၊ မင်းတို့ တွဲလောင်းကျရုံတင်မကဘူး ပြုတ်ပါကျသွားနိုင်တယ် ... လမ်းက လွတ်ဆိုးတာရယ်"

ဒီတော့မှ ကျွန်တော်တို့လည်း သဘောပေါက်ကာ ဇက်ပုရှ်နောက်တွဲပေါ် မိမိရရတက်ပြီး အစ်ကိုလေးနား သွားထိုင်ကြရတော့သည်။

လမ်းကကြမ်း၊ ချိုင့်ကပေါ၍ လယ်ကန်သင်းများ ပြတ်ရမှာမို့ ထော်လာ ဂျီ မဟားဒရား ခုန်ချေမည်။ ဤသည်ကို ဓါတ်မပေါက်သော ကျွန်တော်တို့က မြို့မှာ ဟိုင်းလက်စ်တွယ် စီးသလို အတတ်ဆန်းပြီး လွယ်လွယ်ထင်မှတ်ထား ကြသည်။ ပေါ့ပေါ့လျှော့လျှော့ပင် ကောက်တွယ်ထားမိသည်။

တကယ်စီးကြည့်၍ ထော်လာဂျီ သူတို့အခေါ် တုတ်တုတ်ကြီး မောင်းပါ မှ ဒင်းကြမ်း ဘီလူးစီးသလား အောက်မေ့ရသည်။

မြို့ကား ဖိုက်ကြတာက လေယာဉ်မောင်းသလောက် မြန်နိုင်ပါသေး သည်။ ကမူးရှူးထိုး ထော်လာဂျီအင်ဂျင်ကို နွားအမှတ်ဖြင့် စက်ပစ္စည်းညှာတာ ချော့မော့ရကောင်းမှန်း နလုံးတစ်ကန်းမသိ နင်းကြမ်းမောင်းလိုက်သမှ ဒုံးပျံ လွှတ်သလား အောက်မေ့ရလေသည်။

"နောက်မှသာ တွယ်မိလို့ကတော့ အစ်ကိုလေးရာ သေချာတယ် ရှိစုမဲ့စု အမေပေးတဲ့ အမွေလေး ပြုတ်ကျမှာ"

"ဟုတ်လိုက်လေ ငါ့လူတို့ရာ၊ လူညွန့်တုံးကြီး လူစဉ်မမှီဖြစ်ကာမှ မင်းတို့အစား ငါက အငှားလိုက်နေရမှာစိုးလို့ အားနာလို့ပါကွာ ဟား ... "

ကံသီပေလို့သာပဲ။ နောက်တက်မှာ လိုင်းကားတွယ်စီးသလို စီးဖို့မဆို ထားလေနှင့်။ ယခု အရှေ့သိပ်မခုန်သော ဒရိုင်ဘာနောက်ကျောတွင် ကပ်ထိုင် သည်ကပင် နလုံးအူတွေ ပြုတ်ထွက်ကုန်မလား မှတ်ရသည်။ ရင်တွေကျောတွေ အကုန်အောင့်တက်လာသည်။

ဖေဖေကတော့ ကျွန်တော့်ကို လက်စင်ကောင်းကောင်းပေးခိုက်ပြီဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ချိုမိစေခြင်းသာသည်။

အိမ်မှာနေတုန်းက ဒီလောက်ပင်ပန်းတဲ့ဒဏ်ကို မခံခဲ့ရ။ အိမ်က မီးဘ နှစ်ပါးကို ကျွန်တော် ဒီလောက် မကြောက်ရပါ။ သို့သော် ယခုအခါ ဖေဖေ့ထက် ကြောက်ရမည့်သူများကြားထဲသို့ ကျွန်တော် ယက်ကန် ယက်ကန်ဖြင့် ရောက်နေရလေပြီ။

အစ်ကိုလေးတို့ မိသားစုမှာ အရှိအသေတန်အောင် ကြောက်ရသလို အလိုလိုက် အချစ်ပိုရာမှာလည်း လွန်ကဲမှုတော့ရှိသည်။

လမ်းမှာစကားစပ်မိရင်း ဒရိုင်ဘာကို ဖိုးတုတ်အကြောင်း မေးစမ်းမိသည်။ မေးဆို အင်္ဂလိပ်သွားမယ့် အာကာသယာဉ်မှူးလုပ်ဖို့ ကောင်းလောက်အောင် ဘောဘီနောက်လှည့်မကြည့် ရှေ့တည့်တည့် ဖွတ်တရွတ်မောင်းနေသော ကြောင့်ပင်။

"ကိုကြီး ဖိုးတုတ်က သိပ်ကျွမ်းတာပဲနော်"

"ကျွမ်းတာမှ အဲ ... တဂျွမ်းဂျွမ်း ဂွမ်းပြည်အောင် ဝေါင်ကျွမ်းတာ"

လမ်းချိုင့်ဆောင့်၍ စကားကောင်းကောင်း ပြောမရပေ။ စကားပြောရင်းနဲ့ကို အစ်ကိုလေး လေဖြတ်နေသလားထင်ရအောင် ပြတ်တောင်းပြတ်တောင်းဖြစ်နေသည်။

"နေဦးကွာ ... ကျောင်းရောက်မှ သူ့အကြောင်းပြောပြမယ်"

ကျွန်တော်နှင့်အတွတ်လည်း မြို့ပြမှာ မြင်ရဖို့မဖြစ်နိုင်သော ရှခင်းများကိုသာ မျက်စိတစ်ဆုံး လိုက်လံငေးမောမိကြတော့သည်။

❋....❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ကုက္ကိုပင်ကြီးအောက်တွင် ချထားသော တန်းလျားခုံမှာ ဝင်ထိုင်မိကြသည်။

ကျွန်တော်တို့ အေးအေးလူလူ ထိုင်နေရာသို့ အစ်ကိုအောင်ဘိုနှင့် ကိုမိုးတုတ်တို့ ဘုန်းကြီးစွန့်လိုက်သော ငှက်ပျောဖီးများ ကိုင်လျှက် ဝင်းပမြူးပြီးသော မျက်နှာပိုး မသေသည့် မျက်နှာများဖြင့် မြင်ပြင်းကပ်ဖွယ်ရာ ရောက်လာကြသည်။

ကျွန်တော်တို့ အနားမှာပင် ကပ်ထိုင်၍ ငှက်ပျောသီးတစ်ဖီးပေးသည်။

[illegible]က်စာ ဗိုက်ထဲတွင် မရှိတော့လောက်အောင် အန်ထားသော အတွတ် အတွက် အကွက်ကောင်းဆိုက်သွားသည်။ တစ်လမ်းလုံး ရှိုက်ခေါင့်၍ ဗိုက်ချောင် အစာ ကြေလွယ်နေပြီဖြစ်သော ကျွန်တော့်အတွက်လည်း အဆင်သင့်သွားသည်။

"ခွေးကန်း မစင်အိုးတိုး ကြက်ကန်းဆန်အိုးတိုးတာပဲ ဗိုးစံရေ ကြိတ် ထိုက်ကွ"

အတွတ်က ကျေးလက်စရိုက်အတိုင်း အားပါးတရ လေသံဖြင့် ကျွန်တော် မခံချင်အောင် နောက်ပြောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ကန်းဆန်အိုး တိုးရင်ကောင်းပါရဲ့၊ ဆန်အိုးမတိုးရင်တော့ ဘယ်သူ့ဆီက ဆန်တောင်းရမလဲမသိ ဖြစ်နေမယ် ဖိုးစံ ... "

အစ်ကိုလေးစကားကြောင့် ဝါးလက်စ အလောသုံးဆယ်မျိုးချမိကာ ငှက်ပျောသီး လည်ဝမှာတစ်၍ နင်သွားလေတော့သည်။

ကြက်ကန်းအနေဖြင့် ဘယ်သခင်ဆီက ဆန်တောင်းလို့တောင်းရမှန်း မသိ။ သခင်တွေကတော့ အမွေးနုတ်သွားခဲ့လေပြီ၊ သူပြောမှ ကျွန်တော့်အဖြစ်က ဥစား ကြက်လဲမဟုတ်၊ သေးမပေါက်တဲ့ ကြက်လဲမဟုတ်သော တစ်ကြက်ကြက်တော့ ကြက်လေသည့် အဖြစ်သို့ ရောက်သွားပြီ။ လက်ပံပျားက ကြက်မဟုတ်တာတော့ တစ်ပန်းသာချေမည်။ ကြော်ပြီး ခေါင်း၊ ခြေထောက်တခြား အတောင်သပ်သပ်၊ ရင်အုပ်သီးသန့် အရောင်းခံရမည့်အဖြစ်မှ သိသိကလေး လွတ်သွားတော့သည်။

ကားပေါ်မှာ စကားစပြတ်သွားသဖြင့် စိတ်ဝင်စားဖို့ကောင်းသော ကိုဖိုးတုတ်အကြောင်းကို သိချင်စိတ်ကပြင်းပြနေသည်။ ဟန်ပင်မဆောင်နိုင်ဘဲ အတွတ်က အစဖော်သတိပေး မေးမြန်းလေသည်။

"ဒါနဲ့ ကိုဖိုးတုတ် ဘာလို့ထော်လာကိုမောင်းပြီး တဖွဲမ်းဖွဲမ်းဖြည့်အောင် ကျွမ်းရသလဲဆိုတာ ရှင်းမပြီး အစ်ကိုလေးရ"

"ဟေ ... "

ကိုဖိုးတုတ်ကြီး မျက်လုံးအပြူးသားဖြင့် ခံပင်များထောင်ထသွားအေး

အစ်ကိုလေးအောင်ဘိုက မဖိုးမခန့် ပြုံးတော့သည်။

သူများအကြောင်း ကပ်တီး ကပ်ဖဲ့ နှိမ်ချိုးပြောရမည်ဆိုလျှင် တက်ကြွရွှင်ပျနေသော အစ်ကိုလေးတို့ သဘောကျ အကွက်ကောင်းဆိုက်ပြီဖြစ်သည်။

"ဘယ်လိုလဲ ဖိုးတုတ် ... ငါပြောလိုက်ရမလား"

"နေ ... နေ ... ရတယ် အောင်ဘို ... မင်းပြောရင် အပိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီး ဇာတ်နာလိမ့်မယ်၊ ပလီတာတွေနဲ့ ယယ်ကျူးယယ်နာ ပိုပေါ်ကုန်မယ်၊ ငါ့ဟာ ငါ ဖော့ပြီးပြောမယ်"

ကိုရင်ဖိုးတုတ်က အစ်ကိုလေးကို ဝင်အပြောမခံဘဲ ကြို့တင်ကာကွယ် ဆီးပိတ်ပြီး သူ့အဖြစ်သူ့ဇာတ်ကြောင်းကို ရှင်းပြသည်။

"အရင်တုန်းက ဟောဒီအောက်တန်းကိုင်း တောချောင်မှာ သောင်းရွာ တွေက အလှူတွေတောင် လာငှားရတဲ့ ကွမ်းတောင်ကိုင်မလေး အိပိုဆိုတာရှိ တယ်ကွ"

တောရွက ဩဘာချရမယ့် သောကဗျာဒါဒနဲ့ ကောလဟာလဇာတ် လမ်း မှတ်တမ်းကလေးကတော့ စချေပြီ။

ကိုရင်ဖိုးတုတ် လွမ်းလွမ်းဆွေးဆွေးကာ ဖြည်းဖြည်းလေးလေးကြီး ပြော သော်ငြား ရုပ်ရှင်ထဲက အလွမ်းမင်းသားလို အလွမ်းခါတ်ခံမပြည့် လွမ်းပုံမပေါက်။ သူငေးနေတာက ရေလောင်းအိမ်သာများဘက်မှာ သန့်ရှင်းရေးလုပ်နေသော ကိုရင်ကျောင်းသားတစ်စုဆီသို့ ဖြစ်နေသောကြောင့်ပင်။

သူ့အလွမ်းအညစ်အကြေးတွေဟာ ကျောင်းသားတွေ ဘယ်လောက်ပဲ ရေဖုံးဘောလအော လောင်းချပါစေ ပြောင်မသွားသကဲ့သို့ပင် ကပ်ငြိတွယ်နေ သေးတော့သည်။

"အဲဒီ အိပိုနဲ့ ဒီရွာမှာ သာလောင်ဆိုတဲ့ ခွေးဝဲစားလဲ ရှိသေးတယ်"

ကိုရင်ဖိုးတုတ် ပြိုင်ဘက်ရဲ့ အခန်းကဏ္ဍသို့ ရောက်လာသဖြင့် မေး ကြောကြီးများ ထောင်လာကာ လေသံမာသွားသည်။ အလွမ်းတွေက ရင့်ထော် ကျစ်လစ်ပြီး ခဲနေပြီ။

"ဖြစ်ချင်တော့ အဲဒီခွေးဝဲစား သာလောင်က ငါ့လိုသောင်ပြင်မှာ လွတ်တဲ့ရွှေဟင်္သာလေးနဲ့ တုပပြီး အိပိုရဲ့ နှလုံးသားဝဟင်မှာ ဝဲပျံချင်နေတော့ တာပဲ ငါ့လူတို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်ရှော … သွားပြီ"

ရက်ရက်စက်စက်ကို နာကြည်းပစ်တော့တာပဲ။ ကျွန်တော့်ရင်လည်း ဂလက်ဆိ နှုတ်ဘူးဖုန်း ကံစမ်းမဲပေါက်မှ၊ အတွတ်လည်း နာရေးကူညီမှုအသင်းနဲ့ နောက်ဆုံးခရီးသွားပါမှထက် အကြောင်းဆိုးနေပြီ။ ကိုရင်ဖိုးတုတ်ကြီးကတော့ အလာသား။ သူ့ကိုယ်သူတော့ ရွှေဟသာလေးဟု နှိမ့်ချပြီး ဟိုတာက်ခမျာမှာတော့ ခွေးဝဲစားဘဝ ဖွတ်တရွတ် မြှင့်တင်ပေးထားလေသည်။

"ပြောရရင် သူက နောက်မှပေါက်တဲ့ ဖူးပင်စင်ပေါ် အညွန့်အရင် တက်ချင်တာကိုးကွ"

"ရှိးရှိးပဲပြောပါကွာ ဖိုးတုတ်ရာ … မင်းရဲ့အီးပုံလေးနဲ့ မင်းဘာဆက်ဖြစ်လဲ"

"ဟကောင်ရ တော့်အောင်ဘို … မြို့သားဆိုတာ စကားအလှကြွယ်ရတယ်ကွ၊ ဘာတဲ့ သူတို့ပြောတဲ့ တောင်ကင်မြောက်ကင်ဆိုလား"

"သြော် … တော်ကီပါ ကိုကြီးဖိုးတုတ်ရဲ့"

"အဲ … အေး … အဲဒီတောင်ကင် ငါလဲ ဗွီဒီယိုထဲမှာကြည့်ဖူးလို့ သိထားတာလေး လိုက်ပေါ ဟီးဟီး … ပြောကြည့်တာ"

ကိုဖိုးတုတ် တောင်ကင်မြောက်ကင် ကင်နေချိန်မှာ ကျောင်းသားလေးများ ဘုန်းကြီးမသိအောင် ခိုးပစ်ထားသည့် ဖရက်များကို မီးဖို၍ ကင်နေကြလေသည်။ ဒါမှ တောင်ပံကင်အစစ်။

"ငါ ငယ်ငယ်က အိပိုနဲ့ လင်မယားလုပ်တန်း ကစားဖူးတယ်"

"ဟာ … တကယ်လား ကိုကြီး၊ အနော်တောင် ကစားချင်လာပြီ အဟီး … "

"ကစားချင်လဲ အိပိုနဲ့တူတာလေးတွေ အိမ်သာထဲမှာရှိတယ်၊ နေတာပဲ သွားကရှားပါလား … "



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုအောင်ဘို အငေါ်တူးမှ အတွတ်လဲ အာချောင်မိသော သူ့နှုတ်သီးကို လက်ဝါးဖြင့်ပိတ်ကာ ငြိမ်ကုပ်သွားတော့သည်။

"ငါ ငယ်ငယ်တုန်းက ဘိုဘိုဟန်ပဲ ..."

လုပ်လာပြန်ပြီ။ ကိုရင်ဖိုးတုတ်တို့ကတော့ အသေအကြေ အလွမ်းကို အခါအခွင့်သင့်တုန်း အီစိမ့်အောင် ဖွဲ့နွဲ့ပြနေသည်။ ကျောင်းနေ ဘေးနားလှည်းတစ်စီးမှ ဖြတ်သန်းမသွားဘဲ အညာနွားလှည်းကြီး အီသံက ကြားယောင်နေရသည်။

"ဘာလဲ အစ်ကိုကြီးက မအိပိုကို ရေခဲသေတ္တာထဲထားပြီး စားတာလား"

"ထပ်သရီး ဘယ်ကလာ ထို့ ထွမ် ဘိုဘိုဟန်ပဲဆိုတာ မြန်မာပြည်ကကောင်းဘွိုင်ကို ပြောတာကွ"

"ဟုတ်တယ် ဖိုးစံ ... သူငယ်ငယ်က နွားစီးတာ ချန်ပီယံ၊ အခုသည်း သူ့ကို တစ်ယောက်မှ ယှဉ်နိုင်တဲ့သူမပေါ်သေးပါဘူး"

အစ်ကိုလေး အောင်ဘိုကလည်း ဒီအချက်ကိုတော့ အားတက်သရောထင်ရောက်ထောက်ခံပြီး ပြောသည်။ ယုံတောင်မှုသင့်လှပေ၏။

"အကြွင်းမဲ့ ယုံတယ်၊ ကိုဖိုးတုတ်ကြီးကို တုတ်တုတ်မောင်းတဲ့ နွန်းနဲ့စတိုင်လ်နဲ့တင် လုံလောက်အောင် ယုံလည်းယုံ ကြောက်လဲကြောက် လက်ဖျားခါ ယုံကြောက်ပါပေရဲ့ဗျာ"

"အဲဒါ မအိပိုနဲ့ လင်မယားလုပ်တမ်းကစားတော့ ဘယ်လိုကစားလဲ ပြောပြပါဆို ... ရပူး ရပူး ... ခု ပြောပြ"

အရေးထဲမှာ ချွဲချွဲနွဲ့နွဲ့ကြီး ဟန်လုပ်၍ လက်သီးဆုပ်ဖွဖွထုကာ အမူအရာဖြင့် အတွတ်က အကဲပို သီချင်စမ်းပါဘိ ဖြစ်နေသည်။

"မင်းကလဲ လင်မယားလုပ်တမ်း ကစားပါတယ်ဆိုမှ အစ်ကိုဖိုးတုတ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ နားချက်ဆွဲပြီး တွန်းလှဲနပန်းလုံးမှာပေါ့ ဟုတ်တယ်မို့လား ... ”

ကျွန်တော်က အားတက်သရော ထင်မြင်ချက်ကို ထောက်ခံစကား ပြန်၍ ပြောလေတော့ ကိုရင်ဖိုးတုတ် မျက်လုံးအပြူးသား နဝေတိမ်တောင် အကြည့် ဖြင့် ကြည့်လေသည်။

“အဲဒါဆိုရင် မင်းတို့အတော် အ,သေးတာပဲ”

“ဟောဗျာ”

ပွဲကတော့ ကြမ်းနေပြီ။ ကျွန်တော် ထင်မြင်ယူဆမှုကပင် အတော်ရိုးအ နေ၍ အမှတ်မမှီသော ကစားနည်းဖြစ်နေသေးသည်။

“နေပါဦး ... ပါးတွေ နားတွေပါရိုက်ပြီး ကစားလို့လား”

“မဟုတ်ဘူးကွ ... အဲဒါတွေ ကစားနည်းမှာပါလို့လား”

ရှင်းလေ ရှုပ်လေတော့ ဖြစ်ကုန်ပါပြီ။ သူ့ကစားနည်းက စည်းကမ်း ချက် ဘယ်လိုပါလိမ့်။ အချိုးသပ်တဲ့ ကစားနည်းပင်လော။

“ငါက သူ့ကိုမရိုက်ရဘူး။ သူကပဲ ငါ့ကို တံမြက်စည်းရိုးနဲ့ တခြောင်း ခြောင်းချတာကွ”

“အေးလေ ... ဟုတ်သားပဲ၊ ငါလဲ ဒီလိုပဲ မင်းတို့မြို့မှာက ဘာလဲ တွန်းလှဲပြီး နပန်းလုံးမှ ကစားနည်းဖြစ်တာလား”

အစ်ကိုလေးအောင်ဘိုကပါ သူတို့ဇာတ်သန့်ရှင်းသောကစားနည်း ယဉ်ကျေး သော ထုံးစံကို ရှင်းပြနေသည်။

“အဲဒီမှာ အိုပိုက ဈေးဖိုးရှာခဲ့၊ ဆန်ဖိုးမရှိဘူး၊ ကလေးကျောင်းစရိတ်၊ ပဲဖိုး၊ နှမ်းဖိုးဆိုပြီး ခေါ်တာခံရတာပဲ ငါ့ညီတို့ရေ ... ”

ကျွန်တော်နှင့်အတွတ် အားမလိုအားမရ မျက်ဝန်းများဖြင့် မျက်နှာနှင့် ဆိုင်အကြည့်ချင်းဆုံပြီး မချိမဆန့် ပြုံးတူ ညည်းတွားမိကြတော့သည်။

“ဟင် ... တစ်မျိုးကြီးပါလား”



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ စောင်ခွဲအုပ်ရန် မပျက်ကွက်သော မင်းသားနဲ့မင်းသမီးတို့ ပျက်ကွက်နိုး မေ့လျော့နိုးဖြင့် အထပ်ထပ်ကြည့်မိသော လူတွေလို ကျွန်တော်တို့ မသက်မသာ ညည်းညူမိကြသည်။ ကျွန်တော်တို့ ရည်ရွယ်ရာလိုရင်းကို အစ်ကိုလေးနှင့် ကိုဖိုးတုတ်က သိသည်။

"မင်းတို့ဟာက ကလေးချင်းတောင် မသန့်ရှင်းဘူး"

"ဟုတ်ပကွာ ... မရိုးသားဘူး။ မဖြူစင်ဘူး ... "

ကျွန်တော်တို့နှစ်ယောက်မှာကား မသိနားမလည်ခင်ကတည်းက ဆောက်မည့်မီးခဲ တစ်ရဲရဲ နှာဘူးလောင်း ပေါက်စလေးများအဖြစ် လက်ညှိုးခေါက်ငေါက်ထိုးခြင်းကိုသာ ခံရတော့သည်။

မြို့မှာဆို ဒီအကြောင်းက ဂုဏ်ယူပြီး ပြောစရာ။

ပိုလို့ပင် သာသာထိုးထိုး မဟုတ်ကဟုတ်က ကြွားဝါမိမည်ဖြစ်၏။ ယခုတော့ ရိုးရှင်းသည့် တောဓလေ့စံနှုန်းဖြင့်မှု ကျွန်တော်တို့အကျင့်စရိုက်များက ညစ်ထေးနိမ့်ကျလှသဖြင့် မျက်နှာငယ် ဂုဏ်သိမ်ကြရပေတော့သည်။

ကိုယ့်ပါးကိုယ်ရိုက်ပြီး အာချောင်မိသော ကိုယ့်ပါးစပ်ကိုယ် ဂုံနီအိတ်ချုပ်အပ်ဖြင့် ချုပ်ကာ ပိတ်ပစ်ချင်မိတော့သည်။

❋ ... ❋



www.burmeseclassic.com

www.burmeseclassic.com

## ခန်း (၅)

စကားကပြောရင်းနှင့် လိုရင်းမရောက်ဘဲ ချော်တောငေါ့သွားသဖြင့် တင်းပြန်ဆွဲထည့်ပေးရသည်။

“အဲဒါနဲ့ အခုလို တုတ်တုတ်ကြီးမောင်းတဲ့ စကျွမ်းချန်ပီယံ ဘယ်လို လာရပြန်တာလဲဗျ ... လုပ်စမ်းပါဦး ... ”

“အေး ... အဲဒီမှာ နွားကျောင်းရင်း အလောင်းအစားလုပ်တိုင်း တချည်း နိုင်တယ်ကွာ၊ နွားစီးပြိုင်တယ်လေ ... အဲ ... အဲဒါပြောတာ သိုဟန်ဆိုတာ”

“ဟင်း ... သေနတ်ပြောင်းဝကို ကိုယ့်ဘက်ပြန်လှည့်ပြီး ပစ်မယ့် ကြီးကမျှား”

နို့မဟုတ်ရင် ကျွန်တော်တို့ချည်း နိုပ်ကွပ်ခံနေကြရတာ ရစရာရှိတော့ ည်မဟုတ်သဖြင့် ရသမျှအကွက်ကလေး ပြန်လှန်ခွပ်သည်ကို မှဒ်ဝင်နေပြီဖြစ် ည့် မြန်မာပြည်က ကောင်းဘွိုင်ကြီးကိုဖိုးတုတ်က မကြား။

“အဲသဟာ လောင်းကြေးကတော့ ငါ့ညီတို့ရေ ကာလသားကြိုက် အိပို ပဲပေါ့၊ အဲဒီလို ကစားရင်း အိပိုလဲ အပျိုဖော်ဝင်ကွမ်းတောင်ကိုင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

စကားကပြောရင်းနှင့် လိုရင်းမရောက်ဘဲ ချော်တောငေါ့သွားသဖြင့် အတင်းပြန်ဆွဲထည့်ပေးရသည်။

"အဲဒါနဲ့ အခုလို တုတ်တုတ်ကြီးမောင်းတဲ့ စကျွမ်းချန်ပီယံ ဘယ်လို ဖြစ်လာရပြန်တာလဲဗျ ... လုပ်စမ်းပါဦး ... "

"အေး ... အဲဒီမှာ နွားကျောင်းရင်း အလောင်းအစားလုပ်တိုင်း ဦးတာချည်း နိုင်တယ်ကွာ၊ နွားစီးပြိုင်တယ်လေ ... အဲ ... အဲဒါပြောတာ ဒီတိုဟာန်ဆိုတာ"

"ဟင်း ... သေနတ်ပြောင်းဝကို ကိုယ့်ဘက်ပြန်လှည့်ပြီး ပစ်မယ့် လူကြီးကများ"

နို့မဟုတ်ရင် ကျွန်တော်တို့ချည်း နိုပ်ကွပ်ခံနေကြရတာ ရစရာရှိတော့ မည်မဟုတ်သဖြင့် ရသမျှအကွက်ကလေး ပြန်လှန်ခွပ်သည်ကို မုဒ်ဝင်နေပြီဖြစ်သည့် မြန်မာပြည်က ကောင်းဘွိုင်ကြီးကိုဖိုးတုတ်က မကြား။

"အဲသဟာ လောင်းကြေးကတော့ ငါ့ညီတို့ရေ ကာလသားကြိုက် အဲပို အသားပဲပေါ့၊ အဲဒီလို ကစားရင်း အိပိုလဲ အပျိုဖော်ဝင်ကွမ်းတောင်ကိုင်ဖြစ်

www.burmeseclassic.com



ငါလည်း အငှာဖြစ်"

"အဲဒါပဲ အငှာမဖြစ်သေးလို့ အငှာမဖြစ်တာပေါ့ ... အငှာဖြစ်ရင် အငှာဖြစ်လို့ ဘယ်ရမလဲ"

သူတို့ အငှာချင်းကို ထပ်နေတာနဲ့ စိတ်ကူးလိုက်ယဉ်ပြီး နားကြော စိမ့်ကာ ဖီလင်တက်နေသော ကျွန်တော်တို့နှစ်ယောက် အသည်းရောင်အသားဖ လူမမာရုပ်အဖြစ် ကိုယ့်ကိုယ်ကို မြင်ယောင် ကြက်သီးထမိစေတော့သည်။ သူမ သာ ကိုယ့် အသုဘဆိုသလို သူတို့နှစ်ယောက်ကိုလဲ ထင်မိထင်ရာ ထင်မြင်မိ လေတော့သည်။

"အဝါဆိုတော့ အစ်ကိုလေးတို့က မီးနေသည်နဲ့ ဆန္ဒင်းရောင်းတဲ့ ကုလားမတွေ ဖြစ်ကုန်တာလား"

"အေးကွာ ... ဟာ မင်းပြောတာနဲ့ မြောင်ကုန်ပါပြီ၊ ငါ့စိတ်ထဲမလိ မင်းတို့ကိုကြည့်ပြီး ဘုရာဇီယာကပ္ပလီနဲ့ မဖဲဝါလို့ မြင်မိတော့တာပဲ"

လုပ်ချလိုက်မှ နလံကို မထူနိုင်အောင်ပါဘဲ၊ တောသားဘွင်းတွင်းပြော ချက်ပြင်းဓါ။ ဒွိဒိုး တံတောင်ဖြင့်တွက် ဒိုင်းခနဲ ဆော်လေသည်။

ကျွန်တော်တို့ကို အဝါရောင်ဝတ် ဘုရာဇီးကပ္ပလီဘောလုံးသမားနဲ့ နှိုင်းလို့နှိုင်း မဖဲဝါနဲ့ပုံပမာ ပြုလိုပြုဖြင့် ဖွတ်ဖွတ်ညက်ညက်ကျေအောင် ဝါထိန်ကုန် တော့သည်။

"ဖြစ်ချင်တော့ ဟိုမှနောက်ပေါက်တဲ့ ခွေးဝဲစားက စက်ဘီးတစ်စီးနဲ့ လာတိုက်တယ်လေ"

ကိုရင်ဖိုးဇော်တက ကျောင်းပေါက်မှာရပ်ထားတဲ့ စက်ဘီးကို မကြည့် ကြည့်လေး လှမ်းကြည့်လိုက်သေးသည်။ စိတ်ထဲမှာ ယားကျိကျိ ကလိကလိ ကာ ဘီးကို လေပြေး လျှော့ချင်မိနေမှာပေါ့။

"အဲ့သဟာကွာ ဒီကောင် ... နေဦး ... ဒီကောင်လို့ပြောတာ

www.burmeseclassic.com



ယဉ်ကျေးသွားပြီ၊ ဒီဝဲစားပေါ့ကွာ"

ရည်းစားလူလု အုန်းကျွဲခတ် ကွဲအက်အသည်းနာချက်ကတော့ တောက်လျှောက် မိုင်ကုန် ပြင်းထန်လေသည်။

"ဒီဝဲစားက ငါ့ကို နွားယှဉ်မစီးရဲဘူးကွ၊ စကြောက်ကြီး ... စက်ဘီးကျတော့ ငါခံရရော ငါ အဲဒီတုန်းက စက်ဘီးကို ဘယ်လိုခွလို့ ခွရမှန်းကိုမသိဘူး။ ပြီးတော့ ... သူ့ဘီးက ဟိုဒင်း ကလင် ကလင်မြည်တယ်ကွာ"

ဖြစ်မှဖြစ်ရလေ ကိုဖိုးတုတ်ရယ်ဟု၍ သြချယူရလောက်သည်။ ပြိုင်ဘက်ရဲ့ စက်ဘီးက ကလင်ကလောင်ကလက် ချည်ပေါင်ရွက် မြည်သော်ငြား သူ့နွားက ဘယ်လောက်ရိုက်ရိုက်၊ နားရွက်ဘယ်လောက်ဆွဲဆွဲ မအော်သဖြင့် အားမလို အားမရ ဖြစ်ခဲ့ရသလားမသိ။

"သူ့ဘီးကြီးက မသောက်ဘဲမူးအောင် ဝိုက်ပြီး ရစ်သီရစ်သီလုပ်လို့ ရတယ်ကွ ... ငါ့နွားကြီးက ... "

"ဟုတ်တယ် ... ဟုတ်တယ် ... အဲဒီတုန်းက အိုပိုပြောတာ ငါမှတ်မိသေးတယ်၊ ဘာတဲ့ ... ဟဲ့ မသာကောင် ဖိုးတုတ် ... နင့်နွားကြီးက ငါ့တက်နင်းမိဦးမယ်၊ နင် ဘာအရှူးထတာလဲတဲ့လေ"

နွားအားကိုးနဲ့ လူပျိုလှည့်လေတော့ ကိုဖိုးတုတ်ကြီးခမျာ ဖုတ်တိုးရတော့တာပေါ့။

"အဲသဟာကွာ ... ဂန်းနာမယာထဲဆင်းရင် စက်ဘီးနဲ့ကြိုပို့လုပ်ပါရော၊ ငါလည်း ကျယ်ကျယ်လွှင့်လွှင့် ကြိုပို့လုပ်မယ်ဆိုပြီး လှည်းကောက်ပြီး ဒင်းကြွမ်းခေါ်တာပဲ မောင်ရေ ... "

"အဲဒီတော့ သူက လှည်းယဉ်ကျော့ကို စီးရောလား"

ပြိုင်ဆိုင်မှု အရှိန်မြင့်လာသည့်အခြေအနေ အားစမ်းခြင်းကို စိတ်ဝင်တစားဖြင့် စကားထောက်၍ မေးလိုက်သည်။ စက်ဘီးသမားတော့ ယိုင်နဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကန်သင်းခုံပေါ် ကားကျပစ်လဲမှာကို မြင်ယောင်လို့ပင်။

"ထွမ်း ... ဘယ်ကလာ ... ဟိုဝဲစားနေတဲ့ခွေးက ခွက်လာနိုက်တာ မြင်းလှည်းနဲ့လေ၊ မြင်းလှည်းကောက်ထောင်ပြီး ဝိုက်ပြန်ရောဟေ့"

ကောင်းတော့မလိုလို့နှင့် ဂျောင်းနေရသောအဖြစ်ပင်။ အစက ဘီးကို စီးပြီး မောတော့မောတာပေါ့ ဒါပေမဲ့ လျှာထွက်တယ်လုပ်ကြသေးသည်။ ပြီးမှ ဘီးနံပါတ် အိုကေ သုည တစ်နှစ်နှစ်ဂလွမ်တောင် လုပ်လိုက်ကြသေးသည်။ နောက်တော့ လိုင်းပြောင်းသွားသည်။

အသဲကွဲသမား ရောဝတီမြစ်ကမ်းနံဘေးမှ အလွမ်းမင်းသားလေး မင်းအောင်လို "မုန့်ဖိုးလေးရတာ ငါးစုလို့" စက်ဘီးမဝယ်၊ ဟွန်ဒါလဲ မရပေမယ့် နွားလှည်းနဲ့ကြို့တာတောင် အမေကျော်ဒွေးတော်လွမ်းပြီး မြင်းလှည်းနဲ့လိုက်ပြန်သတဲ့။ တကယ့်အသည်းနာစရာ။ ကိုရင်ဖိုးတုတ် နာကြည်းမယ်ဆိုလဲ နာကြည်းချက် ခံပြင်စရာ ကောင်းလှသည်။

"အဲဒါနဲ့ သူ မြင်းကြီးကို ဝမ်းနှုတ်ဆေး မတိုက်ဘူးလား"

"အေးဗျာ ... မြင်းလှည်းဘီးကြီး လေသွားလျှော့ပစ် အေးတာပဲ"

"လျှော့ချိန်ဆေးတိုက်ချိန် မရပါဘူးကွာ"

"ဘာဖြစ်လို့လဲဗျ"

ကိုဖိုးတုတ်ကြီးက မျက်လုံး ပေကလပ် ပေကလပ် ဝမ်းနည်းသံကြီးစွက်၍ ကိုမင်းအောင် အချွဲပို ကာရာအိုကေခန်းသို့ ရောက်နေသည့်နှယ်။ အိုက်တင်ကတော့ အပြည့်ပဲ။ ဟိုခမျာတော့ "ဈေးချိုရောက်တိုင်းလဲ xxx မြင်းလှည်းသမားတွေက xxx" "ဘုံပြတ်ခေါ် မြင်းလှည်းလေးနဲ့ xxx ယဉ်ယဉ်ကျေးကျေး ထိုင် xxx မမတို့ မော်ရွှေမြိုင် xxx" တွေ ဘာတွေဖြစ်ကုန်ပြီ။ ကိုဖိုးတုတ်ကြီးတော့ "ငွေသောင်ယံ သဲပြင်လေးထက်မှာ ဆပ်ပြာကုန်းကောက်တာ xxx အခေါ်ကြီးဂေါ်လီ xxx" တုန်း အဆင့်ပင် ရှိသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်ရမလဲကွာ၊ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးမို့လား"

"ဒါပေါ့"

"ငါလဲ ဘယ်ရမလဲ၊ မီးကုန်ယမ်းကုန်တိုက်တာပဲ သူတို့မြင်းလှည်းစိတ်ကို တိုက်ချင်လို့ တုတ်တုတ်တွေ ထောင်ပြီး ခရီးသည်၊ ကုန်စိမ်းလုတင်ပစ်တာ မြင်းလှည်းသမားတွေ အကြွေးတင် အရင်းပြုတ်ပဲ ငါ့ညီရေ ... မရှုမလှပေါ့ကွာ"

"ဟာ ... ပိုင်သဗျာ၊ အဲဒီမှာစပြီး နွားစီးသလို အစီးကြမ်းတဲ့ တုတ်တုတ်ကြီးကို အစီးကြမ်း အမောင်းကြမ်းတဲ့ ဖိုးတုတ်ရယ်လို့ ဖြစ်သွားပါလေရောလားကွာ ... ဟား ဟား ... "

ကိုဖိုးတုတ်က မျက်လုံးနှစ်ဖက်ပိတ်သည်အထိ အားရပါးရ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်သောအခါ ဝေ့ဝဲနေသော မျက်ဝန်းမှ မျက်ရည်ကြည်တို့ မျက်ခွံကြားမှပင် တိုးထွက်တွဲခိုစီးကျလေတော့သည်။

"ဒါဆို ဟိုအစ်ကိုကြီးပြောတဲ့ ဝဲစားအရင်းပြုတ်သွားတော့ ဟိုအစ်မက အစ်ကို့ဆီ ပြန်ကပ်ရောလား"

"ငါ စီးပွားပြိုင်တိုက်လို့ လွင့်သွားတဲ့ ဝဲစားက မန္တလေးက သုံးဘီးအုံနာနဲ့ညားပြီး ဒရိုင်ဘာဖြစ်နေလေရဲ့၊ အုံနာနေတဲ့ မုဆိုးမကလေးအမေဖြစ်မှာပေါ့ကွာ"

မခံမရပ်နိုင် ချေဖျက်ကာ သာသာထိုးထိုး ထိခိုက်စေအောင်ပြောတော့သည်။ ဟိုခမျာ သုံးဘီးဒရိုင်ဘာဘဝဖြင့် မြို့ကြီးသားဖြစ်ကာ ကောင်းစားသွားတာကိုတော့ မသိလိုက်ဘာသာ ထိန်ချန်ထားသည်။

"အဲ ... ဟိုဟာမ ကွမ်းတောင်ကိုင် ဖြစ်ဖြစ်မြည် အိပုံကတော့ ဒီလို တုတ်တုတ်ဘက်လည်း လှည့်မလာ၊ ဟိုအကောင့်ကိုလဲ ပစ်ပြီး လားရှိုးက ဆိုင်ကယ် ကယ်ရီရှမ်းတရုတ်နဲ့ ညားသွားလေရဲ့ ငါ့ညီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... "

အထိတ်တလန့် အတွတ် ရေရွတ်သည်။ ကျွန်တော့်မှာ ပါးစပ်အဟောင်းသားဖြင့် အံ့ဩငေးကြောင်ရတော့သည်။ အထွတ်အထိပ် ပြိုင်ဆိုင်မှု အခေါင်အဖျားထိရောက်လာပြီးကာမှ ဖျံနှစ်ကောင်နှင့် မြွေခွေးပုံပြင် ဖြစ်သွားရသည်။ ကိုဖိုးတုတ်ကြီးကတော့ ငါးကြင်းဝမ်းပျင်းသားကို ဝတ်သွားရရှာသည့် ဖျံကြီးပေါ့။

"လွှမ်းစရာထက် နှမြောစရာပိုကောင်းပါတယ် ကိုကြီးရာ"

"နှမြောလွှမ်းကြီးပေါ့ကွာ ... ခုတောင် ပြောရင်း လွှမ်းချင်လာတယ်၊ အဟုတ် ... "

ဤသည့်ကြောင့်လည်း ကိုရင်ဖိုးတုတ်ခမျှာ ဘာမြင်မြင် လွှမ်းဓါတ်သက်ဝင်ကာ လွှမ်းငွေ့ဝေနေခြင်း ဖြစ်ပေမည်။

အောင်တန်းကိုင်း ကျေးရွာတိုက် နယ်အုပ်စုမှာ ပြိုင်စံရှား တုတ်တုတ်ချန်ပီယံဖြစ်အောင် ထောင်းလမောင်း တရကြမ်း သေမထူး နေမထူး မောင်းခဲ့သည်။ ထိုချန်ပီယံဘွဲ့ကို နှလုံးသားနှင့်ရင်း၍ လဲလှယ်ရယူခဲ့ရသည်။

ထို့ကြောင့် ကိုရင်ကျောင်းသားများ အိမ်သာသန့်ရှင်းရေး ရေလောင်းချတာကအစ သူ့အတွက် လွှမ်းစရာကြီးကို ဖြစ်နေတော့တာပေါ့။

"ဘာမှ အားမငယ်နဲ့ မောင်တုတ် မင်းလားရှိုးသွားပြီး အိုပိုမွှေးတဲ့သမီးကို တုတ်တုတ်ကြီးနဲ့ ဝိုက်ပြီး ရစ်လို့ရသေးတယ် ငါ့ကောင် ... "

တကယ်ခံစားနေရတဲ့ လူကို အစ်ကိုလေးအောင်ဘိုက ရွှတ်နောက်နောက်ဖြင့် အကြံခွန်အားပေးသည်။ ကိုဖိုးတုတ်ကြီးက ချက်ချင်းထိုင်ရာမှထ၍ အားပါးတရ လက်သီးဆုပ်တော့သည်။

သူ့လက်သီးဆုပ်ဟန်က ယခုချက်ချင်းပင် အယ်ထီးကော်နှင့် ရင်ဆိုင်တွေ့ပါက ထိုးရန်ဟန်ပြင်ပြီးနောက် ကြိုးဝိုင်းအတွင်း ပတ်ပြေး၍ အချိန်စေ့ခင်ဆင်းပြေးမည့်ဟန်ပန်မျိုး ပေါက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ မဆိုးဘူး ... အဲဒါမိုက်တယ် အောင်ဘို မင်းဘာကြောင့် အစွမ်းအစမရှိဘဲ အကြံဉာဏ်ရှိပြီး လက်ဆုပ်လက်ကိုင်မရှိရတာလဲကွ ... ခွေးပုကွရ"

ဒီတစ်ခါတော့ အဖြစ်မရှိလှဘဲ အာဖြီးကာ လေပန်းရှင်တတ်သည့် အစ်ကိုလေးတို့ အချိုကြီးကို ထိပါတော့သည်။ ခွေးဝဲစားမဟုတ်ဘဲ ခွေးပုကွ ဟု သုံးနှုန်းလိုက်ရတာကိုက ကိုရင်ဖိုးတုတ် အတော်ရွှေ့တာပြီး ယဥ်ကျေးသမှု ပြုထားခြင်း ဖြစ်သည်။

ဂေါ်မစ္စံချင်း တူသော်ငြားလည်း ရည်းစားသနာအဖြစ် လက်ညှိုးထိုးပြ ရော ကိုရင်ဖိုးတုတ်လောက်တောင် သွားလေသူတစ်ယောက်လောက်ဖြင့်ပင် ရှိရှာဘဲကိုး။

"မိုက်တယ်ကွ ... ဟွန်းတီးလိုက်တာနဲ့ ပွမ်ပွမ်တီတီမြည်မယ်၊ ငါ့ သွားကြီးလို မအော်မှာလည်း မပူရဘူး"

သူတွက်ကိန်းနဲ့သူ အစ်ကိုလေး အရှုံးဘုံမြှောက်ပေးလေမှတော့ ပီတိ အဖြာကြီးဖြာကာ အလွမ်းကို ကုစားနိုင်သွားသည်။ ကိုရွှေကျေးလက်တို့ လက် သွက်ခြေသွက် အတွေးအခေါ် ထက်မြက်သွက်လက်ပုံတွေက ရှေးဗမာပီသလှ သည်။ လက်ဖျားခါလောက်သည်။

အတွတ်နဲ့ကျွန်တော် အသက်အရွယ်အရ၊ စိတ်ဓာတ်ပိုင်းအရ ဆလံ သကာ အရှိအသေ ပြုမိကြတော့သည်။

တစ်ခုပဲ ရှိသည်။

အိပ်ပိုပေါက်စလေးကို ပြန်ဖိလင်တက်၍ ဖြစ်ပေါ်လာမည့် အလွမ်းရာသီ မှာ ကိုဖိုးတုတ်ကြီးတစ်ယောက် လူအိုတောင်ဇရပ်ဖေးထောက်၊ သချိုင်းကို မျက် စောင်းထိုးချိန် ရောက်နေပေတော့မည်။

❋ .... ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကြို့ရချက်ကတော့ ထူးပေဆန်းပေသည်၊ အရှုံးတွေ ဖမ်းနေပြီဟု ပြောရမလိုပင်။ ယခု ကျွန်တော်တို့ သွားလည်သော ကိုချစ်မောင်သည် ကျွန်တော့်ထက် ငယ်သော်လည်း ကျွန်တော်၏ ဦးလေးတော်စပ်သူ ဖြစ်နေပါသည်။

ဖြစ်ပုံက သူတို့လေသံအရပြောမည်ဆိုပါ လျှင် "ဒီလိုရယ်ဗျ" ပေါ့။

ကိုချစ်မောင်က ကျွန်တော့်ထက် သုံးနှစ်ငယ်သည်။ သို့သော်ငြားလည်း သူသည် အမှန်တကယ် ကျွန်တော့်ဦးလေးတော်စပ်လေ၏။

ကျွန်တော့်အဖိုးက အရင်မိန်းမ (ကျွန်တော်တို့ အဖွားနှင့်) သား(၃) ယောက်၊ သမီးတစ်ယောက် မွေးဖွားခဲ့ပြီး နောက်မိန်းမ (အဖွားထွေး)နှင့် သားသမီး ခုနစ်ယောက် မွေးသည်။

ကျွန်တော်အဖိုးအဖြစ်ရှိရန် တစ်ယောက်သာလိုခဲ့၏။ ရှေးဗမာများဟာ သားသမီးတစ်ဒါဇင် ကောင်းကောင်းမွေးနိုင်ကြလေ့ရှိသည် မဟုတ်လား။

အဖိုးနောက်မိန်းမနှင့်ရ၍ မွေးသော အငယ်ဆုံးသား ကိုချစ်မောင် သည် အဖေတူ အမေကွဲ ဘကြီးလုံးတို့ အဖေတို့၏ ညီဖြစ်ပြီး အစ်ကိုလေးနှင့် ကျွန်တော်တို့၏ ဦးလေး ဖြစ်နေသည်။ အစ်ကိုလေးထက် ခုနစ်နှစ်ငယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

ကြိုရချက်ကတော့ ထူးပေဆန်းပေသည်၊ အရှုးတွေ ဖမ်းနေပြီဟု ပြောရမလိုပင်။ ယခု ကျွန်တော်တို့ သွားလည်သော ကိုချစ်မောင်သည် ကျွန်တော့်ထက် ငယ်သော်လည်း ကျွန်တော်၏ ဦးလေးတော်စပ်သူ ဖြစ်နေပါသည်။

ဖြစ်ပုံက သူတို့လေသံအရပြောမည်ဆိုပါ လျှင် "ဒီလိုရယ်ဗျ" ပေါ့။

ကိုချစ်မောင်က ကျွန်တော့်ထက် သုံးနှစ်ငယ်သည်။ သို့သော်ငြားလည်း သူသည် အမှန်တကယ် ကျွန်တော့်ဦးလေးတော်စပ်လေ၏။

ကျွန်တော့်အဖိုးက အရင်မိန်းမ (ကျွန်တော်တို့ အဖွားနှင့်) သား(၃) ယောက်၊ သမီးတစ်ယောက် မွေးဖွားခဲ့ပြီး နောက်မိန်းမ (အဖွားထွေး)နှင့် သားသမီး ခုနစ်ယောက် မွေးသည်။

ကျွန်တော်အဖိုးအဖြစ်ရှိရန် တစ်ယောက်သာလိုခဲ့၏။ ရှေးပမာများဟာ သားသမီးတစ်ဒါဇင် ကောင်းကောင်းမွေးနိုင်ကြလေ့ရှိသည် မဟုတ်လား။

အဖိုးနောက်မိန်းမနှင့်ရ၍ မွေးသော အငယ်ဆုံးသား ကိုချစ်မောင် သည် အဖေတူ အမေကွဲ ဘကြီးလုံးတို့ အဖေတို့၏ ညီဖြစ်ပြီး အစ်ကိုလေးနှင့် ကျွန်တော်တို့၏ ဦးလေး ဖြစ်နေသည်။ အစ်ကိုလေးထက် ခုနစ်နှစ်ငယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ထက် (၃)နှစ် ငယ်သည်။

ကိုယ့်ထက် အသက်ငယ်သူကို ဦးလေးဟု ခေါ်ရသော ကျွန်တော့်အဖြ ဝင်။ ရွာပြန်ရောက်ပါမှ ကျွန်တော့်ဘဝ ကပ်သီး ကပ်သပ် Power ကျရပါတော့ သည်။

ကိုချစ်မောင်နဲ့ ဆွေမျိုးတော်စပ်ပုံက ဒီလိုရှင်းလင်းပြရလောက်၏။ ထိုကိုချစ်မောင်နှင့် သူချစ်ဇနီး မစီသောင်းတို့ ညားကျသည့်အဖြစ်ကား အဆန်း ကြီးမဟုတ်သော်ငြား ကြံကြံဖန်ဖန်ရယ်လို့ ပြောသော် ရနိုင်၏။ မထင်မှတ်ဘဲ ဖူးစာကံ ဆုံကြပြန်တော့လည်း မဆီမဆိုင် ကပ်သီးကပ်ဖွဲ့ ဆုံလာကြပုံမျိုးပင်။

ကိုချစ်မောင်တို့ အချစ်ဇာတ်လမ်းကို အစ်ကိုလေးကပင် မချိုမချဉ် မျက်နှာပေးနှင့် ဖော်ကောင်လုပ်ပြန်သဖြင့် စပ်စုမိကြရပြန်သည်။

အတွတ်က ထန်းလျက်ခဲနှင့်မြေပဲကြော် ပန်းကန်ကို အလွတ်မဖေး စတမ်း ငေးရင်းနှင့် စကားထောက်ပေးသည်။

"လုပ်စမ်းပါဦးဗျာ ဗဟုသုတလေးရအောင် အဖြစ်အပျက် အလုံးစုံ လေး ကြားချင်တယ်ဗျို့"

"အလုံးစုံကြားချင်ရင် တစ်လုံးသာ ငုံထားလိုက်တော့ မောင်ရေ အဲ ... ကွမ်းသီးကို ပြောတာနော် ... "

ကိုရင်ချစ်မောင်ကလည်း စကားပြောရာမှာ အစ်ကိုလေးအောင်ဘိုကို အမိလိုက်၍ အသောအရွတ်ကလေး ထည့်ပြောတတ်သည်။ လူပုံပန်းသဏ္ဌာန် ကလည်း မျက်နှာချိုချိုရွှင် ပြေပြစ်၍ အပြောနှင့်ပဏာရ လိုက်ဖက်နေသည်။

ကျွန်တော်တို့ခမျာ သိချင်လို့ စကားအစဖော်ပေးကြရာမှာတောင် နိုပ်ကွပ်ခံရဘာက်ကချည်း ရောက်နေသည်။

ကိုရင်ချစ်မောင်၏အတိတ်မှ ရင်ခုန် လှုပ်ရှားဖွယ် အကြောင်းအရာတို့ဆီ အတွေးဖြင့် ပြန်လည်မြင်ယောင်လာသည်။ အဲဒီအခါ မယတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်မောင်က လူပျိုပေါက်။ မေဒင်အတတ်ပေါ်ရလျှင် ငယ်ငယ်တုန်းကတော့ အလေးလေးပေါ့၊ ကြီးလာမှ လူကြီးဖြစ်တာ။

ကိုချစ်မောင်တို့အဖေ ဦးဗျားကြီးဆိုတာ အထက်အောက်တန်းကိုင်။ အပြေညို၊ ရှမ်းစုကျေးရွာတစ်ခွင်မှာ အချမ်းသာဆုံး စာရင်းဝင်တစ်ယောက်။ ဒီတာအမွေ မျိုးရိုးအစဉ်အလာကြီးမားမှုကို စောင့်ထိန်းထားနိုင်သူဖြစ်သည်။

မောင်ချစ်မောင်လေး အရွယ်ရောက်တော့ တော်ရာသင့်သူနဲ့ နေရာချ ထားပေးချင်လာကြသည်။ ထိမ်းမြှားလက်ထပ်ပေးခြင်းဟူသော မိဘဝတ္တရား တလည်း ရှိနေလေတော့ ဆောင်ရွက်စီမံပေးချင်ရှာမပေါ့။

အရာရာပြည့်စုံနေတဲ့ ဘဝမှာ မောင်ချစ်မောင်ကို လမ်းမှားမရောက် စေချင်တာလည်းပါသဖြင့် သမီးအလိမ္မာအိမ်ပါ၊ အိမ်ထောင့်ကိုလည်း ထိန်းသိမ်း နိုင်မယ့်သူကို ရှာကြံပြီး နားချပေးကြသည်။

ရွာနီးချုပ်စပ် မိတ်ဆွေသူငယ်ချင်းတို့၏ သမီးကောင်းရတနာတွေနှင့် အမျိုးမျိုး စေ့စပ်တွေ့ဆုံပေးသည်။ စကားလမ်းကြောင်း သဘောထားမေးစမ်း အကဲခတ်ခဲ့သည်။

ကိုချစ်မောင်က တုတ်တုတ်မျှမလှုပ်။ အေးအေးလူလူသာနေသည်။ သူ့ခေါင်းထဲမှာ အလုပ်အကိုင်၊ ရပ်ရွာကောင်းကျိုး တိုးတက်ဖွံ့ဖြိုးဖို့ကလွဲပြီး ဘာမှမရှိ။

"လူလေး ဘိုးစံလှ သမီးကို ဘယ်လိုသဘောရလဲ"

"မိန်းကလေးတစ်ယောက်လို့ သဘောရပါတယ်အမေ"

အမေဖြစ်သူ ဒေါ်စိန်တုတ်က မေးလာသဖြင့် ကိုချစ်မောင် ဖြေလိုက် သည်။ ဒေါ်စိန်တုတ် သူ့အဖြေကြောင့် မျက်နှာအနည်းငယ် ဝင်းလက်သွားသည်။

"အဲဒါလေးက လိမ္မာရေးခြားရှိတယ်သားရဲ့ ရုပ်ရည်ကလဲ ပြောစရာ မလိုဘူး။ သား သဘောကျရင် အမေတို့ စီစဉ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မလုပ်နဲ့အမေ ကျုပ်သူ့ကို ကြည့်ပြီးပြီ"

အကြမ်းအိုးငှဲ့နေရာမှ ဦးဖျား စိတ်ဝင်တစား မျက်နှာကဲခတ်ကြည့်မိသည်။ နှုတ်မှလည်း အားတက်သရော ဝင်မေးလေသည်။

"ဘယ်တုန်းက ဘယ်လိုသွားကြည့်တာလဲ လူလေးရ"

"ကိုတာနောတို့အလှူမှာ ပန်းကန်ဆေးနေတုန်းကပါ အဘရာ"

ဘယ်ဆိုးလို့လဲဟု ဦးဖျား တွေးထင်မိကာ အပြုံးတစ်ချက် လက်သွားမိသေးသည်။ သူ့သား အေးတိအေးစက် မတုန်မလှုပ်က လူပျိုကာလသားစရိုက်နဲ့အလှူမှာ လှည့်ပတ်ဂေါ်ရေးငင်ရကောင်းမှန်းတော့ အသိသားဟု ကျေနပ်သွားသည်။

"သူက ဆောင့်ကြောင့်ထိုင်ပြီး ပန်းကန်ဆေးနေတုန်း ကျုပ်ကလည်း ကြည့်မိတော့ မတော်တဆ တွေ့ပါလေရောဗျာ"

ဒေါ်စိန်တုတ် မျက်လုံးတွေ မဆန့်မပြဲ ပြူးလာသည်။ ထိုင်ပုံ ပြုံပုံနဲ့ မြင်ပုံ တွေ့ပုံက် မတွေးဝံ့စရာ။

သူ့သားကို ရှက်မှုမှုပြီး စွဲငြိစိတ်ကို ဖုံးအုပ်ဟန် လုပ်မျိုသိပ်နေသည်ဟု သာ အဖိုးဖျားက တွေးထင်လေသည်။

"အဲဒါဗျာ ... ထဘီစနဲ့ ခါးတိုအင်္ကျီစကြားက ထွက်နေတာ ဗိုက်ခေါက်ထူမဲကြီး ဖြစ်နေတယ်ဗျာ ချေး(ကျိုး)လဲ မတွန်းဘူး ထွမ် ... "

ကိုချစ်မောင်က ကွပ်ပျစ်ပေါ်မှ တံတွေးတစ်ချက်ပင် လှမ်းတွေးလိုက်သေးသည်။

သွားရှာပါလေရောလား။ ဦးဖျားတို့ ကြံစည်တွေးထင်စိတ်ကူးသမျှ ပျက်ပြယ်လေပြီ။ မြေးကလေး ချီရေး ရေရှည်စီမံကိန်းကြီး မအောင်မြင်တော့ပြန်။

အရွယ်ကလေးကလည်းငယ်၊ ရုပ်ရည်ဥစ္စာ ဂုဏ်ပကာသနကလည်း



www.burmeseclassic.com

www.burmeseclassic.com



မြို့နဲ့ အေးအေးလူလူကလည်း နေတတ်ဆိုတော့ အိမ်ထောင်ရက်သား ချမေး ခြင်းအရေးမှာ အဆီအငေါ်မတည့် ဖြစ်နေကြရလေသည်။ အရိုးများသလေး ချေး ခါးသလေးဖြစ်နေ၍ အိမ်ထောင်ပြုဖို့ နားချလေတိုင်း နားမဝင်ဘဲ အရာမရောက် ဖြစ်နေရသည်။

နောက်ဆုံးတော့ ဦးဗျားအနေဖြင့် အတင်းအကြပ်ပေးစားဖို့ စီစဉ်ရ လေတော့သည်။

ဒီတစ်ခါ ပေးစားဖို့စကားစပြီး ကြံရွယ်လိုက်သူကလည်း နယ် နယ်ရရမဟုတ်။ စဉ့်ကူးနယ်တစ်ဝိုက် ဟိုးလေးတကြော်ကြော် ကျိုကျိုတက် ချမ်းသာသူ ဆန်ကုန်သည် သူဌေး ဦးမြဘူးနဲ့ သမီးကျော့ကေခိုင် ဖြစ်သည်။

ပြစ်မျိုးမှဲ့မထင် လှပကျော့ရှင်းပြီး သူ့မအလှက နယ်ပယ်မရွေး သတင်း ကျော်ကြားထွန်းပေါက်သည်။

"ဘယ်လိုလဲ လူလေး ... ဒီတစ်ခါတော့ ငြင်းဖို့မကြိုးစားနဲ့"

ဒေါ်စိန်တုတ်အနေဖြင့် သားလူလှကို ချစ်မောင်ကို မတော်မအပ်ငွေ ချေးမရှိ ဆင်းရဲသေးသိမ်သူများနှင့် ဖြစ်သွားမှာစိုးရိမ်လှသည်။

ထို့ကြောင့် ကောင်းပေ့ ညွန့်ပေ့များနှင့် နေနဲ့လ ရွှေနဲ့မြ အပ်စပ်ကာ ငွေကုန်ကြေးကျခံ ညှိနှိုင်းပေးသည်။ စကားကြောင်းပေးသည်။ အလွယ်ရတာကို ဆန့်ဖိုးမထားတတ်တာက လူ့သဘာဝသဘာဝ စရိုက်ပင်ဖြစ်သည်။

ကိုချစ်မောင်ကတော့ ငြင်းမြဲပင်။

"မင်း ဘာကြောင့် မိန်းမယူရမှာ ဒီလောက်ကြောက်နေရတာလဲ"

"အဘလို အမေ့ကိုကြောက်ရတဲ့ မယားကြောက်ဖြစ်မှာစိုးလို့"

"ဘာကွ ... မင်း ... မင်း ... "

ဒဲ့ဒိုး မှန်ရာ ကိုချစ်မောင် ပြောလိုက်တော့ ဦးဗျားကြီး နှာတင်းသွား ချေးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နည်းတူ ဒေါ်စိန်တုတ်ဘက်က လှည့်ပြောလာရင်လဲ ကိုချစ်မောင်က ပြန်ပြောလိုက်တာပါပဲ။

"လူလေးရယ် ... ဘာဖြစ်လို့များ အိမ်ထောင်ပြုဖို့ ငြင်းနေရတာ ကွယ်"

"အမေ့လို ယောက္ခမကြောက်ရမှာစိုးလို့"

"အောင်မာ ... အမေက ယောက္ခမကြောက်တာ မဟုတ်ဘူး သေနာလေးရဲ့ ... "

"မကြောက်ပါဘူး ... ဒူးပဲတုန်တာ မဟုတ်လား"

ကိုချစ်မောင် ပြုံးဖြီးဖြီးပြောလိုက်တော့ ဆတ်ဆတ်ထိမခံဖြစ်သွား ဒေါ်စိန်တုတ် အနာပေါ် တုတ်ကျသလို တုန်လှုပ်ပြီး ရှုံးရှုံးရှားရှားဖြစ်သွား ပါပဲ။

"ယောက္ခမ ရှိသေ အသက်ရှည်၊ ယောက္ခမရှိုး သွားမကျိုး ဆေး ကြီးနဲ့ထိုး လေအိုး ... လေအိုး ... "

ကိုချစ်မောင် အမေ့ကို လှောင်ပြောင်ရေရွတ်ပြီး ရှောင်ထွက်လာ သည်။ ဒီလိုမှ မဟုတ်လျှင်တော့ အမေ့ယောင်းမ သူ့ခေါင်းပေါ်ကျပြီး ဂုတ်ဂု ဝွက်ဝွက် မြည်သွားနိုင်သည်။

သည်လို အဆင်တသင့် ချောမွေ့အောင် လိုလေသေးမရှိ စိမ်ပြေ လျှက် အမြီးမြှောက်လိုက် အီးပေါက်လိုက်လုပ်နေသော ကိုချစ်မောင်ကို ဦး ကြီးနဲ့ ဒေါ်စိန်တုတ်တို့ လင်မယား ဆင်ကြံကြံတော့သည်။

တကြိတ်တည်း တစ်ဉာဏ်တည်း အသွင်တူ အိမ်သူများပီပီ နွားခြံ ပို့ထားလိုက်ကြသည်။ နွားတင်းကုပ်ထဲမှ နွားချေးများနှင့် နပန်းလုံးရ အလုပ်ကိုသာ ဒဏ်ခတ်ထားလိုက်ကြသည်။

သူတို့သား နုနုနယ်နယ်လေးကို မခိုင်းရက် မပြုရက်ကြသော်ငြ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ မိတ်ဆွေ၊ ဂုဏ်သရေရှိ သူဌေး၊ သမီးရှင်တို့နှင့် မျက်နှာပျက်အောင် ပြုခဲ့ရသဖြင့် စိတ်တိုဒေါပွပြီး အနိမ့်ဆုံး အလုပ်သမားတစ်ယောက်အဖြစ် သတ်မှတ်ကာ နွားခြံထဲပို့ထားလိုက်သည်။

"ကိုတင်လှ ... ချစ်မောင်ကို နွားချေးများများ ကျုံးခိုင်းဗျာ၊ ဒါမှ ဘဝနာပြီး ဒီဘဝကလွတ်တဲ့နေရာ ကူးချင်စိတ်ပေါက်မှာ"

"ဟုတ်ကဲ့ပါ ဘဗျား ... စိတ်ချ နွားချေးတင်မက ဆိတ်ချေး၊ ကျွဲချေးတွေပါ ကျုံးခိုင်းလိုက်မယ်"

"ကြက်ခြံက ကြက်ချေးတုံးတွေပါ အဆစ်ထည့်ပေးလိုက်"

မည်သို့ပင် ဖြစ်စေကာမူ ကိုချစ်မောင်ကတော့ နွားချေးတကျုံးကျုံး တပြုံးပြုံး တဝေဝေဖြစ်လို့သာနေသည်။ နားပူရတဲ့အလုပ်က ကင်းဝေးပြီး အေးအေးလူလူ နေခွင့်ရတာကိုပဲ သူ့ခမျာ နှစ်ခြိုက်လှပြီဖြစ်သည်။

တစ်ရွာလုံးကတော့ အံ့သြလို့မဆုံး ဖြစ်ကြရသည်။

ကိုချစ်မောင်နှင့် မစီသောင်းတို့ ဇာတ်လမ်းက ယခုမှစသည်။

နွားတင်းကုပ်မှာ ယခင်ကိုချစ်မောင် မရောက်ခင်က နွားချေးကျုံးသူ ဒေါ်မဲတူဆိုသူ တစ်ယောက်ရှိသည်။ ဒေါ်မဲတူသည် ရုပ်ရည်သနားကမား မွန်မွန်ရည် လူရည် သန့်ပြန့် ယဉ်ကျေး၍ စိတ်ကောင်းရှိသူ နွားခြံရှင်သူဌေး၏သား ကိုချစ်မောင်ကို သတိပြုမိသည်။

ထိုသို့ လာရောက်လုပ်ကိုင်ပြုမူနေရသည့်အဖြစ်ကိုကြည့်ကာ အံ့သြနားမလည်ခြင်းကြီးစွာလည်း ဖြစ်ရသည်။

ထို့ကြောင့် အိမ်ပြန်ရောက်သောအခါ သူ့ယောကျ်ားကိုလားပိုကို နွားခြံမှ သူဌေးအကြောင်း ချီးမွမ်းခန်းဖွင့် ကြွားလုံးထုတ်လေသည်။ လောကအလယ် မမြင်ဘူး၊ မကြားဘူး၊ မတွေ့ဘူးတာတွေကို မြင်တွေ့ရသည့်ပမာ အဆန်းတကြယ် ဖြစ်ကာ ပြောမဆုံးပေါင် တဖွဖွ တသသ ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ နွားခြံသူဌေး ကိုဗျားကြီးရဲ့သားများ လှချက်တော် ... ရုပ်ရည်သနားကမားနဲ့ နွားချေးကျုံးနေရရှာတယ်"

"ဟော့ ... ငါ့တစ်သက်နဲ့တစ်ကိုယ်တော့ ကိုမြင့်မောင်သမီး စီသောင်းလောက် လှတဲ့သူ ဘယ်သူမှ ရှိမယ်မထင်ဘူး"

"မောင်ချစ်ပိုက သာတယ်တော်ရေ ... သူနဲ့လိုက်ဖက်ညီအောင်လှတဲ့ လုံမပေါ်မယ်မထင်ဘူး။ ဇာတ်မင်းသားတွေလောက်တော့ အိပ်နေသလောက်ပဲရှိတယ်"

ဒေါ်မဲတူက အားကျိုးမာန်တက် လက်ဟန်ခြေဟန်ဖြင့် တအံ့တဩဖြစ်ပြကာ ပြောသည်။ ဦးလားပိုက ကွမ်းအစ်ပူးကိုဖွင့်ရင်း အားကျမခံ ပြန်ပြောလေသည်။

"မစီသောင်းလေး လှတာကလည်း မှန်နေတာပဲ ... နတ်သမီးကလူယောင်ဖန်ဆင်းသလား အောက်မေ့ရတယ်"

ဦးလားပိုက သူတွေ့မြင်ငေးမောမိခဲ့ရသော ကလေးမ၏ အလှချီးမွမ်းခန်းကိုဖွင့်ရင်း ကွမ်းယာလိုက်သည်။ ကွမ်းတစ်ရွက်ထုတ်ကာ အညှာနှင့်အရွက်များတို့ကို လက်ဖြင့်ဆိတ်ဖြတ်သည်။ ထုံးဗူးဖွင့်ကာ လက်ညှိုးဖြင့် ထုံးတကော်အနေတော်ရုံ တို့သည်။

"လှလွန်းတော့ ခုကျတယ်၊ အိမ်ထောင်ချပေးဖို့ စိစဉ်တာပဲ၊ အဲဒါကိုလုံမက ခေါင်းတွင်တွင်ခါ ငြင်းမြဲငြင်းလို့ အိမ်တွင်းပုန်းခိုင်းထားရတယ်၊ မီးဖိုချောင်ကကို မထွက်ရဘူး"

ဦးလားပိုက ထိုကလေးမကို နွားနို့သွားညှစ်ရင်း တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။ မြင်လိုက်ရတော့ သူ့ခမျှာ မယုံကြည်နိုင်လောက်အောင် စဉ်းစားစရာပြီး စိတ်နဲ့ကိုယ်မကပ်ဘဲ နွားမနဲ့နွားထီး မှားပြီး နို့ညှစ်ဖို့ ဟန်ပြင်မိသည်အထိအယောင်ယောင်အမှားမှား ဖြစ်ခဲ့ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလို့ စီသောင်းလေး ထွက်လာပြီး သတိပေးသဖြင့် နွားအကန် ခံရသည့်ဘေးမှ လွတ်ခဲ့ရသည်။

ဦးလားပိုက ပြုမူနေကျ အလေ့အကျင့်ရှိပြီးသားအတိုင်း လက်မှန်းတည့်စွာ ထုံးကို ကွက်တိကော်ပြီး ကွမ်းရွက်မှာသုတ်သည်။ ထုံးဗူးပြန်ပိတ်၍ ကွမ်းအစ်ထဲ ဂလောက်ခနဲမြည်အောင် ပစ်ထည့်သည်။

"အဲဒီ လုံမကလေး လှလွန်းလို့ မန္တလေးက ကျောက်ကုန်သည်တွေ တောင် လာကမ်းလှမ်းကြရတယ်၊ ဒါပေမဲ့ ... ကိုမြင့်မောင်တစ်ယောက် မျက်နှာပျက်ရပေါင်း များနေလို့ သူ့သမီးလေးဟာ ဒုက္ခိတမျက်ကန်းလေးပါဆိုပြီး လာသမျှ ဧည့်သည်ကို ပြောလွှတ်နေရတယ် မဲတူရေ ... "

ဦးလှပိုက ပါးစပ်မှ တတွတ်တွတ်ရွတ်ရင်း ကွမ်းအစ်အပေါ် အံဝှက်ကို ဖုံးလိုက်သည်။ ထိုအံဝှက်အပေါ်ဆင့်ထဲမှ ဆေးမဲနည်းနည်းဖဲ့၍ ကွမ်းရွက်ထဲ ခြွေထည့်သည်။

"ရုပ်ရည်ချောမောနုနယ်သလောက် လူနဲ့မလိုက်အောင် နိမ့်ကျတဲ့ အလုပ်ထဲမှာ ရောက်နေကြရတာရယ်၊ ဒါပေမဲ့ ... ကျုပ်တို့ နွားခြံက လူကလေးလောက် တော့ဟာမလေးက လှမယ်မထင်ပါဘူးရှင်"

ဦးလှပို၊ ကွမ်းသီးသုံးစိတ်လောက် ပစ်ထည့်၍ ကွမ်းရွက်ကို လုံးခေါက်တာ ပါးစပ်ထဲ ထည့်ငုံလိုက်သည်။

"ဘာလို့ မလှရမှာလဲ ဘဝပေးဆုတောင်းကောင်းတဲ့ ဥမ္မာဒန္တီထက် တောင် ပိုလှမယ် သီဝိမင်းကြီးမြင်ရင် ဆယ်ခါပြန် ဆလံရှုးသွားမယ်"

"တော့်လုံမထက် ကျုပ်လူကလေးက ပိုလှတယ်ရှင့်"

"မဖြစ်နိုင်ပါဘူး မိန်းမရယ် ... ယောက်ျားလေးက မိန်းကလေး အလှကို မီပါ့မလား ... ဟိုက ပြစ်မျိုးမှည့်မထင် နုရှနေတာ"

"ဘာလို့ မမီရမှာလဲ ယောက်ျားချော၊ မိန်းမချောကို ခွေးဟာ၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးလေးရှိတော့ အလှမှာ အယဉ်ဆင့်လို့"

"အေး ... ငါတွေ့ခဲ့တဲ့ ကိုမြင့်မောင် သမီးကလည်း ညည်းလိုအိမ်တတာကြီးနဲ့ အပုံကြီးကွာတယ် ပြိုင်ဘက်မရှိဘဲ"

"ကျုပ်တွေ့တဲ့ ကိုဗျားသားက အလှဆုံးဖြစ်မှာပါတော် ... ရှင့်လိုအိမ်က အဘိုးကြီးနဲ့ ဘာမှမဆိုရေးချ မဆိုင်ဘဲ"

ဦးလားပိုနှင့် ဒေါ်မဲတူတို့ ကလေးနှစ်ယောက်၏အလှချီးမွမ်းခန်း ဖွင့်ရင်း အငြင်းပွားကြတော့သည်။ ကိုယ့်စကားအတည် အံ့ဩတကြီးဖြစ်ဖို့ အရေးအလှတွေ မိုင်ကုန်ဖွဲ့ကာ ငြင်းခုံပြိုင်ဆိုင် စကားနိုင်လုကြတော့သည်။

"ငါ့ကလေးမက ပိုလှတာ"

ဦးလားပို ကွမ်းအစ်ကိုကြမ်းပြင်မှာ သုံးချက်လောက်ဆောင့်ပြီး စကားအပြတ်အသတ် တင်းတင်းမာမာ ဆိုလေသည်။

"ကျုပ်လူလေးက ပိုလှတာ"

သူ့ထက်သူ ပိုမို၍လှချင်သာချင်နေမိကြတော့သည်။ အလှချင်းပြိုင်လို့ အနိုင်ရချင်သည့်အထိကြွားလုံးထုတ်မိကြသည်။

ငြင်းမရ ပြုမရ စကား အသွားအလာ လေသံတင်းမာလာတော့ နှစ်ယောက်သား (မောင်ချစ်ပိုနှင့်မစီသောင်း) ကို ပေးတွေ့ကာ ယှဉ်ကြည့်ပြီး ပြိုင်ဆိုင်ရန် အကြံပေါ်လာသည်။

စကားအနိုင်လုရင်းက မကျေမလည်ဖြစ်ကာ ယှဉ်ပြိုင်ဖို့အကြောင်းဖန်လာသည်။ ကိုမြင့်မောင်တို့ခြံထဲ နောက်ချေးသွားပုံရင်း မောင်ချစ်ပိုကို ဒေါ်မဲတူကအပါ ခေါ်လာသည်။

ရှေးရေစက် ဖူးစာကံကြောင့်ပင် မှတ်ထင်ရလိမ့်မည်။ သူတို့နှစ်ဦးသားမြင်မြင်ချင်း သံယောဇဉ်ဖြစ်ကာ ငြိတွယ်ရင်ခုန်သွားခဲ့လေသည်။

ကိုချစ်မောင်လည်း ယခုမှ 'မစီသောင်းကို သတိထားမိသည်။ သုံးရွာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်လောက်ခြားသည့် ခင်တန်းရွာမှာ ဒီလို မိန်းမလှရှိမည်ဟု သူမထင်ပေ။

သူ့စိတ်က အလှအပတိုင်းကိုလည်း မက်မောတတ်ခြင်းမဟုတ်။ မစိသောင်းနှင့် တွေ့လေမှ သူ့နှလုံးသားက အဆင်သင့်ဖြစ်နေသည်မှာ ထူးဆန်းလှသည်။

သို့သော်လည်း ... မြင်မှန်းတန်းမိရုံ အဆင့်မျှသာဖြင့် တအုံနွေးနွေး ဖြစ်နေဆဲပင်။

ဒါကိုသိသွားတဲ့ ဦးဖျားကြီးက အတင်းအကြပ်စီမံကာ နားဖောက်ပေးတော့သည်။ ထိုအချိန်ရောက်သည်အထိ စိတ်ထဲမှာပါသော်ငြား ရှက်အမ်းအမ်းဖြင့် နှစ်ဦး နှစ်ဖက်လုံးက ငြင်းနေကြသေးသည်။

ဒေါ်စိန်တုတ်က သူ့သားအကြောင်းကို စောကြောမိကာ သဘောပေါက်သွားသည်။ အရွယ်ကလည်း ငယ်လှသေးသည်ဖြစ်ရာ အိမ်ထောင်ပြုသည့်အလုပ်ကိုလူကြီးဆန်လွန်းသည်ဟု မှတ်ထင်မိကြလေသည်။ ထို့ကြောင့် အရှက်အကြောက်သည်းခြင်းပင် ဖြစ်သည်။

"ဒါလောက်တောင်ဖြစ်လှတာ ဒင်းတို့နှစ်ယောက် မတွေ့အောင်ခွဲထားလိုက်ပေတော့ ကိုဖျားရေ ... ပေးစားဖို့ကိစ္စလည်း စိစဉ်မနေနဲ့တော့ မေ့ပြစ်လိုက်။

သည်တော့မှ အင်းမလှုပ် အဲမလှုပ် ကျောက်ရုပ်များ အသက်ဝင်လှုပ်ရှားလာခဲ့ကြသည်။

"ဘယ်လိုလဲ မင်းတို့ဒီလောက်တောင်ဖြစ်နေရင်လဲ မပေါင်းကြနဲ့ကွာ၊ မြှန်ခွဲထားလိုက်မယ်" `

"ခွဲတော့မခွဲပါနဲ့ အဖေရာ ... တစ်ဖက်သားကို အားနာစရာ"

မစိသောင်းဘက်ကလည်း သူမအဖေအမေများ ဆန္ဒလိုက်လျှော့ပါတော့မည်ဟု ခေါင်းညိတ်ရှာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေတို့အမေတို့ သင့်လျော်လို့စီစဉ်တာ သမီးမငြင်းပါဘူး"

စိတ်ထဲကိုယ်စီပါနေတာတောင်မှ အင်တင်တင်လုပ်တုန်း ရှိသေးသည်။ ကိုချစ်မောင်နှင့်မစီသောင်းတို့သတင်းက ဟိုးလေးတကြော်ကြော်ဖြစ်သွားကြသည်။ သူတို့ဖူးစာကံက နောက်ချေးပုံမှ အစပြုသည်ဟု ပြောစမှတ်တွင်ကြလေသည်။

တစ်ခါတလေ စိတ်အချဉ်ပေါက်လျှင် အစ်ကိုလေးအောင်ဘိုက သူတို့လင်မယားကို မခံချိမခံသာဖြစ်အောင် နောက်ပြောင်စကား ဆိုတတ်သည်။

"ဟဲ့ စီသောင်း ... နွားချေးပိုးထိုးမှ ... "

"ဘာလဲ မသာကြီး ... "

အစ်ကိုလေးနဲ့မစီသောင်းတို့က အဲဒီလိုမျိုး နားဝင်ပီယံဖြစ်ဖွယ်ရာ ဖော်ရွေသော ဆက်ဆံမှုရှိကြပါသည်။ ကိုချစ်မောင်ကိုတော့ သူငယ်ချင်းများ အားလုံးက နှာခေါင်းရှုံ့ကာ ပြောကြသည်။

"မင်းက ချေးကျုံရာ ပျော်တဲ့အကောင်"

ဘာပဲဖြစ်ဖြစ် ကိုချစ်မောင်တို့ကတော့ ရှက်ဖြီးဖြီး အပြုံးမပျက်ခဲ့။

❀....❀

ကိုချစ်မောင် အတိတ်ရဲ့ ငယ်နုစဉ်ပုံရိပ်များမှ ပြန်လည်နိုးထလာသော အခါ အကြမ်းအိုးတစ်အိုးကုန်၍ မြေပဲကြော်လည်း ပန်းကန်လုံးထဲမှာ ပြောင်သွားသည်။

"ဒါဆို ကိုရင်ချစ်မောင်တို့က နောက်ချေးပုံက ရှာလည်လာတဲ့ ... ဖေါ်ခနော်၊ နွားတွေရဲ့ ကျေးဇူးကြီးမားချက်ကတော့ အံ့ပါရဲ့ဗျာ ..."

"ဘာလဲ ... မင်းတို့ကော ငါ့လို နောက်ချေးကျုံးချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုံးဖို့ မလိုပါဘူးဗျာ၊ ကျုပ်တို့က ကြိုက်နေရက်နဲ့ မူနေမယ့်လူမျိုး မှ မဟုတ်တာ"

"အေး ... ဟုတ်ပြီကွ၊ ဖိုးစံ ... မင်း အခုမှ ငါ့ညီ ပီသလာပြီ"

"ဟား ... ဟား ... ဟား ... ဟား ... "

❀....❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အစ်ကိုလေးအောင်ဘို နောက်လိုက်ရတာ ခေါင်းလည်းကျိန်းမိသည်။ ဘယ်အချက်ချောက်တွန်းလို့ ခေါင်းရိုက်ခံရမည်မသိ ဖင်လည်း ကျိန်းလှသည်။ ဘိုဘိုးတုတ် ထော်လာဂျီကြီး စီးရ၍ ဖြစ်လေသည်။

ယခုလည်း ကျွန်တော်တို့နှစ်ယောက်ကို ဘာမပြောညာမပြောနှင့် ဘယ်ထဲ ခေါ်လာသည်။ သီချင်းတအေးအေးနှင့် ပေါင်းမြတ်နှုတ်နေသူများ အသံကိုအဝေးကပင် ကြား[illegible]ရသည်။ ရွာမှာက နွေစပါးကိုလည်း ရေသွင်း၍ စိုက်ပျိုးကြသည်။

“အစ်ကိုလေး ဘယ်က အခြောက်တွေခေါ်လာတာတုန်း”

ကျွန်တော်တို့နှစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ကာ အသံတစ်သံ ထွက်လာလေသည်။

“အဲဒါကြောင့် မင်းကိုငါပြောတယ် နှုတ်ခမ်းမွှေးမရိတ်ပါနဲ့လို့”

အတွတ်က ကျွန်တော့်ကိုကပ်ပြီး မာန်မဲ ငြူစူအပြစ်တင်ဟန်ဖြင့် ပြောလေသည်။ ကျွန်တော်လဲ ထူပူပြီး ပေါင်းလိုက်သမတစ်အုပ်ကြီးကို မနိုင်မှန်း သိတာ ကျွတ်ကျဲ၍ အတွတ်ကိုပဲ ပြန်အပြစ်ပုံချရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

အစ်ကိုလေးအောင်ဘို နောက်လိုက်ရတာ ခေါင်းလည်းကျိန်းမိသည်။ ဘယ်အချက်ချောက်တွန်းလို့ ခေါင်းရိုက်ခံရမည်မသိ ဖင်လည်း ကျိန်းလှသည်။ ကိုဘိုးတုတ် ထော်လာဂျီကြီး စီးရ၍ ဖြစ်လေသည်။

ယခုလည်း ကျွန်တော်တို့နှစ်ယောက်ကို ဘာမပြောညာမပြောနှင့် ဘယ်ထဲ ခေါ်လာသည်။ သီချင်းတအေးအေးနှင့် ပေါင်းမြက်နှုတ်နေသူများ အသံကိုအဝေးကပင် ကြား●ရသည်။ ရွာမှာက နွေစပါးကိုလည်း ရေသွင်း၍ စိုက်ပျိုးကြသည်။

"အစ်ကိုလေး ဘယ်က အခြောက်တွေခေါ်လာတာတုန်း"

ကျွန်တော်တို့နှစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ကာ အသံတစ်သံ ထွက်လာလေသည်။

"အဲဒါကြောင့် မင်းကိုငါပြောတယ် နှုတ်ခမ်းမွှေးမရိတ်ပါနဲ့လို့"

အတွတ်က ကျွန်တော့်ကိုကပ်ပြီး မာန်မဲ ငြူစူအပြစ်တင်ဟန်ဖြင့် ပြောလေသည်။ ကျွန်တော်လဲ ထူပူပြီး ပေါင်းလိုက်သမတစ်အုပ်ကြီးကို မနိုင်မှန်း သိတာ ကျွတ်ကျွံ၍ အတွတ်ကိုပဲ ပြန်အပြစ်ပုံချရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော ဘာထူးလို့လဲ ... မင်းအကျီကို ပန်းပွင့်ရိုက်ကြီးနဲ့
မှတော့ ပြောတော့မှာပေါ့"

"ရန်ကုန်က ငါ့ညီတွေလေဟာ၊ နင်တို့မြင်ဖူးအောင် ပွဲလာထုတ်တာ
ဦးလေးပေါစံရဲ့သား နင်တို့မောင်ပဲ ... "

"မောင်ရေ မောင်ရေ x x x လာပါတော့လို့ x x x ကျူဖျာတောက x x
မျှော်ရတယ်"

အစ်ကိုလေးအောင်ဘို ဟန်ပင်မဆောင်နိုင်ဘဲ တဟီးဟီးရယ်တော့
သည်။

"ဘာလဲဗျ အစ်ကိုလေး ... ကျွန်တော် ပြန်ပြေးချင်လာပြီ၊ ဘာလို့
ရယ်တာလဲ"

"ဟီးဟီး ... ကျူဖျာတောဆို ငါတို့ရွာသချိုင်းနာမည်ကွ"

"ဟာဗျာ ... "

သူ့စိတ်ကူးနဲ့သူ မအီမလည် တံတွေးမျိုချနေသော အတွက် တံတွေး
သီးကာ နင်ပြီး မျက်လုံးမျက်ဆန်ပြူးသွားရလေသည်။

"ယောင်းမရေ x x x နေတောင် အတော်စောင်းပြီ x x x ချောင်းထဲမှာ
အခြောက်လေးများ မျောလာပြီ x x x"

အချင်းချင်း လှည့်ပတ်ကြွေးကြော် နောက်ပြောင်အော်ဟစ်သမျှ
ကျွန်တော်တို့မှာ နေစရာနေရာပင် မရှိတော့။

"ဘာအခြောက်တုန်း ကောင်မရဲ့ ... ကျုပ်မောင်တွေက ဒေါင်ဒေါင်
မြည်ပဲ သံချောင်းက အဘာခေါ်ရမယ်"

"သပွတ်အူခြောက်တွေပါတော်၊ တကတည်း သူ့အမျိုးထိတော့ မွှန်
လိုက်တာ"

လယ်ကွင်းအစပ် လမ်းပေါ်မှာ လူတစ်ယောက်က ခက်ဇွေ့ယမ်းပြ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ပုဆိုးခါးတောင်းကျိုက် ဂျင်းဘောင်းဘီရှည် အောက်ခံဝတ်ကြီးဖြင့် ကိုး သိုးကားယား ကနေသည်။ သူ့ဘေးမှာလည်း ဆောင်းဘောက်စ်တွေစက်တွေ ဆတ္တရီအိုးတွေနှင့် ရှုပ်နေသည်။

"အိုးလေးလှုပ်ပါဟေ့ x x x ခပ်ကြမ်းကြမ်းလှုပ်ပါဟေ့ x x x"

ကာရာအိုကေ သုံးမိုက်ခ်ဖြင့် သီချင်းအလိုက်အတိုင်း ဝင်ဝင်အော် လိုက်သေးသည်။

"အဲဒါကိုသာကြည့်ပဲ ... ဒီလယ်တွေရဲ့ သူရင်းငှား ... "

ဒီလိုကောက်စိုက် ပေါင်းလိုက်သမတွေရှေ့မှာ ကပြအသုံးတော်ခံဖို့ ဓါတ်မောင့်မင့်အပြည့်ဖြင့် ကြိုတင်ပြင်ဆင်အားခဲထားပုံရသည်။ အစ်ကိုလေးက သူ့အကြောင်းပြောရင်း မိတ်ဆက်ပေးသည်။

"မြို့က အောင်ဘို့ညီတွေလား။ လာဗျာ တစ်ပုဒ်လောက် ဝင်ဒွန်သွားပါ ဦး"

"ဟာနေပါဗျာ ... မဒွန်တတ်ဘူး ... "

ဒီဟာမတွေရှေ့သာ ပါတီပွဲတွေမှာလို ဒန့်လိုက်ရင် ဗိုင်းလျောင်လို့ ခန့်ပါဂန့်သွားနိုင်လောက်သည်။

"အောင့်ဘိုညီတွေဆိုတော့ ကိုယ့်ညီတွေပဲပေါ့ ... ထိုင်ကြဦးလေ၊ လက်ဖက်ရည်သုံးဆောင် ကောက်ညှင်းပေါင်းလဲရှိတယ်"

"နေပါစေဗျာ ... ရပါတယ် ... ဗိုက်တင်းလာလို့ ... "

အမှန်တကယ်တော့ ကျွန်တော်တို့မှာ ကောက်ညှင်းနဲ့မွှေးမွှေးလေး ကြောင့် သွားရည်တွေ ပါးစပ်ထဲ ချွဲလာပြီဖြစ်သည်။ သို့သော်ငြားလည်း တောသူ များရှေ့မို့ အရှက်သည်းကာ စကားလှအောင် ငြင်းဆိုပြီး သတိထားပြောနေရ ခြင်း ဖြစ်လေသည်။

"ဒီမယ် မြို့သား ... ဟိုက ပေါင်းလိုက်သမတွေအားလုံး ကျွေးပိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကြိုက်တာရှိရင် ကျုပ်ကိုပြောပြီးယူသွား၊ ဘယ်သူသဘောကျလဲ၊ ခေါ်သာသွား၊ ကျန်တဲ့အပိုင်းကျုပ်ရှင်းမယ်''

အော်ကြီးဟစ်ကျယ် ကိုသာညြ ပြောလေမှ ခေါင်းနပန်းကြီးကာ မျက်နှာမထားတတ်အောင် ပိုမိုအရှက်သည်းရတော့သည်။

''ကိုသာညြကြီးက အတော်ပျော်တတ်ပုံရတယ်ဗျာ ... အစ်ကိုနဲ့ မိတ်ဆွေဖြစ်ရတာ ကောင်းပါတယ်၊ ပါးစပ်ကိုမစေ့ရအောင် ပျော်ပါတယ်''

''ပျော်ပါတယ် ကိုသာညြရယ် ... ''

ကျွန်တော့် ပဋိသန္ထာရ စကားကို အတွတ်ကလည်း သံယောင်လိုက်ကာ ထောက်ခံလေသည်။

''ပျော်ရမယ် ငါ့လူတို့ ... ပျော်လွန်းလို့ အဖက်ရှာမရဖြစ်သွားမယ်၊ ကျုပ်တို့နဲ့တွေ့လို့ကတော့ မြို့တောင်မပြန်ချင် ဖြစ်သွားမယ်''

အပြောပိုလွန်းလှသည့် ကိုသာညြကို ကျွန်တော်မျက်လုံးစောင်း၍ပင် ကြည့်မိသည်။

''မြို့သားရေ .... ပျိုအနားလာခဲ့ ... ''

''ဟော ... ကြားလား ခေါ်နေပြီလေ''

''ဟာ ... မဖြစ်ဘူး၊ ကျွန်တော်တို့ ဒီလိုတစ်ခါမှ ပွင့်ပွင့်လင်းလင်း နောက်ပြောင်မခံရဘူးတော့ ... အိုးတိုးအန်းတန်းကြီးဗျ''

နားတွေလည်း ရှက်လှကာ ထူပူလာသဖြင့် ဂုဏ္ဌေမပျက်ခင် မနည်းထွက်ပြေးလာရသည်။

''ခေါ်နေတာ သွားလိုက်ပါမြို့သားရဲ့ ... အနည်းလေးတော့ ဖွက်လူးတဲ့ ဝက်ရူးဖြစ်မှာ သေချာပါ့ဗျာ''

ကျွန်တော်တို့လဲ အစ်ကိုလေးအောင်ဘိုပင် မစောင့်တော့ဘဲ သုတ်ခြေတင်ကာ နောက်ကြောင်းပြန်လှည့်ပြေးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ တောဂုဏ်မသေးသိမ်သည့် ပါဝါကိုပြလိုက်ရသူပီပီ ဂုဏ်ယူဝင့်ကြွားသည့် မျက်နှာပေးဖြင့် မာန်တလူလူလွှင့်ကာ ပြုံးမြနေတော့သည်။

"ကျွန်တော့် ရည်မှန်းချက်တွေးလျှက်နှင့် ပျော်သည် ပျော်သည် x x ညီလေး ညီမလေးများကို x x x ဟိုတယ်မှာ ဝက်လုပ်နိုင်းမည်" ဟူ၍ လူ့ရှင်တော်များ သီချင်းဖျက်ခဲ့ဖူးသည်။ ကျွန်တော်နှင့်အတွက်မှာကား ထိုသို့မဟုတ်။ "ကျွန်တော့်ရည်မှန်းချက် x x x တွေးလျှက်နှင့်ပျော်သည် ပျော်သည် x x x ရွာက နှမလေးတော်သူ x x x လိမ်ညာကာ ရည်းစားလုပ်မည် x x x" ဟူ၍ သီချင်းလေး ချက်ကာ စိတ်ကူးပင် ယဥ်မိသေး။

ကျွန်တော်တို့ကသာ လှောင်လိုက် ပြောင်လိုက်လုပ်ပြီး ထိကပါး ရိကပါး မြှူရမည်ဟု တွေးခဲ့သမျှ ကောင်းကောင်းဂွမ်းသွားခဲ့ရသည်။

လုပ်မြို့ဖြူ လုံမတစ်သိုက်နှင့် ပက်ပင်းအတိုးမှာ ဆန့်ကျင်ဘက် ကိုယ်က ပြန်အလှောင်ခံရသူသာ ဖြစ်သွားသည်။ ပြန်လောင်၊ ပြန်ခွပ်ဖို့နေနေသာသာ ခံစစ်တောင် မပီပြင်ဘဲ လာရာလမ်းကိုသာ အမြန်ပြန်ဒိုးခဲ့ရသည်။

"နောက်ထပ် ရှိသေးတယ်ကွ၊ ပဲနှုတ်နေတာ သွားငမ်းကြဦးမလား"

"မလုပ်ပါနဲ့အစ်ကိုလေးရာ ကျွန်တော်တို့ရော အနှုတ်ခံရလို့ ရှိစုမဲ့စု အမွှေးလေးတွေပြောင်ပြီး ဖုန်းမောင် ကတုံးပြောင် ဖြစ်သွားပါ့မယ်"

ကျွန်တော် အထိတ်တလန့် ညည်းတွား၍ လက်ကာပြပြီး တားလိုက်သည်။ ကျွန်တော်တို့ ကြောက်လန့်စိုးထိတ်သွားပုံကိုကြည့်ပြီး အစ်ကိုလေး အောင်ဘို အားပါးတရ လှောင်ဟားတော့သည်။

"မနှုတ်စေရဘူး ...,ငါ့နာမည်သာ ပြောလိုက်"

"မပြောသေးဘူး ... ပိုဆိုးမှာ သိပြီးသား"

"ဟား ဟား ... မပူပါနဲ့ကွ မြေပဲပင်နဲ့ ရိုက်လွှတ်ရုံအပြင် ဘာမှပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိနေတယ်လေ ... အစ်ကိုလေး ချောက်တွန်းတတ်တယ်ဆိုတာ"

❋....❋

အရာရာကို စပ်စုလိုသည့်အပြင် လက်တွဲစမ်းလိုလှသော ကျွန်တော် တို့ နှစ်ယောက်က ဒေသစာလေးများကို အထူးစိတ်ဝင်စား မျက်စိကျကာ လျှာအရသာခံလိုကြသည်။

စိမ်းလန်းသော ဝန်းကျင်ကို မျက်စိပသာဒဖြစ်ကာ ငေးမောကြသည် လတ်ဆတ်အေးမြသော လေကို တစ်ဝကြီး ရင်ခေါင်းထဲအပြည့် ရှူရှိုက်မိကြ သည်။

"အားပါး ကောင်းလိုက်တာ ... ဒူးရင်းသီးနံ့လေးမွှေးလို့ပါလား"

"ဒူးရင်းခြံရှိလို့လား အစ်ကိုလေး ... "

"နင့်အမေဂလိန်း ဒူးရင်းခြံရှိပဲ့မလား"

"မဟုတ်ပါဘူး ... မင်းကလဲ အသေအချာရှူကြည့် ... ဖရုံသီး နံ့လိုလို မာဂျရင်းနံ့လို မွှေးတေးတေးပဲ"

ကျွန်တော်က မွှေးမြမှုကို မျိုသိပ်မထားနိုင်ဘဲ ဖွင့်ဟထင်ကြေးပေး သည်။ အတွတ်ရဲ့ ဇဝေဇဝါအမူအရာနဲ့ နှာခေါင်းတရှုံ့ရှုံ့ ဖြစ်နေပုံကိုကြည့်ကာ အစ်ကိုလေး ခပ်ထေ့ထေ့ပြုံးသည်။

"မသေမချင်း မှတ်ထား ... အဲဒါ ဟိုဘီးစပ်တောထဲကလာတဲ့ မစင်နံ့"

"ဗျာ ... "

နှစ်ယောက်သား အလုအယက် နှာခေါင်းများပိတ်ပြီး ရှုံ့မဲ့ပုံနှိပ်ကြ လေသည်။ တောတောင်ရေမြေ စိမ်းလဲ့အေးမြနေတော့ ဘယ်ဖြစ်ရက်ပါ့မလဲ



www.burmeseclassic.com

www.burmeseclassic.com



သဘာဝလတ်ဆတ်တဲ့ ကာဘွန်ဒိုင်အောက်ဆိုဒ်မပါတဲ့ လေပဲထင်မိတာပေါ့။

တောက ကိုရင်တွေနှင့် စကားပြောရတာလဲ အားရပါးရ တစ်တုံးတစ်ခဲ ရှိလှသည်။

"ဒီလိုပဲ တောထိုင်ကြတာပဲလား"

"ရွာမှာတော့ ယင်လုံအိမ်သာရှိသပေါ့ကွာ ... ဒီလို လယ်ထဲကိုင်းထဲ ဘျတော့ သီချင်းတောင်ရှိသေး ... ဘာတဲ့ နွားကျောင်းသား ယိုထားပါတဲ့ မုန့်ကြိုးလိမ် ... ဆိုတာမျိုး"

ကျွန်တော်တို့ နှာခေါင်းဖီလင်လေးတွေ မုန့်ကြိုးလိမ် ပေကပ်ကုန်ပါပြီ။

ဒေသစာ လျှာအရသာခံဖို့ တစ်ခုတည်းသော ရွာအနောက်ဖျားက ချက်တဲကို ရောက်ကြသည်။ ခေါင်ရည်ရသည်ဆိုတော့ သဘောခွေ့ မနောတွေ့ အဆန်းထွင်ဖို့ တိုင်ပင်စရာမလိုဘဲ အကြိုက်တူမှာလိုက်သည်။

အစ်ကိုလေးက ချက်ကြီးတစ်လုံး၊ ကျွန်တော်တို့က ခေါင်ရည်တစ်လုံး စီကိုင်လျှက် ကြွက်ကြော် တစ်ပွဲနှင့် နွှဲလိုက်သည်။

မြို့ကဆိုင်တွေ အထာမျိုး အချဉ်ဟင်း တစ်ခွက်လာချပေးသည်။ ဒါကို အကင်းမပါးဘဲ အတွက်က နှမ်းဖတ်ချဉ်တစ်ပွဲ မှာလိုက်သေးသည်။

ရက်လွန်ခေါင်ရည်၊ ချဉ်စုပ်စုပ် နှမ်းဖတ်ချဉ် ချဉ်တူးလန်၊ အချဉ်ဟင်း နဲ့ဆိုတော့ သွားတွေကျိန်းလို့ ကြွက်ရိုးပင် မကိုက်နိုင်ဘဲ ရှိတော့သည်။

"ဖိုးစံ ငါ့နာမည် ဘယ်သူပါလိမ့် ... "

ချဉ်လိုက်တာ ဆွေမျိုးမေ့လို့ အတွက်က ရွဲ့ပြီး ပြောလာသည်။ သူပဲ ဘုမသိ ဘမသိ သွားမှာလိုက်ပြီးတော့။ အခု အချဉ်တကာစုနေလေပြီ။ ဒေသစာ တွေ စိတ်ဝင်စား စမ်းသပ်မြည်းစမ်းတတ်တဲ့ အကျင့်က ချဉ်ဖတ်အိုးထဲ ဇောက် ထိုးကျတော့သည်။

"ဝမ်းတွေတော့ ပျက်ကုန်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ ... ဟိုမှာ ဘီးစပ်ချုံကြီးရှိသားပဲ"

"အနံ့မျိုးစုံလင် လေရဟတ်ရှင် ထုတ်လွှင့်နိုင်အောင် ဝင်ရောက်အား

ဖြည့် ကူညီရတော့မှာပေါ့"

ချိုရှရှ ရီဝေဝေ မဖြစ်ဘဲ မူလပထမ သွားကျိုးရှုံ့မဲ့စေပြီးတော့ ဗိုက်

အောင့်ချင်သလိုလို၊ စအို ရှုံ့ချင်သလိုလို ဖြစ်လာစေသော ခေါင်ရည်ကို ဆက်

မသောက်တော့ဘဲ အစ်ကိုလေးနဲ့အတူ ချက်ကြီးလိုက်သောက်ကြသည်။ အရှိန်

လေးရစပြုလာတော့ ယောင်ယမ်းပြီး နှမ်းဖတ်ချဉ်ကို လက်ညှိုးနဲ့တို့ကာလော်ကာ

မြည်းမိသေးသည်။

ထိုအချိန်မှာ ပုဆိုးတိုတို ခါးပုံစလေး ပိုက်ကာ ကိုသာညြကြီးရောက်

လာသည်။ ကိုသာညြက မြင်သမျှ ဗိုင်းကို လိုက်နှုတ်ဆက်သည်။

"ဟော့ ချက်ပေါ် ... မူးနေပြီလား"

"မူးနေပြည် မရှိဘူး ... ပျဉ်းမနားနေပြည်ပဲရှိတယ်"

"နောင်ကြီး ခါးပုံစထဲမှာ ဘာပါလာလဲ"

ကိုသာညြ ချက်တဲကိုလာရင် ဒီလိုပဲ အမြည်းကို ခါးပုံစထဲထည့်ယူ

လာတတ်လေ့ရှိကြောင်း အစ်ကိုလေးက ပြောပြသည်။

"စားမလို့လား ... ဆိတ်ကတုံးသား"

အချောင်ရလိုရငြား စကားစသူများ လက်တွန့်သွားကြသည်။ အဖော်

လုပ်မိသမျှ နှမြောသွားဟန်ဖြင့် အားလုံး အရေးမစိုက်ကြတော့။

"ဘာလဲဗျ ... ဆိတ်ကတုံးသား"

အတွတ်က နားမရှင်းလိုက်မမိသဖြင့် အစ်ကိုလေးကို မေးသည်။

"ဆိတ်ကတုံးဆိုတာ ချို(ဂျို)မပါတဲ့ ဆိတ်လေကွာ၊ ဟိုဒင်း မဏိစ

အသားကိုပြောတာ"

အစ်ကိုလေးပြောလိုက်မှ နားပိုရှုပ်ရသည်။ ကြိုကြိုဖန်ဖန် မဏိစန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



တို အရက်နဲ့မြည်းရတယ်လို့ ... ကျွန်စစ်သားနဲ့ အနော်ရထာ အသေခံသည် ရတဲ့ကြားထဲမှာ သူတို့က နှိုက်မြည်းကြသေးသည်။

"ဒါဆို အစ်ကိုလေးတို့ လူသားစားတာပေါ့"

ကျွန်တော့်မှာဖြင့် အံ့သြတကြီး မျက်လုံးပြူးကာ အမှုးတောင် မေ့ ချင်သလိုလို ဖြစ်သွားရသည်။

"ဘယ်ကလာ ဖာတ်တူသား စားရမှာလဲ"

"ဒါဖြင့် မဏိစန္ဒာ စားကြတယ်ဆို"

"ဟား ဟား ဟား ... ဝေးပါ့ကွာ၊ မြို့သားဖြစ်ပြီး ဒါတောင်မသိဘူး လား၊ မင်းတို့မြို့သားတွေ တောရောက်ရင် အတီးအတ ဂွတီးဂွကျ အူလည်လည် ဖြစ်ရတာပဲမို့လား"

အစ်ကိုလေးက ကိုယ့်ကိုယ်ကို အထင်ကြီးဂုဏ်ယူမိနေသော ကျွန်တော် စိတ်မာနကို ချိုးဖဲ့ပြီး ရစရာမရှိအောင် လှောင်တော့သည်။

"မဏိစန္ဒာ သီချင်းအစမှာ ဘယ်လိုအော်လဲ"

"ဝိုဝိုး ဝိုဝို ... ဝိုဝိုဝိုး ... ဝိုဝိုဝိုးဝို့ ... ဝိုဝိုဝို"

အတွတ်က နောက်ခံဟာမိုနီ ခြေဆင်းလေးပင် အားတက်သရော ဝင်ညည်းပြလိုက်သေးသည်။

"အေး ... အဲဒါမျိုး ညဘက်အူတဲ့ကောင်ကွာ"

"ကိန် ... "

လတ်လတ်ဆတ်ဆတ် ဝင်အူထားသော အတွတ်တစ်ယောက် နင်သွား လေသည်။ မြွေးညှော်ရိုးကိုပင် ပြန်စမ်းမိစေတော့သည်။

"ဟာဗျာ ... အစ်ကိုလေးကလဲ သူ့အရပ်နဲ့သူ့ဖာတ် သူ့အခေါ်အဝေါ် နဲ့သူ့အမှတ်အသားပေါ့၊ ကျွန်တော်တို့မြို့မှာတော့ ဒီလိုမခေါ်ဘူးဗျ၊ ဟောင်ကောင် သားဆိုလဲ ဟောင်ကောင်သားလို့ ပြောလိုက်ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အနားသို့ ကိုသာညြရောက်လာပြီး ဝင်ထိုင်လေသည်။ ခါးပုံစဖြေကာ မွေးတေးတေး အနံ့ဖြင့် နီရဲရဲ အသားမြှောင်းတုံးများ ပန်းကန်ထဲ လာထည့်သည်။

"အလကား ငါလျှောက်ပြောတာ ဟိုကောင်တွေသိရင် တောင်းပြီးမြည်းမှာစိုးလို့ ဒါ ... အမေလှမ်းထားတဲ့ အမဲခြောက်မီးဖုတ်ကွ ... "

ကိုသာညြခမျှာ ကျွန်တော်တို့ကို မျက်နှာလုပ်ပြီး ညည်းခံချင်လွန်းလို့ ဝိုင်းအဆင့်ဆင့်ကို ဖြတ်ကျော်လာကာ အရာမယွင်းဘဲ အပါသယ်လာခြင်းဖြစ်သည်။

တောခလေ့ တောသဘာဝကတော့ ဓါတ်စာအစုံအလင် မှတ်စရာတစ်ပုံတပင်ဖြင့် ပြောစရာကို ဖြစ်နေတော့သည်။

❊....❊



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

ကိုသာညွှ လုပ်ကိုင်ပေးရသော လယ်များမှာ ကေ ရာချီသဖြင့် ရွာ အနောက်ဘက် အတန်လှမ်းသည်အထိ ကျယ်ပြန့်လေသည်။ သူ့လယ်တဲမှာ ရွာနှင့်(၃)မိုင်ကျော်ကျော်လောက်ကို ဝေးသည်။

ငင်းလယ်တဲသို့ စပ်စပ်စုစု ကျွန်တော်တို့ လိုက်သွားသည်။

လူနှစ်ယောက် အိပ်စာမျှ ကွပ်ပျစ်ကလေးကို အမိုးအကာအရံဖြင့် ဆောက်နာစာဖွင့် တဲကလေးဖြစ်သည်။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိုးခွက်ပလုံး အစဉ်ကလျားကလွဲပြီး ဘာအဆောင်အယောင်မှ ရှိမနေပေ။

တံခါးမရှိ ဓါးမရှိ ပစ်ထားသော်လည်း ရိုးသားကြိုးစားသည့်တောလေ့ ရှိသူများပီပီ သူ့လယ်ကိုယ့်လယ် သူ့တဲကိုယ့်တဲ ဝင်မစွက်ဖက်တတ်ကြ။ မြို့ပြ မှာဆိုလျှင်တော့ အနည်းဆုံး လမ်းပျော်များ အကြိုက်တွေ့နိုင်သည်။

"ကဲ ... ထိုင်ကြဦးကွာ၊ ငါ ရိုးထဲငါးရှဉ့်ထောင်ထားတာ ငါးရှဉ့်ပုံး ဆွဲ သွားဖော်လိုက်ဦးမယ်"

ကျွန်တော်က ခေါင်းအသာညိတ်ပြပြီး ခေါင်းရင်းဘက်မှ ဘုရားစင်သို့ မော်ကြည့်မိသည်။ ဘုရားစင်မှာ ပန်းတွေကခြောက်ပြီး၊ သောက်တော်ရေခွက်

www.burmeseclassic.com



မှောက်နေသည်။ ဆွမ်းပန်းကန်လည်း မှောက်ထားသည်။

ကျွန်တော် အကဲခတ်နေတာကို သတိပြုမိသော ကိုသာဩက မရိုသွားဖြဲ ကလေးပြုံးရင်း ပြောရှာသည်။

"တို့ဘုရားလဲ ပရိနိဗ္ဗာန်စံသွားပေလို့ပဲ ငါ့တဲကဘုရားသာ သက်တော် ထင်ရှားရှိလို့ကတော့ကွာ ဆွမ်းမဘုန်းရလို့ ကံတော်ကုန်မှာပဲ ..."

သူက တဲကိုယ်ကပ်ရတယ်လို့ သိပ်မရှိပေ။ နှစ်ရက် သုံးရက်နေမှ တစ်ခါလာအိပ်၊ နှစ်ရက်လောက်အိပ်ပြီး တစ်ခါရွာပြန်သွား။ ဟိုလယ် ဒီလယ်ကူ ချည်သန်းချည်ဖြင့် ပိုင်းရသည်ကလည်း ရှိသေးဆိုတော့ အခက်သား။

တဲမှာ ယုံကြည်အားထားပြီး ကိုးကွယ်ထားသည့် ဘုရားစင်၌ ပန်းတွေ ခြောက်သယောင်းပြီး၊ သောက်တော်ရေခွက်မှောက်လဲလို့ ဆွမ်းကပ်ရချိန်ပင်မရှိ ဖြစ်နေတတ်သည်။ ဤအဖြစ်ကို အားမလိုအားမရဖြစ်ကာ အားနည်းချက်ဝန်ခံ သည့်အနေဖြင့် ကိုသာဩက ပြောပြပြီး ထွက်သွားလေသည်။

အတွတ်ကတော့ ရှုမဆုံးသည့် လယ်ကွင်းပြင်တစ်ဆုံး လိုက်လံငေးမော ရင်း ညည်းရှာသည်။

"ပျင်းစရာကြီးကွာ ... ငါသာ ဒီမှာတစ်ယောက်တည်း လာနေရရင် ရူးကြောင်ကြောင်ဖြစ်သွားမှာ သေချာတယ်"

"ကောင်းတာပေါ့ကွ၊ ကိုယ်ရူးတာ လူမသိတော့ဘူးပေါ့ ..."

ကျွန်တော် စကားနာထိုးပြီး အတွတ်ကို ရန်စလိုက်သည်။ အတွတ်က လည်း ပြန်ခံပက်ကာ အကျောမခံ။

"အဲဒါဆို မင်းရူးကြည့်ပါလား ... တစ်နေ့လုံး ရူးလို့မှ စာခြောက် ရုပ်က ကိုယ်ရူးမှန်း သိခွင့်မရှိတာ တစ်ပန်းသာတာပဲ"

အရူးဟု အထင်သေး လှောင်ပြောင်ခံရခြင်းမှ ကင်းဝေးစေသော မဲဇာ တစ်ခုဟုပင် ကြံဖန်ဂုဏ်ယူရမည်။ ဆတ်ဆတ်ခေါ်ခေါ် ရှိသောအတွတ်



www.burmeseclassic.com

www.burmeseclassic.com



က လယ်ကန်သင်းအတိုင်း ခြေသလုံးလေအပြည့်ဖိုး၍ ခြေရှည်လေသည်။

တစ်ခုသော လယ်ကန်သင်းအနားဝယ် စာခြောက်ရုပ်တစ်ရုပ် ရှိလေ၏။ ထိုစာခြောက်ရုပ်နှင့် မျက်နှာချင်းဆိုင်တွင် ရေအိုင်ချိုင့်တစ်ခု ရှိသည်။ ရေသွင်းရေထုတ်မြောင်း၏ အနက်ဆုံးနေရာလည်း ဖြစ်သည်။ ရေတိုက်စားမှု ဒဏ်ကြောင့် ချိုင့်ခွက်ကြီးဖြစ်နေခြင်းပင်။

ထိုရေမြောင်းနှင့် စာခြောက်ရုပ်ကြားဝယ် လယ်ကန်သင်းရိုးတစ်ခု ခြားထားသည်။

ကျွန်တော် တဲကပြင်မှာ ငြိမ့်ငြိမ့်လေးထိုင်ရင်း လေကောင်းလေသန့် ရှူနေမိသည်။ ခြေလက်အငြိမ်မနေနိုင်သူပီပီ ခြေထောက်နှစ်ချောင်း တွဲလောင်းချကာ ရှေ့တိုးနောက်ငင် လှုပ်ရမ်းနေမိသည်။

ထိုအခိုက် ကျွန်တော့်သူငယ်ချင်းကြီး အတွတ်ကို လှမ်းကြည့်မိကာ မျက်မှောင်ကုပ်ရသည်။

ဖြစ်ပုံက အတွတ်တစ်ယောက် ဖလန်းဖလန်းထပြီး ခြေလှမ်းအတော မသတ်လာခဲ့ရာမှ ရေအိုင်အတွင်းမှ ငါးပေါက်တွေဖမ်းစားဖို့ ချောင်းနေသည့် မြွေကိုမြင်သည်။

မြွေကတော့ ရေမြွေပါပဲ။ သို့သော်လည်း မြွေမြင်ရင် အသည်းယား တတ်သူပီပီ ထခုန်သည်။ စပ်စပယူးထပြီး ခုန်လိုက်ကာမှ ကန်သင်းရိုးနှုတ် ခမ်းနင်းမိကာ ခြေချော်ကျသည်။

ချော်ကျလိုက်သမှ မြွေရုပ်မြင်ရုံဖြင့် အတန်းထဲမှာ မေ့လဲဖူးသော အတွတ်က မိရာဖမ်း၍ ဆွဲမိဆွဲရာ ဆွဲတော့သည်။

ရိုးရိုးဆွဲလျှင် တော်သေး၏။

သူဆွဲထားမိသည်က စာခြောက်ရုပ်။ စာခြောက်ရုပ်တောင် မြင်ဖူးနေကျ စာခြောက်ရုပ်မျိုး မဟုတ်။ မြို့မှာအဝတ် အထည် ဖက်ရှင်ဆိုင်များတွင် အဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ပြသည့် ကော်ပတ်ရုပ်၊ ကော်သား မော်ဒယ်လ်ဂဲလ်ရုပ်ပင်။

ကိုသာညြတို့ စာခြောက်ရုပ်က အဲသလိုခေတ်မီပြီးသား။ မန္တလေးက ဝယ်လာတာပဲလား။ အမှိုက်ပုံက ကောက်လာသည်လား မပြောတတ်။

ထိုမော်ဒယ်လ်ဂဲလ် မိန်းမရုပ်အပေါ်ပိုင်းလုံးတီးကို စာခြောက်ရုပ်လက် ဝါးကပ်တိုင်ဖြင့် ပူးချည်ထားသည်။ ဆံပင်ရှည်တွန့်တွန့်များတောင်ပါသည့် ဖိုက် ဘာကြွေရုပ် စာခြောက်မင်းသမီးလေး။

ကိုသာညြကြီးက ဆွိတ်ကြော်ငြာ စပွန်ဆာရထားသည့်အလား ဘော်လီ အစုပ်တောင် ဝတ်ပေးထားသေးသည်။

ထိုစာခြောက်ရုပ် မိန်းမကို မီရာဆွဲကိုင် လိုက်သော အတွတ်၏လက်က အရှေ့ဘက်အပေါ်ပိုင်း မဖွယ်မရာ မြင်မကောင်းအောင် ကိုင်မိလျှက်သား ဖြစ် သွားသည်။

အတွတ်ခမျာ လက်တစ်ဖက်က မိမိရရ ဆုပ်ကိုင်ရင်း ရေမြောင်း ကန်သင်းရိုး နှုတ်ခမ်းမှာ တွဲလောင်းလေးဖြစ်နေရှာသည်။

"အဘားဘား ... မွေးမေလေ့ ကယ်ပါဦး"

သို့ကလိုရှိစဉ်မှာပင် ရေစပ်မှ ခြေနှစ်ချောင်း လှုပ်ခတ်မှုကြောင့် မွှေ ငါးကောင်လောက်က သူ့ဆီလားလားလန်းလန်း တွန့်ကာလာတော့သည်။

အတွတ်တစ်ဝတော့ အပေါ်လွတ်အောက်တွယ်ဖြစ်တော့မည်။ နောက် ကျောရေအိုင်ကို ငုံ့ကြည့်ရင်း မွှေ့များကိုမြင်တော့ အသဲကလီကလီ ဖြစ်သွားရ သည်။

"ကျုပ်မိုင့်ဌာ ပေါင်းသာလျှန် အငိုး ... "

မြွေသာစကားပြောတတ်ရင် သနားစရာဟုဆိုကာ ကျွတ်ထိုးစုပ်သပ် သွားမှာသေချာသည်။

စာခြောက်ရုပ် ကော်ပတ်မော်ဒယ်လ်မကတော့ ပြုံးဖြီးဖြီး အမူအရာ

www.burmeseclassic.com



မျက်သော်ငြား သူ့စိတ်ကြောင့် ရှေ့အနည်းငယ် စိုက်စောင်းလာသည်။ အလန့်လွန်ကာ နောက်လက်တစ်ဖက်ဖြင့် လှမ်းဆွဲတော့ မီရာအောက်ပိုင်း ပေါင်ခွကြား ဒါးလုံးတိုင်ကို ကိုင်နှိုက်မိလျက်သားဖြစ်သွားသည်။

ကျွန်တော်လဲ သူ့အဖြစ်ကိုကြည့်ပြီး ခွက်ထိုးခွက်လန် အူနှိပ်နေမိတော့ ရာ ကျူညီရကောင်းမှန်းပင် မသိမေ့လျော့နေသည်။

"ဟာ ဟာ ... ဟော့ သောက်ခွေး၊ မင်းကွာ ... လယ်ထဲလာပြီး နှာမှုး ထနေရသလားကွ"

ငါးရှဉ့်ပုံးများ ဆွဲ၍ ပြန်ရောက်လာသော ကိုသာဩက အတွတ်အဖြစ် ကိုမြင်ပြီး တစ်မျိုးတစ်မည် အတွေးရောက်ကာ လှမ်းအော်တော့သည်။

တွေးမယ်ထင်မယ်ဆိုလဲ ထင်စရာကြီးပဲကိုး။ ကြောက်အားတကြီး ပြူးနေသော မျက်လုံးနှင့် လျှာတစ်လစ်ထွက်နေပုံက အတော်စိတ်ကြွနေသည်နှင့် တူသည်။

လူကြမ်း မင်းသားတွေ ဗီလိန်ခန်းမှာ ဒီလိုအိုက်တင်မီသူတစ်ယောက်မှ မရှိလောက်သေးပေ။

"အောင်မယ်မယ် ... မြို့သားမင်းက လယ်ထဲမှာ လူလစ်ပြီဆိုပြီး ပေါက်စီကိုမဝယ်ဘဲ နှိုက်မြည်းတာပေါ့လေ"

"ဒီမှာ ... ပြုတ်ကျတော့မယ် ... ကယ်ပါဗျ ... "

ကိုရင်သာဩကလည်း ထင်ရာစွတ်အော်သည်။ တစ်ယောက်အသံ တစ်ယောက်မကြားနိုင်ဘဲ အတွတ်ကလဲ ကြောက်လန့်ဇောဖြင့် ပြန်အော်သည်။

"မလုပ်ပါနဲ့ မြို့သားရယ် ... ငါ့စာခြောက်ရုပ်လေးတော့ ချမ်းသာပေးပါဟ ... ကောက်စိုက်သမတွေအတွက် ပါတိတ်သွားဝယ်ရင်း ဈေးချိုက အဆစ်တောင်းလာတာပါ"

"အား ... ကျတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



ချွေးသီးချွေးပေါက်များ ပြိုက်ပြိုက်ကျကာ အသားကုန်အော်ဟစ်သဖြင့် လည်ချောင်းမှာ အသံအစ်ပြီး တိမ်ဝင်သွားသည်။ ကိုသာညြတစ်ယောက်အတွက် အနားရောက်လာမှ အဖြစ်သနစ် အစုံအလင်ကို ရိပ်မိတော့သည်။

"ကိုသာညြ ... အဲဒီကောင် တကယ်ချော်ကျတာ"

"ဟေ ... "

ကိုသာညြ အတွတ်၏ ပုံပန်းသဏ္ဌာန်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ငါးရှဉ့်ပုံးများ ပစ်ချလိုက်သည်။

"ကျသွားတော့လည်း ဘာဖြစ်လဲ ... ပလုံပေါ်ကွာ၊ ဘဦးရေကူးလိုက် ရုံပေါ့ မဟုတ်ဘူးလား"

"လုပ်ကြပါဦး ... ကျွန်တော် ရေမကူးတတ်ဘူး၊ အီး ... အောက် က ကိုက်သမျှ နာဒယ် ... ဟယ်ဟယ်ဟယ် ... "

ခြေသလုံးလောက် မြုပ်နေပြီဖြစ်သော အောက်ပိုင်းကို မျှော့များ အမီးအရ ဖမ်းဆော်လေပြီ။

"အဟေဟေး ... မြို့သား ... ရယ်ရသကွာ"

ကိုရင်သာညြက အရေးထဲမှာ တန်းလန်းကြီး ဒုက္ခများနေသည့်အတွတ် အဖြစ်ကိုမြင်ပြီး သဘောကျနေပြန်သေးသည်။

"မြို့သားကောင်လေး ... မင်းမှာ အစ်မရှိလား"

"ဗျာ ... မရှိဘူး အစ်ကိုကြီး"

"အေး ... ဒါဆိုလဲ ဆွဲမတင်ပေးတော့ဘူးကွာ"

ရုပ်တည်ကြီးနဲ့ တောသားလူလည် နောက်တီးနောက်တောက် စကား ဆိုသည်။ အခွင့်သင့်တုန်း ကိုရင်တို့ကတော့ အကျပ်ကိုင်လေပြီ။ ကျွန်တော်လဲ သူတို့နှစ်ဦး အပြန်အလှန် တုန့်ပြန်မှုကိုကြည့်ကောင်းကောင်းနှင့် ကြည့်နေမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာဂျာ ... ကိုရင်သာညြ ခင်ဗျားကြီးဗျာ၊ အီး ... အဒေါ်တွေ ရှိတယ်"

"အေး ... ဒီလိုလိမ္မာမှပေါ့ ဘယ်နှစ်ယောက်ရှိလဲ"

တစ်ယောက်တည်းဆိုရင် ကယ်ချင်စိတ်နည်းနေဦးမှာမို့ အတွတ်က ပိုပိုသာသာ ပြောလိုက်သည်။

"ဆယ့်တစ်ယောက် အမျိုးသမီး ဘောလုံးတစ်သင်းစာ"

"အေးဟေးဟေး ... ဟန်ကျသကွာ ... ငါ့ပေးမှာလား"

အရေးထဲ ငတ်ကြီးက ကျနေပြန်ပြီ။ မြေကျစ်ခဲနဲ့ ကောက်ထုချင်စရာ တော့ကောင်းနေပြီ။

"ပေးမယ် ... ပေးမယ်ဗျာ"

"ဒီလိုမှပေါ့ ဆရာကြီး ... လက်ဖက်ရည်ဖိုးနော်၊ တီးမစ်ထုပ်တော့ လာမပေးနဲ့"

"လုပ်ဗျာ ... ဆွဲကူမှာဖြင့် မြန်မြန်ကူ"

အတွတ်က အသည်းပေါက်သံဖြင့် ဆောင့်ကြီးအောင့်ကြီး အော်လေ တော့သည်။

ဒီတော့မှ ကိုရင်သာညြ ကမန်းကတန်း ဆွဲတင်သည်။ ကန်သင်း ဘောင်ပေါ်ရောက်တော့ အတွတ်ခြေထောက်မှာ မျှော့သုံးကောင် တန်းလန်းပါ လာသေးသည်။ မျှော့တွေဆွဲခွာရင်း သူ့အဖြစ်သူ စိတ်ပျက်လက်ပျက်ဖြစ်နေ သည်။

စိတ်ခိုးရမည့်အစား စိတ်သက်သာရာ ရသွားပြီး မချိသွားဖြမိသေးသေး

"အလကား နောက်တာပါ ငါ့ညီရာ ... မင်းက တန်းလန်းကြီးနဲ့ ပြီးတော့ ... ငါ့စာခြောက်ရုပ်မကို ဟိုနေရာကိုင်ထားတော့ နောက်ချင်ပြောင် ချင်လာတာပေါ့ကွာ ဟား ဟား ... "



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သာညြ မျက်လုံးနှစ်လုံး ပိတ်သည်အထိ သဘောကျသွားသည်။ ကိုရင်နဲ့ထပ်တူ လိုက်ပြုံးမိသည့် ကျွန်တော့်ကို အတွတ်က ပေစောင်းစောင်း ကြည့်ပြီးကာမှ ကျေနပ်သွားလေသည်။

"မင်းတကယ်ပေးမှာလား"

"လာမပြောနဲ့ အသေခံလိုက်မယ် ... ဘာလို့ပေးရမှာလဲ"

"တကယ်နော် ... "

ကိုရင်သာညြက ကျွန်တော့်ကို မျက်စိမှိတ်ပြကာ အချက်ပေးသည်။

"တစ် ... နှစ် ... သုံး"

နှစ်ယောက်သား တိုင်ပင်ညီတူခေါ်ပြီး အတွတ်ကို ချိုင်းကြားမှမကာ လွှဲပစ်ဟန်ပြင်သည်။ ရေအိုင်ကို လှမ်းငေးရင်း အတွတ်က ကြောက်လန့်တကြား အော်လေသည်။

"အား ... ကြောက်ပါပြီဗျ၊ ပေးဆိုပေးပါ့မယ်"

"ဒီလိုမှပေါ့ အသေခံမယ့်ကောင်ကြီးရဲ့ ... မင်းတို့မြို့သားတွေ သတ္တိနည်းလိုက်တာကွာ၊ အခြောက်တွေကျနေတာပဲ ... "

ဒါကတော့ တစ်ဆိတ်လွန်လွန်းပြီထင်ပါရဲ့။ ကိုယ်ထိတော့ မချိအောင် နာရလေသည်။ ကိုယ်တွေမှ မဟုတ်ပါဘူး လူကြမ်းတွေ အခြောက်လုပ်၊ မင်းသားတွေ ဆယ်ကျော်သက် အသဲစွဲ အဆိုတော်တွေလဲ အခြောက်ရုပ်ပေါက်နေကြသေးတာပဲ။

"မင်းတို့မှာ အဝှာမပါတဲ့အတိုင်းပဲ ... နင့်အမေဂလိန်း၊ ဒါလေးတောင် ကြောက်ရသလားကွ"

"ကြောက်တာပေါ့ဗျ ... ချောက်ကြီးက အနက်ကြီး၊ ပြီးတော့ မြွေတွေရော မျှော့တွေကော"

"ကိုရင်သာညြ အခုလို ကွင်းထဲမှာအော်ဆဲပြီး ဖားငါးတွေ လျှောက်

www.burmeseclassic.com



သတ်နေတော့ ကိုယ်စောင့်နတ်က ကြိုက်ပါ့မလားဗျ"

ကျွန်တော်က မိကျောင်းသားလျှာရှည်ကာ ကိုရင်သာညြကို မေးလိုက်သည်။ ဒီတော့ ကိုရင်က ဘာပြောတယ်ထင်လို့လဲ။

"ငါ့ကိုယ်စောင့်နတ်က ငါ့အနားမကပ်တာ ကြာပြီ"

"ဘာဖြစ်လို့လဲ ... နတ်ပြည်က ပြန်မလာနိုင်လို့လား"

"အေးလေ ... လဝက ကပဲ ပေးမဝင်လို့လား"

ကိုရင်သာညြ ကျွန်တော်တို့ထင်ကြေးများကို ခေါင်းခါပြီး ငြင်းချက်ထုတ်သည်။

"မဟုတ်ဘူးကွ ... တကယ်တော့ ... "

"ဩော် သိပြီ သိပြီ ... ကိုရင့်ရဲ့ ကိုယ်စောင့်နတ်က ညွှဲစာရင်းတိုင်ရလို့ မလာတာဘဲ ဖြစ်မယ်"

"ဘယ်ကလာ ဖလိုက်မမီလို့ တစ်မိနစ်နောက်ကျပြီး ရထားကြီး ထွက်သွားတာကွ"

ကျွန်တော်နှင့်အတွတ် ပေါက်တတ်ကရ ထင်ကြေးများပေးကြလေသည်။ ကျွန်တော် တွေးထင်တာ အကုန်အစင်လွဲချော်စေသော အကြောင်းပြချက်က သူ့ထံမှာ အဆင်သင့်ရှိနေသည်။

"တကယ်တော့ ကိုယ်စောင့်နတ် မျက်စိလည်သွားတာကွ"

ဘုရားရေ ... ကိုယ်စောင့်နတ် မျက်စိလည်သတဲ့။ ကိုယ်စောင့်နတ်တောင် မျက်ခြေပြတ်အောင် ဖြတ်နိုင်တဲ့အာဂလူသားပင်။ အံ့ညြပါရဲ့ ကိုရင်သာညြရယ်။

ကိုယ်စောင့်နတ်များ မျက်စိလည်ပြီး သူနဲ့ဆင်တူသူ အခြားတစ်ယောက်ဆီရောက်သွားလေသလား။ တွေးတောစရာပင်။

ဒါပေမဲ့ မဖြစ်နိုင်ပေ။ ကိုယ်စောင့် နတ်ပါဆိုမှ အစစအရာရာ သိပေ

www.burmeseclassic.com



ခေသူ့ လူထက်ပိုသိ ပိုမြင်နိုင်စွမ်းရှိလို့ လူကိုစောင့်နေတဲ့ နတ်ပါဆိုမှ။ ဒီလိုနတ်ကို တောင် မျက်စိလည်အောင်လုပ်နိုင်တာ နည်းတဲ့အစွမ်းလား။ ဘဲ့တွေများ သိဒ္ဓိ ပေါက်ထားလေသလဲ အပြေးအလွှား စဉ်းစားကာ အတွေးပွားမိလေသည်။

ကိုရင်သာသြကတော့ မိန့်မိန့်ကြီးတောင် ပြုံးလျှက် ပြောသည်။

"မင်းတို့ပဲ စဉ်းစားကြည့်လေကွာ ... ငါက ဒီတဲမှာ လာအိပ်လိုက် အိမ်ပြန်လိုက်၊ သူများတဲသွားလိုက်၊ ရွာထဲသွားလိုက်နဲ့ လုံးချာလည်လိုက်နေတဲ့ ဟာ ... "

"အဲဒီတော့ ဘယ်လိုမျက်စိလည်မလဲ ကိုယ်စောင့်နတ်က"

"ဝေးပါ့ကွာ ... ငါတဲရောက်နေရင် ကိုယ်စောင့်နတ်က အိမ်ရောက် ချင်ရောက်နေပြီ၊ ငါရွာထဲသွားမလို့နဲ့ ချစ်မောင်တဲရောက်သွားရင် ရွာထဲမှာ အဲဒီကိုယ်စောင့်နတ် ကျန်ခဲ့ရောပေါ့ကွ"

ကျွန်တော့်မှာ ကိုယ့်ပါးစပ်နှင့်ကိုယ် အာချောင်မိရာမှ မျက်လုံးလေး ပြူးကလယ် ပြူးကလယ်ဖြစ်ရင်း ကျန်ခဲ့ရတော့သည်။

"မှတ်ပလား ခံပေါ့ ... "

အတွက်ကလည်း သာသာနဲ့နာနာနှက်ကာ ဆွမ်းကြီးဝင်လောင်းသွား သေးသည်။ ကိုရင်သာသြကတော့ ငေါက်ဆတ် ငေါက်ဆတ်ဖြင့် လယ်တဲဆီ ထွက်သွားလေသည်။

လယ်တဲရောက်တော့ ကိုရင်သာသြက ငါးရှဉ့်ဆီပြန်ဟင်း လတ်လတ် ဆတ်ဆတ် ချက်ကျွေးသည်။ ဒါကျတော့လည်း တောသားကိုလူလည်က သဘော ကောင်း မနောကောင်း ဖြစ်သွားပြန်ရော။

"ကိုရင်သာသြကို ပိုင်းစိန်မတို့ ဂွက်ထော်မတို့က ခေါ်ရင် ဘယ်လိုခေါ် လဲ"

စပ်မိစပ်ရာ ထွေရာလေးပါး မေးမြန်းစူးစမ်းကြည့်သည်။ သွားရည်ကျ မတတ် ပြုံးဖြီးရင်း ကိုရင် ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်နှမနင် ခေါ်သွားပါလား ... ပါးကျိုးသွားမယ်"

အားရှိစရာ ကောင်းပါဘိ။ လက်ဝါးကြမ်းကြီးတောင် ထောင်ပြလိုက်သေး။

ကျွန်တော်တို့ လယ်ထဲမှာ ခွက်ခွက်လန် ခေါင်းမဖော်ခဲ့ရစဉ်က အလှောင်ဆုံးပွက်ထော်မလည်း ပါလေသည်။ သူ့လက်ဝါးကြီးက အထင်ရှားဆုံးဖြစ်အောင် ထောင်ပြနိုင်စွမ်းရှိပြီး နှုတ်ခမ်းကလည်း မိန်းကလေး ငါးယောက်ထဲမှာ အချွန်ဆုံး အထော်ဆုံးပင်။

တောသူဆိုတာ ဘွင်းဘွင်းရှင်းရှင်း မာယာမရှိကြောင်း အတွက်တစ်ယောက် ပယ်ပယ်နယ်နယ်ကြီး သိလိုက်ရသည်။

ကျွန်တော်တို့လို ခွဲ့တဲ့တဲ့ ဂျက်စတင်ဘီဘာချောချောသူ နှစ်ယောက်ကိုတော့ ကောင်းကောင်းနပန်းဖက်လုံးနိုင်သည့် ကိုယ်လုံးကိုယ်ပေါက်ရှိသောကြောင့် ကိုယ်ရှိန်တန့်ပေမယ့် ခြေလှမ်းတစ်ချက်မတွန့် အပြုံးတစ်စ မပြယ်သေးပေ။

"အောင်မယ် ... နတ်ပြည်က ကြယ်တွေကြွေပြီး နတ်သမီးလေးတွေ လူ့ဝင်စားတာ ဒီမှာလာစုနေကြတာပဲ နာမည်လေး ဘယ်လိုခေါ်လဲဟင်"

"လာယ်ပါဦး ... လို့ ခေါ်တာပေါ့"

ကိစ္စကို တုံးရောမဟုတ်လား။ ကျက်ဆံမြီးလေး ဘယ်ညာချထားသောကလေးမက ချက်ချင်းတုန့်ပြန်လိုက်လေသည်။

"မ, လာပါဦးရေ ကိုယ့်နာမည်က နေမင်းစံပါ လမ်းတွေ့ရင်ခေါ်နော်။ သွေးမကြီးတတ်ဘူးမို့လား ..."

"ခေါ်မှာပေါ့ ... လာလာလာလာ ဒီးဒီဒီးဒီ ..."

မချောလေးက ဘဲအုပ်ခေါ်သလို ခေါ်ပြနေတော့ရာ ကျွန်တော့်ကအတောင်ပံခတ်ပြီး တဂတ်ဂတ်အော်ရမည့်ကိန်း ဆိုက်သွားသည်။

အတွက်မျက်နှာကြီး နီမြန်းပြီး ဂနာမငြိမ်ဖြစ်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

**အခန်း (၉)**

နတ်ကနားပွဲသို့ ဟိုမှ ဒီမှ အလျှိုလျှိုဖြင့် ထိုက်သင့်သ၍ အလှအပ ခြယ်သကာ ပျိုမေတွေ တစ်ဖွဲဖွဲ ရောက်လာကြသည်။ ပွဲတော်လှသော ရှာမီ့ အိမ်တွင်းပုန်းတော့ရော အိမ်တွင်းမပုန်းတွေပါမကျန် မပုန်းတပုန်း (ကျိုပုန်း) နတ်ကတော်များရှိရာ လာကြသည်။

အလှဆုံး အဖြောင့်ဆုံး အတောင့်ဆုံး တစ်အုပ် ကြွကြွရွရွလေး လှမ်းလာသည်ကိုကြည့်ပြီး အစ်ကိုလေးက စကားစသည်။

"ကဲ မြို့သားတွေ ... မင်းတို့အစွမ်းအစ ဘယ်လောက်ရှိလဲ ကြည့်ချင်တယ်ကွာ လုပ်စမ်းပါဦး"

ဒါမျိုးကို သာမီးက လက်ဖက်ထက်တောင် ကြိုက်သေးတယ်ဆိုတာမျိုး မို့ ဘယ်နေလိမ့်မလဲ။ ကြောင်တာချင်းတူရင် တိုက်စားပေးမယ်ဆိုတဲ့အတွတ် က ခြေလှမ်းသွက်သွက်နဲ့ အပျိုတစ်သိုက်နား သွားလိုက်သည်။ ပြီး ... လယ်ထဲမှ အထာကို သတိရလေသလား မသိ၊ သီချင်းလေးနှင့် Intro ဝင်သည်။

"ဟိုရှေ့က ခင်ပျိုရယ် x x x ရုပ်အဆင်းက ချောလှတယ် x x x ဘာရယ် မှာမနေနဲ့ကွယ် x x x မြို့ကိုသာ မောင်ခေါ်မယ် x x x"



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

နတ်ကနားပွဲသို့ ဟိုမှ ဒီမှ အလျှိုလျှိုဖြင့် ထိုက်သင့်သ၍ အလှအပခြယ်သကာ ပျိုမေတွေ တစ်ဖွဲဖွဲ ရောက်လာကြသည်။ ပွဲတော်လှသော ရွာမှီ အိမ်တွင်းပုန်းတွေရော အိမ်တွင်းမပုန်းတွေပါမကျန် မပုန်းတပုန်း (ဂျိုပုန်း) နတ်ကတော်များရှိရာ လာကြသည်။

အလှဆုံး အဖြောင့်ဆုံး အတောင့်ဆုံး တစ်အုပ် ကြွကြွရွရွလေး လှမ်းလာသည်ကိုကြည့်ပြီး အစ်ကိုလေးက စကားစသည်။

"ကဲ မြို့သားတွေ ... မင်းတို့အစွမ်းအစ ဘယ်လောက်ရှိလဲ ကြည့်ချင်တယ်ကွာ လုပ်စမ်းပါဦး"

ဒါမျိုးကို သာမိုးက လက်ဖက်ထက်တောင် ကြိုက်သေးတယ်ဆိုတာမျိုးမို့ ဘယ်နေလိမ့်မလဲ။ ကြောင်တာချင်းတူရင် တိုက်စားပေးမယ်ဆိုတဲ့အတွက်က ခြေလှမ်းသွက်သွက်နဲ့ အပျိုတစ်သိုက်နား သွားလိုက်သည်။ ပြီး ... လယ်ထဲမှ အထာကို သတိရလေသလား မသိ၊ သီချင်းလေးနှင့် Intro ဝင်သည်။

"ဟိုရှေ့က ခင်ပျိုရယ် x x x ရုပ်အဆင်းက ချောလှတယ် x x x တောရပ်မှာမနေနဲ့ကွယ် x x x မြို့ကိုသာ မောင်ခေါ်မယ် x x x"

www.burmeseclassic.com



"မောင်မောင်ခေါ်လို့ ဗျာမထူး၊ အောင်ကျော်ခေါ်မှ ဗျာထူးရင်း ငါရှုံးရာ ကျသွားမှာပေါ့ ... ဗျာလို့ ရှိရှိသေသေထူးတာပေါ့ဟ"

"ဒါဆို အစ်ကိုလေးတို့ ကျွန်တော်တို့က ခေါ်ရင် ဘယ်လိုထူးမလဲ"

"ဟေလကွာ ... တို့ ဘာတုန်းကွ ... တို့ ထူးမှာပေါ့"

"အဲဒါကြောင့် ခင်ဗျားကို အစ်ကိုလေးကပြောတာ၊ နှာဗူးကြီးတဲ့"

"ဒီကောင် ... အောင်ဘိုက ငါ့ကိုဒီလိုပြောတယ်"

"ဟီးဟီး ... ဟုတ်ပ"

အစ်ကိုလေးနာမည်ကို ခုတုံးလုပ်ပြီး နှိပ်ကွပ်လိုက်မှ ခဏတာ ရှုံးရှုံး ရှားရှားလုပ်ပြီ၊ ပြောသလိုဟုတ်နေ၍လားမသိ ငြိမ်သက်သွားသည်။

"ကိုရင့်တဲက လေကောင်းလေသန့် ရတယ်၊ အေးလို့ ချမ်းလို့ပဲ တစ်ရေးတမောလောက် အိပ်လိုက်ရရင် သိပ်ဖိမ်ကျမှာပဲဗျနော် ... "

အတွတ်က ဖိမ်ခံတိုက်ခန်းထက် ပိုသဘောကျ သံယာမိကာ ကိုရင်သာညြအကြိုက် မြှောက်ပင့်ပြောလေသည်။

"ဟာ ... ဟော့ ... မလုပ်ပါနဲ့ကွာ၊ ဒီမှာညအိပ်လို့မဖြစ်ဘူး၊ ငါအိပ်ပျော်နေတုန်း မင်းဟိုစာခြောက်ရုပ်မအနား သွားကပ်ရင် ကျိုးကြေကုန်ပါ့မယ် ငါ့လူရယ်"

ကိုရင်က ရွှတ်နောက်နောက်ပြောပေမယ့် အတွတ်က ဘယ်လိုလုပ် ပြီး ကျေချမ်းနိုင်ပါ့မလဲ။

"သူများတကာကျ မရမက တောင်းပြီး သူ့ဟာကျ သက်မဲ့ကော်ရုပ် တောင် မသထာဘူး"

ဗျစ်တီးဗျစ်တောက် ရေရွတ်လိုက်သံကြောင့် တခွီးခွီး ဖြစ်ကြရလေ သည်။

❀ .... ❀



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေးကတော့ တကယ့်ကို ဟိုက်ရှားပါး လက်လန်ရမည့် အမလေးတွေနှင့် ကျွန်တော့်ကို ပေးတွေ့နေပြီမှန်း ရိပ်မိလိုက်သည်။

"ဟိုလေ ... တို့က တကယ်ခင်လို့ လာစကားပြောတာပါ"

"ဟုတ်တယ် ... ခင်များတို့ အရမ်းလှနေတယ်နော် ... ဘာဆေးစားလို့ လှတာလဲဗျာ၊ မြင်ရုံနဲ့ခင်ဖို့ ကောင်းနေပြီ"

ကျွန်တော်တို့လဲ မြောက်ပင့်ပြောပြီး အသိအကျွမ်းဖွဲ့တာပေါ့။ ဘယ်ရလဲ၊ တောသူဆိုပေမယ့်လဲ မိန်းကလေးဆိုတော့ လှတယ်ပြောရင် သဘောမကျသူ ရှိမည်မထင်။

"အဲဒါနဲ့ ကျွန်မတို့က ဘာလုပ်ရမှာလဲ"

"ပြန်ခင်လိုက်ပေါ့ ... ခင်ခင်မင်မင် အသက်ရှည်ရှည်လေ"

"ခင်ရမယ် ဟုတ်လား ... "

"ဟုတ်ကဲ့"

"ခင်ရအောင် ရှင်တို့က ခင်စရာကောင်းလို့လား"

ဟုတ်တော့ ဟုတ်နေပြီ။ စကားအသွားအပြန်ကတော့ ရှိလာပြီ။ ကန္တာရဲ့ ဆောင်းဘောက်မှ ခေတ်ပေါ်တေးဂီတ အသံကလည်း ဆူညံပွက်လောရိုက်သုံစီနေချေပြီ။

"မခင်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ခင်စရာလားလို့ ... ဘာတွေလာပြောနေတာလဲ၊ ခင်စရာလည်းကောင်းဘဲနဲ့ ဟိုနတ်ကတော်တွေထဲ ဝင်ကရင်တော်မှ ခင်ဖို့ကောင်းဦးမယ်၊ ခုသဲ့သဲ့နဲ့ ခရာတာတော့ ခင်ဖို့မကောင်းဘူး ဆရာရေ ... "

"အေးလေ ... နတ်ကတော်ရုပ်နဲ့လာပြီး နုနေသေးတယ်၊ ပျိုးနှုတ်ခင်းလိုက်မှ အရေခွံစုတ်ပြီး၊ အဆစ်တွေ တစ်စစီ ပြုတ်သွားမယ်"

ကောင်းကြသေးရဲ့လား။ ကျွန်တော်တို့ ရုပ်ရည်ခန့်ညားတာ နတ်

www.burmeseclassic.com



ကတော်မာမီများ အုပ်စုထဲပြေးဝင်ရောဖို့ပဲ အသုံးကျမည်ထင်သည်။

"ပြောတော့ ရန်ကုန်သားဆိုတော့ အမေနဲ့ရွာကိုလွမ်းတယ် ... ဘာတွေလာပြောနေတာလဲ မသိဘူး ... ပျင်းသနားဖို့ကောင်းလိုက်တာ"

ကျွန်တော်တို့ ရှုံ့မဲ့မဲ့မျက်နှာလေးဖြင့် ပြန်လည်ချေပစရာ စကားမ ဘဲ ငူငူကြီးဖြစ်နေကြတုန်း လုံမေပျိုတစ်သိုက်ကတော့ ကန္တာရပွဲမဏ္ဍပ်ထဲ သွက် သွက်ကလေး ဝင်သွားတော့သည်။

ကျွန်တော်လဲ မခံချိမခံသာစိတ်ဖြင့် ပိုမိုခံပြင်းလာသောကြောင့် မလျှော့သေးဘဲ မာန်တင်းကာ နွားသိုးကြီးပြတ် ဖွတ်လိုက်မိတော့သည်။ ဟိုတဲ ကြီး အောင်ဘိုကတော့ လှောင်သလို ထေ့သလို ပြုံးဖြုံဖြုံလို့ပင်။

"ဒီမယ်အမိ ... ကျွန်တော်က အစ်ကိုလေး အောင်ဘိုညီ ဘိုးလုံးရဲ့ တူပါဗျ။ ဘာလဲ မတူလို့မတန်လို့ အဖက်မလုပ်ချင်တဲ့သဘောလား"

"အောင်မယ် ... ပါးရိုက်လိုက်လို့ ... ဘိုဗျားကြီးရဲ့မြေးမို့ဆိုထဲ ခေါင်းထဲထည့်စရာအကြောင်း မရှိသေးဘူး ... မှတ်ထား ... "

"ဟုတ်တယ် ... ထပ်ပြီးပြောရဦးမလား။ မြို့သား အရိုးတခြား အသားတခြားနဲ့ ပဲခူးနဲ့ယိုးဒယားတကွဲတပြား ဖြစ်သွားမယ် ဘာမှတ်လဲ ... လူသာမတဲ့ တစ်သာပဲရှိတယ် ... ဂျပန်ခေတ်က သူကြီးသမီးရဲ့ မျိုးရိုး လာတာ ရီးတီးရားတား လုပ်မနေနဲ့ ... ခါးနဲ့မွှေလို့ အူပွင့်သွားမယ်၊ မြို့ပြန် ရင် ခေါင်းမပါဘဲ ပြန်သွားချင်လို့လား"

အတွတ်က မျက်စိမျက်နှာပျက်ဖြစ်ကာ လက်ကုပ်လေသည်။ ကျွန်တော် လုံမပျိုမေ တစ်သိုက်ကို ဆလံသ,ကာ ရှိသေ အမြီးကုပ်ဟန်ပြလိုက်ရသည်။

မလွယ်ရေးချ မလွယ်လှကြောင်း မျက်နှာအမူအရာဖြင့် ရှုံ့မဲ့ပြ အစ်ကိုလေးအောင်ဘိုက သဘောတကျ ရယ်သည်။

"မသိလို့ပါ အစ်မတို့ရယ် ... မေးပါရစေ"

"ပါးရိုက်လိုက်လို့ ဘာမေးချင်လို့လဲပြော ... "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နည်းနည်းတော့ စိတ်ပေါက်လာပြီ။ တောသူဆိုတာ ရိုးသားပြီး ခင်မင်ဖော်ရွေတတ် ညှို့ဝတ်မပျက်တတ်ပေ။ သူ့အမူအကျင့်နှင့် သူ့စရိုက်သဘာဝအတိုင်း တုန့်ပြန်ခေါ်ပြောတတ်သည်။

တောင်ငေါ်လီမလေးများ၊ တောဂျမ်းဂဲလ်လေးများပီပီ သွက်လက်ချက်ချာသည်။

ပါးရိုက်တာမပါလျှင် မပြီးသလောက်ကို စကားပြောတိုင်းလိုလို ထည့်ပြောတတ်ကြသည်။ ပါးရိုက်မည် ကျိန်းပြီး တန်ပြန်စကားအဖြေ တုန့်ပြန်နေတော့ရာ ကျွန်တော့်မှာ စကားစပ်ဆက်ပြီး အစထုတ်မိတိုင်း ပါးပြင်ကြက်သီးထရသည်။

"တစ်နယ်ကလာတဲ့ တစ်ရပ်သားမို့ ခွင့်လွှတ်ပါ ဂတ်ဂတ်ဂတ် အမိုက်အမဲလေးတွေ ဂေဂေဂေကို ဗွေမယူပါနဲ့"

အသံတင်မက ကြောက်ဒူးပါတုန်နေသော အတွက်ကိုကြည့်ပြီး ငှက်ဆော်မက သဘောခွေ့သွားသည်ကို မလုံမလဲ ဖုံးဖိရင်း ကိုယ်ချင်းစာနာညှာတာသည်။

"မကြောက်ပါနဲ့ ဗိုလ်အောင်ဒင် ... မမြဝင်းဘောင်းဘီချွတ်တာ ဆင်ရိုးပြွတ်လို့ ပြန်သိမလို့ပါ ငဲ့ငဲ့ငဲ့ ... "

သနားစိတ်ကလေး ပေါ်အောင်ဖော်ထုတ်ပြီး အသိကျွမ်းဖွဲ့တာမို့ ဆင်ပြေသွားသည်။ သို့သော်လည်း ... အလျှောင်ခံရသော ဓါးစာခံများလို အသူလောင်စိန်မများရှေ့တွင် မရှုမလှ ကျရှုံးနေရသည်။

"ဒါဖြင့်ရင် သူကြီးသမီးရယ် ... သူစိမ်းတွေမှမဟုတ်ဘဲ ဆွေမကောင်း မျိုးကောင်း ဟိုဒင်း ... ပိုက်ဆံနှစ်ကျပ်လောက် ချေးပါလား"

"ဘာရယ် ... ပိုက်ဆံနှစ်ကျပ်တော့ မရဘူး၊ လက်ဝါးပဲရမယ်ယူမလား ... အိမ်ပြန်လက်ဆောင်"

"ယူမယ်ဗျာ ... ပိုက်ဆံနှစ်ကျပ်ကိုသာ ကျပ်ကိုပေး၊ လက်ဝါးကို



www.burmeseclassic.com

www.burmeseclassic.com



တော့ အစ်ကိုလေးအောင်ဘိုကိုပေးလိုက် . . . ”

ဘာရမလဲ။ ကျွန်တော်လဲ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်ရတာပေ

ဒီတော့လဲ . . . မျက်နှာကြော တည့်လှပုံမရသော မလှသာတစ်ယောက်

အစ်ကိုလေးကို မျက်စောင်းလှမ်းခဲ့တော့သည်။

ကျွန်တော်က ဘကြီးမျက်နှာထောက်နေရသေးသည်မို့ ထပ်မံပြီး အတ

မရဲချင်တော့။

ဒီတော့ သပွတ်မတွေနဲ့ ယှဉ်ဖက်အံ့တုရမှာ သတ္တိနည်းတာလဲ ပါသ

မည်။ ပါးတွေလဲ ကျိန်းနေပြီ မဟုတ်ပါလား။ တစ်ခွန်းတုန့်ပြန်တိုင်း တစ်ခါကျ

တာခံရသည်။ လေဖြင့် ရိုက်ပေလို့။ တကယ်ရိုက်လျှင် ပါးရစ်စိတ်မက ဆ

ခြောက်စိတ် ကွဲသွားလောက်သည်။

BURMESE CLASSIC

အစ်ကိုလေးတို့ နားရောက်သွားတော့ ကန္တာရပွဲလာ လှဒိုးကွဲတွေ

တစ်ယောက်ပြီးတစ်ယောက် ချီးမွမ်းခန်းဖွင့်ကာ ပါးစပ်အရသာခံကြသည်။ မျက်

အစာကျွေးလိုက်သည်။

နေ့စဉ် မှီဝဲဖို့ လိုအပ်သော အသက်ရှည်ဆေးလေးတွေကို မြည်

မိကြသည်။ မှည့်တဝင်းဝင်း အရည်တရွှမ်းရွှမ်း စိမ်းစိုသစ်သီးများကို ကျွန်

လိုက်လံမော့်ကြည့်မိသည်။

“မျှစ်စို့ပေါက်ကြီး . . . လာပြီဟေ့ . . . ”

ကိုသာဩ မှတ်ချက်ပြု ချီးပမည်ဆိုဆဲ ချီးမြှောက်စရာ ခြေသ

တုတ်တုတ်၊ တင်ကားကား တစ်တုံးတစ်ခဲ ရေဆေးငါးကြီး သူတို့ရှေ့က ဖြ

သွားသည်။

“ဒါလေးကတော့ တူးပွိုင့်ပေါ့ကွာ”

အဟုတ်ကိုပဲ မော်ဒယ်ဘော်ဒီနှင့် ခေတ်မှီအလှရှင်တစ်ယောက်

အရှေ့ကကြည့်လဲ အစက်ကလေးနှစ်စက်အဖြစ် ထင်ရှားဖွံ့ထွားသော ရင်အ

ရှိသလို နောက်ကကြည့်လဲ အစက်နှစ်စက်အဖြစ် မြင်ရသော တစ်မျိုးတစ်



www.burmeseclassic.com

www.burmeseclassic.com



လေးပင် ဖြစ်လေသည်။

"ဂလု ... ဆယ့်ခြောက်၊ ခြောက်တစ်ကြိုးဟ"

နောက်ကျောခိုင်းအနေအထားမှ သမင်လှည့်ပြန်လှည့်ပေးသူတစ်ယောက်ကို မှတ်ချက်ပေးကြပြန်သည်။

"ဘာလဲဗျ ... ဆယ့်ခြောက်ခြောက်တစ်ဆိုတာ"

"ဟကောင်ရ ... ငါ့ညီပါလို့ လျှောက်မပြောနဲ့၊ အဲလောက် အ,ရသလား၊ နောက်ကကြည့်ရင် ဆယ့်ခြောက်နှစ်ထင်ရပေမယ့် ရှေ့ကကြည့်ရင် ခြောက်ဆယ့်တစ်နှစ်လောက် မျက်နှာအိုတာကို ပြောတာကွ"

ကျွန်တော် ခေါင်းဖွဖွကုပ်ပြီး ရှက်ဖြဲဖြဲရယ်ကာ သူတို့အိုင်ဒီယာကို သဘောကျသွားရသေးသည်။

"အားပါးပါး ... လှမှလှဗျာ၊ ရွှက်ကြမ်းရည်ကျိုလေး ရွှက်ပုန်းသီးလေး"

"ဟကောင့် ... အဲဒါ ငါ့ကောင်မလေးကွ"

"ဟမ် ... "

ကျွန်တော် အားပါးတရ ချီးမွမ်းအရသာခံပြီး ပြောလိုက်မိသည်။ ကျွန်တော်တို့ မျက်စိစားပွဲထိုင်ရာ လမ်းမသို့ဝင်လာသူတစ်ယောက်။ ထိုတစ်ယောက်က အစ်ကိုလေး ကြံရွယ်ထားသူဟု ဆိုသဖြင့် ကျွန်တော်အာချောင်မိသာ အို့တိုးအမ်းတမ်း ဖြစ်ရသေးသည်။

အရိပ်အကဲ နားမလည် အကင်းမပါးသော အတွတ်ကပါ ထပ်မံ၍ သွားအရသာခံပြီး အာချောင်ပြန်သည်။

"ငါကြိုက်တာက အဲလိုမျိုးလေးမှ ရေလည်လန်းတယ်ကွာ"

ဆံပင် ဂုတ်ဝဲတစ်ယောက် မြို့ရပ်မြို့စတိုင်လ်ပေါက်သူ ကောင်မလေးကို အတွတ်က ချီးမွမ်းခန်းဖွင့် ထောပနာပြုလေသည်။

"သေနာလေး ... အဲဒါ ငါ့တူမကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးပါလေရော။ ဘုမသိ ဘမသိဘဲ ကျွန်တော်တို့ လူတတ်ကြီးများ ထင်လှုပ်ခြင်းတာမှ ကိုသာညြ တူမနှင့်ပက်ပင်းတိုးရတော့သည်။

ကိုသာညြက မျက်စောင်းတခဲခဲ ပေစောင်းစောင်း ကြည့်လေသည်။ ကျွန်တော်တို့နှစ်ယောက် ဖက်ကလေးများပုကာ နှုတ်ပိတ်၍ ငြိမ်ကုပ်နေရတော့သည်။ နတ်ပွဲ၏ အရှိန်မြင့်ဆုံး ကာလရောက်လာသည်။

ဒီဂျေနတ်ဒိုးဖြင့် နတ်ပါတီပွဲ အုံးအုံးငြိမ့်ငြိမ့်သဲ ကျင်းပလေသည်။

"ပျော်ရဲ့လားဟေ့ ... မောင်တို့ရေ ... ပျော်တယ်ဟေ့ ... ပျော်တယ်ဟေ့ ... "

နတ်ကတော်မာမီကိုထွန်းချုပ်ကြီးက နတ်ကန္တားပေးသူ အိမ်ရှင်သူဌေး၏ နှဖူးကို ညှုတုတုပွတ်ကာ ပြောင်ပြီသည်။

"ပြောင်ရဲ့လားဟေ့ မောင်တို့ရေ x x x ပြောင်တယ်ဟေ့ ပြောင်တယ်ဟေ့ x x x"

ဆိုင်းနောက်ထများက ညာသံပေး၍ အော်ကြသည်။ သူဌေးပြောင်ကြီးက မူးထွေထွေဖြင့် သဘောခွေ့နေသည်။

နတ်ကတော်များ ဒစ္စကို ဖွန့်ကြသဖြင့် နတ်ကလပ်ပွဲရောက်နေသည့်အလား ထင်မှတ်ရတော့သည်။ မြို့က နိုက်ကလပ်များထက် ထူးခြားသည်။ ဒီမှာက မာမိများ ကြီးစိုးသော တစ်မူထူးကဲသည့်ပွဲ ဖြစ်သည်။

❋ .... ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကျွန်တော်နှင့်အတွတ်ကို ရွာအနောက်ဖျား မသွားဖို့ အားလုံးက ပိုင်းတားထားသည်။ အဘလုံးရော၊ ဒွေးလေးမြခင်၊ အစ်ကိုလေး၊ ကိုချစ်မောင်တို့ ပါးစပ်မှ တညီတညာတည်း တားမြစ်သည့် လေသံထွက်လာသည်။

"ကောင်လေးတွေ ရွာအနောက်ဖျားတော့ ယောင်လို့မှ ခြေဦးတောင် မလှည့်ကြနဲ့နော်"

ဘာကြောင့်မှန်းတော့ မသိပေ။ လူသဘာဝတားမြစ်ထားသည်ကိုမှ ပိုမိုစိတ်ဝင်စားပြီး သိချင်စပ်စုချင်သည်။ အတွတ်နဲ့ ကျွန်တော် တိတ်တိတ်ကလေး လစ်ထွက်လာခဲ့ကြသည်။

ရွာအထွက် ရွာစပ်မှာ ညောင်ပင်အိုကြီးတစ်ပင် အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းမှုန်မှုန် တွေ့ရသည်။ ညောင်ပင်ကြီး အနောက်ဘက်ခြမ်းမှာတော့ သချိုင်း ဇရပ်နှင့် အုတ်ဂူတချို့ကို လှမ်းမြင်ကြရသည်။

"လက်စသတ်တော့ ဂလိုကိုး ... သူတို့ပြောတဲ့ ကျူပြာတောပဲနေမှာ"

အတွတ်က ရေးလေသံအိုကြီးဖြင့် အသံတုပြုကာ မှတ်ချက်ချလေသည်။ သုသာန်ရှိတဲ့နေရာကို မလာစေချင်သည့်သဘောဟု မှတ်ယူရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်အောက်အရောက်မှာပင် လမ်းကျဉ်းသွားသည်။

လမ်းကျဉ်းသချိုင်းအဝ၌ ဘွားခနဲ ကျွန်တော်တို့ ပက်ပင်းဆုံကြရသည်။

ကျွန်တော် ဆုံလိုက်ရသည်ကား သချိုင်းအဝမို့ တစ္ဆေဟုတော မထင်လေနှင့်။ ခွေးနှစ်ကောင်ပင် ဖြစ်သည်။ ခွေးနှစ်ကောင်မှ တကယ့်ခွေးနှစ်ကောင်အစစ်။ ခွေးဝင်စားတစ္ဆေလဲ မဟုတ်။ တစ်ကောင်က ဂုတ်ကျား၊ တစ်ကောင်က နီညို။ နှစ်ကောင်သား မာန်ဖီလျှက် မျက်နှာချင်းဆိုင် စားမာန်ခုတ်နေကြသည်။

"ဂီး ... ဂီး ဂရား ဂရား"

"ဟမ် ... ဂရား ဂရီး ... "

ဟုတ်တော့ ဟုတ်နေပြီ။ ခွေးကြီးနှစ်ကောင်မှာ တကယ်ပြည့်ဖြိုးထွားကျိုင်းလှသည်။ အစွယ်အဖွေးသား သွားဖြီးပြီး အစာလုနေပုံက ကြောက်ခမန်းလိလိ ကြက်သီးထဖွယ်ရာပင်။

သူတို့နှစ်ကောင်ကြားမှာ ရှိနေသည်က ကိတ်မုန့် ပေါင်မုန့် ဟမ်ဘာဂါလည်း မဟုတ်။ ပေါက်ဆီ၊ ဖက်ထုပ်၊ အသားပေါင်းလဲ မဟုတ်ပါဘဲ မြင်းချေးတုံးတစ်တုံး ဖြစ်လေသည်။

မြင်းမစင်တုံးခမျှာ ခွေးနှစ်ကောင်ကြားမှာ မွကြေရကိန်း ရှိလေသည်။ ခင်းတို့ကလဲ ကိုယ့်ဟာနဲ့ကိုယ် အစာလုတာ လုပေါ့။ ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲ။ လူလမ်းလူသွား၊ ခွေးအလုပ် ခွေးလုပ်ကြရုံပဲ ရှိတာပေါ့။

ကျွန်တော်က လူရှေ့မှာ ခွေးချစ်ရည်လူးနေရင်တောင်မှ ဝင့်လိုက်ခံရမှာကြောက်လို့ မနှောက်ယှက်ခဲ့ဘူးပေါ့။ မောင်းပင် မထုတ်မမြင် ဟန်ပြု လစ်လျူရှုခဲ့သည်။

အခုလည်း မြင်းချေးတုံးကိုမှ မက်မက်မောမော အစာလုရင်း အဝေဆတည့်လုနေကြသည်မို့ ကျွန်တော်နဲ့ဘာမှမဆိုင်။ အတွက်နဲ့လည်း ဘာမှမဆိုင်သော်ငြား ကျွန်တော်တို့အနားကပ်လာတာ မြင်လေမှ အာရုံပြောင်းသွားကြသည်။

www.burmeseclassic.com



နှစ်ကောင်သား ကျွန်တော်နှင့်အတွက်ဘက် လှည့်ပြောင်ကြတော့သည်။

"လုစရာရှိတာ ဆက်လုပ်တာ မဟုတ်ဘူး ... ငါတို့ဘက်လှည့်လာသေးတယ်၊ အဲဒါကြောင့် ခွေးဖြစ်နေတာ ... သွား သွား ဟဲ့ ... ခွေး"

"ရုပ်ကိုက ခွေးရုပ်နဲ့ ..."

"ဩော် ... မင်းကလည်း ခွေးပါဆိုမှ ခွေးရုပ်ပေါ့အတွက်ရဲ ခွေးရုပ်မဟုတ်လို့ မင်းရုပ်ပေါက်နေမှာလား"

"ဝုတ်ဝုတ် ... ဝုတ်ဝုတ် ဂီး ... "

ခက်တော့ ခက်နေပြီ။ ကျွန်တော့်ကိုများ သူတိအစာလုမယ့် နောက်ထပ် ပြိုင်ဘက်အသစ်စာရင်းထဲ ထည့်လေပြီလားမသိ။

"ဟွမ်း ... ရုပ်ကိုက ဘတ်ဖောင်လိုလို ဝက်ဖောင်လိုလိုနဲ့"

"ဝုတ် ဝုတ် ... ဝုတ် ... ဂီး ... "

ပြောလေ ကဲလေပါပဲ။ ဘယ့်နှယ် ကျွန်တော့်ကိုမြင်ကာမှ ဟိုမြင်းမစင်တုံးကို ပစ်ပြီး ထိုးဟောင်နေတော့သည်။

မြို့ပြက အယ်လ်ဖေးရှင်း။ ဒီဘာမင်တွေကို မကြောက်သော်ငြားလည်း အခုလို အမဲလိုက် အင်းခွေးတွေတော့ ကျွတ်ကဲရတာပေါ့။

ကြဲကြဲဖန်ဖန် သတ္တဝါဆန်းများပင်။ အခြားသတ္တဝါများထံမှ ထုတ်လုပ်သော ခွေးထောပတ်များကို ခုံမင်စွဲလမ်းနေကြသည်။

"မင်း ... အိမ်သာတက်ချင်စိတ် မရှိဘူးလားကွ"

ကိုရွှေအတွက်က အရေးထဲမှာ ရွှေဉာဏ်တော်ရူး ရောက်နေသေးသည်။ ကြဲကြီးစီရာ အတွေးခေါင်နေလေသည်။

"ဘယ်လိုလုပ်ပြီး ရှိမှာလဲ ... ခွီးတဲ့မှပဲ လမ်းမှာ တောမထိုင်ချင်လို့ ဒီမလာခင်ပဲ တက်လာခဲ့တာကွ"

အတွက်ရဲ့ သဘောကတော့ အစာဟောင်းစွန့်ထုတ်ပြီး အသေးအယူ

www.burmeseclassic.com



လုပ်ကာ အဆွေခင်ပွန်းဖွဲ့မည့် အိုင်ဒီယာပင်။ အရေးကြီးရင် သက်လုံကောင်းရဲ့ တင်မကာ ခွေးဝမ်းသာအောင် လေလည်ပြရမည့်ကိန်း ဆိုက်ပြီ။

"ဟဲ့ ... ခွေးရသွားစမ်းပါကွာ"

"ဝုတ် ... "

ပြောကာမှ ပိုဆိုး။ မောင်းကာမှ ရှေ့တိုး၍ ပိတ်ဆီးပြီး နှစ်ကောင်သား ဟောင်ကြလေသည်မှာ အဆက်မပြတ် ပွက်လောညံလို့ပင်။

ကျွန်တော့်မှာက လက်ဗလာ၊ အတွတ်မှာလည်း လက်ချည်းသက်သက်။ သူကိုက် ကိုယ်ကိုက် ပြန်ဖက်ကိုက်ကြဖို့သာ ရှိလေသည်။

ခွေးနှစ်ကောင်နှင့် လူနှစ်ယောက်ကတော့ တွေ့ကြလေပြီ။

"ဟိတ် ဂျွန်နက် ... "

အသံလာရာသို့ နီညိုကောင်က လှည့်ကြည့်ကာ အမြီးကုပ်သွားသည်။

"ဟဲ့ကောင် ထိပ်ပေါက် ... "

ဂုတ်ကျားကောင် အသံလာရာဆီလှည့်ပြီး အမြီးနန့်၍သွားလေသည်။ အခုတော့လည်း သူတို့မဟုတ်တဲ့အတိုင်းပဲ။

"သွားစမ်း ... ခြံထဲဝင်ကြ မရောင်ရာဆီလူးတဲ့ဟာတွေ"

အသံလေးက သာသာယာယာ စွာတာတာ ဆာတာတာလေး။ ဟိုနှစ်ကောင်သားတော့ အမြီးကုပ်ပြီး ခြံထဲပြန်ဝင်သွားကြသည်။

"ရှင်တို့ ဘယ်လိုလူတွေလဲ"

မိန်းကလေးက မျက်မှောင်ကုပ်၍ အလိုမကျဟန်ဖြင့် ပြစ်တင်စကားဆိုလေသည်။ ပန်းနှစ်ဖက်ကြား ခေါင်းပေါက်တဲ့လူတွေဟု ပြန်ပြောရရင် မကောင်းဘဲ ရှိတော့မည်။

"ဒီခွေးတွေတောင်မှ ကြောက်တယ်လား။ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ"

www.burmeseclassic.com



လာပြန်ပြီ။ ကိုရင်သာညြ လေသံမျိုးကြီး။ ယောက်ျားမှိုလို့ တိုးအဝါ ပေါက်နေတာပေါ့။ လည်စိကို ပြောပါတယ်။

"ဒီခွေးနှစ်ကောင်က ဒီရွာမှာ အပေါဆုံးပဲ ... ဒီခွေးတွေမှကြောက် နေရင်လဲ ဒီရွာကခွေးတွေက ဒီထက်ပိုဆိုးတယ်၊ ရှင်တို့ကိုပြန်ပြီး မွေးသွားလိမ့်မယ်"

တရစပ်ကို မာန်မဲကျိန်းမောင်းပြီး ပြောချလိုက်တာ။ ကျွန်တော်တို့မှာ ရစရာမရှိတော့။

"ကျေးဇူးပါပဲဗျာ ... ကျွန်တော်တို့က မြို့ကလာတဲ့ ဧည့်သည်တွေ ဆိုတော့ လူစိမ်းမို့လို့ ရှိန်နေတာပါ"

အတွတ်က တောက်လျှံစွာပြုံးရင်း ကျေးဇူးတင်စကားဆိုကာ ကြော်ငြာ ဝင်လိုက်သည်။

စကားရောဖောရော လုပ်မယ်ဆိုလဲ လုပ်ချင်စရာပဲ။ အသံလေးက သောက်ဆတ်ဆတ် စွာကျယ်ကျယ်နိုင်သလောက် လူကလေးက လုတတ ကြွကြွ ရွရွလေး ဖြစ်နေသောကြောင့်ပင်။

"ကြောက်တယ်ဆို ကြောက်တယ်ပေါ့ ဘာပလီတာလဲ ... ဘာမှလာ ပြီး ရှိန်မနေနဲ့"

ကျွန်တော့်မှာ သူ့အလှကို ငေးမောမိနေရာမှ ရှုံ့မဲ့သွားရသည်။

"ဒါနဲ့ ဒီက ညီမလေးက အေးကြည်မလားဟင်"

"အေးကြည်မလဲ မဟုတ်ဘူး ... ပွေးကြည်မလဲ မဟုတ်ဘူး"

လေသံကတော့ အပျံစား။ ဟိုက်စပိပါဝါ ဗိုကယ်ဝေါက်ငမ်းသံပင်။ ခွေးမောင်းထုတ်ပေးထားသော မျက်နှာဖြင့် တစ်ဦးနဲ့တစ်ဦး ကျေးဇူးတော် အထူး ဆင်ရှိကာ သိကျွမ်းရင်းနှီးမိတ်ဖွဲ့လိုလှသည်။

"ဒါဆို ညီမလေး နာမည်က ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ..."

ရှုပ်ကရော၊ ပြတ်ကရော။ ကိုယ့်နာမည်တောင် ကိုယ်မသိသူနှင့်မှ လာတွေ့နေရသည်။

"အတိတ်မေ့နေတာပဲ ဖြစ်ရမယ်"

ကျွန်တော် တလွဲဆံပင်ကောင်း အတွေးချော်ကာ အတွတ်ကိုကပ်တိုး လေးပြောလိုက်သည်။

အတွတ်က ကျွန်တော့်ကို နားပန်တစ်ချက် ကျင်းလိုက်သည်။ ကျင်းမယ် ဆိုလဲ ကျင်းချင်စရာ။ ကျွန်တော့်မှာ တောပြန်လာကာမှ မြို့သားဂုဏ်သိက္ခာကျလို့ အရှက်တွေကွဲကာ အကွဲတွေရှုနေရသည်ချည်းပင်။

"ဩော် ... သိပြီ သိပြီ ... ဒါဆို ဝှက်ထော်မပေါ့"

"ဘယ်ကလာ ဝှက်ထော်ရမှာလဲ ... မာလေးဆွေရှင့် တစ်ဆွေတည်း ရှိတယ်"

"ထင်သားပဲ ... ဒါကြောင့်ကိုး ..."

မခံချင်စိတ်ဖြစ်အောင် ဆွပြီးမေးလိုက်တော့ နာမည်ပေါ်လာသည်။ ဘယ်ရမလဲ။ ခွေးကြောက်လို့သာ ရှေ့ဆက်မရရင်ရှိမယ်။ နာမည်ကတော့ မရမက မေးနိုင်ပါသေးတယ်။

"မာလေးဆွေမို့လို့ မေလေးစွာတာပေါ့နော်"

"ဘာရှင့်"

မာန်တင်းကာ ဘုဘောက်တောသည့် ကောင်မလေးမျက်နှာတစ်ဖက် လွှဲကာ ပြေးသွားသည်။ နှုတ်ခမ်းတင်းတင်းစေ့ကာ ဆူလိုက်ပြီး ပြန်လှည့်လာ သည်။

သူမအဖြစ်က ရှင်ပျံစရာ ကြွံသော်ငြား ပရောပရီဖြစ်မည်စိုး၍ ရှုံ့မြွေ ဆယ်ခက်ထန်ပြနေရခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ ဂွက်ထော်မအိမ်သွားချင်လို့ အဲဒါ ညီမကို မေးကြည့်တာ ဒါ"

"မသိဘူး ... ရွာထဲမှာရှိမှာပေါ့၊ ရွာပြင်လာမေးလို့ အုတ်ဂူတွေပဲ ရှိတယ် ... မေးချင်လဲ အဲမှာသွားမေး"

သူမတို့ခြံနှင့် သချိုင်းမှာ မျက်စောင်းထိုးစွေစွေကလေးပင်။ လမ်းမ ကျဉ်းကျဉ်းတစ်ခု ခြားနေသည်။

"ဒီမယ် ... မာလေးဆွေ"

နောက်ကကျောခိုင်းကာ ခြံထဲပြန်ဝင်ရန် ပြင်နေသော သူမကိုလှမ်းအော် ခေါ်လိုက်သည်။

"ဘာလဲ ရီးတီးရားတား မလုပ်နဲ့နော် ဟိုနှစ်ကောင် ပြန်လွှတ်လိုက်ရလား ... ဘာမှတ်နေလို့လဲ ... "

"ဟာ ... မလုပ်ပါနဲ့ အမိရယ် ... "

နှစ်ယောက်သား ပြာပြာသလဲ လက်ကာပြီး ငြင်းကြရသေးသည်။

ဟိုငါးစိမ်းမြင် ငါးကင်ပစ် နှစ်ကောင်ကတော့ သူမထက်သာတောင် ဆိုးလိမ့်မည်။ ဘောက်ဆတ်ဆတ် ခွန်းတုန့်ပြန်စွာဖို့ နေနေသာသာ ထိုးဟောင်ပြီး ကိုက်ဆွဲလို့ အရိုးနဲ့အသား ပဲခူးနဲ့နဘားလို ကွာခြားသွားလိမ့်မည်။

မာလေးဆွေဟူသော အလှပဂေးမလေးကတော့ ခြံထဲလှည့်ကာ လှစ်ခနဲ ပျောက်ခြေတင် သွားလေပြီ။

❋....❋



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

ကျွန်တော် အတွတ်ကို မျက်စပစ်ပြလိုက်တော့ သူက ပန်းကိုဟန်ပါပါ တျုံ့ပြလိုက်သည်။ ဟောလိဝုဒ်မင်းသားစတိုင်လ်နဲ့တော့ မတူပါဘဲ ကြက်သီးထ အောနဲ့သာ တူလေသည်။

"ဘယ်လိုသဘောရလဲ အတွတ်"

"ဘယ်လိုသဘောမှမရဘူး ... ခြံထဲသာလိုက်ဝင်ကွာ"

ကျွန်တော်တို့မှာ ပေါက်တဲ့နဖူး မထူးဖာတ်ခင်းကြတော့သည်။ ငုတ်မိ သဲတိုင် တက်နိုင်ဖျားရောက်ကြရပေမပေါ့။ ယောက်ျားတို့ ဖွဲလုံ့လ ဝီရိယသေကာ မှလျှော့ရပေမည်။ ဖွဲတစ်ဆုပ်နိုင်သည်အထိ မာန်မလျှော့ဘဲ ဆက်ပြီး စူးစမ်းရန် ခြံထဲလိုက်ပြီး ဝင်ကြလေသည်။

ကျွန်တော့်အနေဖြင့် အလုံးစုံ ခြုံငုံမိရန် အကဲခတ်လေ့လာရပေမည်။ အင်တာနက်ကို ဖင်မှာတပ်လို့ ကမ္ဘာဆိုတာ ရွာကြီးတစ်ရွာဖြစ်သွားသော်ငြား လည်း တကယ့်ရွာသို့ ကွင်းဆင်းကာ မျက်မြင်ကိုယ်တွေ့ စူးစမ်းပါက ပိုမိုနက် နှိုင်းကျယ်ပြောမှုကို တွေ့ရပေလိမ့်မည်။

အစ်ကိုလေးတို့ ဘာကြောင့် တားမြစ်ထားသလဲဆိုတာ လုံးစေ့ပတ်စေ့



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

ကျွန်တော် အတွက်ကို မျက်စပစ်ပြလိုက်တော့ သူက ပန်းကိုဟန်ပါပါ တုံ့ပြလိုက်သည်။ ဟောလိဝုဒ်မင်းသားစတိုင်လ်နဲ့တော့ မတူပါဘဲ ကြက်သီးထ လာနဲ့သာ တူလေသည်။

"ဘယ်လိုသဘောရလဲ အတွက်"

"ဘယ်လိုသဘောမှမရဘူး ... ခြံထဲသာလိုက်ဝင်ကွာ"

ကျွန်တော်တို့မှာ ပေါက်တဲ့နဖူး မထူးဓာတ်ခင်းကြတော့သည်။ ငုတ်မိ သဲတိုင် တက်နိုင်ဖျားရောက်ကြရပေမပေါ့။ ယောက်ျားတို့ ဖွဲလုံ့လ ဝီရိယသေကာ မှလျှော့ရပေမည်။ ဖွဲတစ်ဆုပ်နိုင်သည်အထိ မာန်မလျှော့ဘဲ ဆက်ပြီး စူးစမ်းရန် ခြံထဲလိုက်ပြီး ဝင်ကြလေသည်။

ကျွန်တော့်အနေဖြင့် အလုံးစုံ ခြုံငုံမိရန် အကဲခတ်လေ့လာရပေမည်။ အင်တာနက်ကို ဖင်မှာတပ်လို့ ကမ္ဘာဆိုတာ ရွာကြီးတစ်ရွာဖြစ်သွားသော်ငြား ညည်း တကယ့်ရွာသို့ ကွင်းဆင်းကာ မျက်မြင်ကိုယ်တွေ့ စူးစမ်းပါက ပိုမိုနက် နှိုင်းကျယ်ပြောမှုကို တွေ့ရပေလိမ့်မည်။

အစ်ကိုလေးတို့ ဘာကြောင့် တားမြစ်ထားသလဲဆိုတာ လုံးဝဖြေပတ်ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ရေရေလည်လည် သိချင်လှသည်။

သုသာန်တစ်စပြင်ကြောင့်လဲ ဖြစ်နိုင်သလို၊ ရွာပြင်သချိုင်းအနီးမှ ခြံတစ်ခြံနှင့် အလွန်တစ်ရာ လှပသော မိန်းမရိုင်းလေးကြောင့်လည်း ဖြစ်နိုင်သည်ဟု တွေးထင်မိသည်။ ရွာနှင့်အဆက်အဆံမရှိ အဆက်စပ်မဲ့ သီးခြားဖြစ်နေခြင်းကိုက ပိုမိုစိတ်ဝင်စားမိစေလေသည်။

ခြံတစ်ခြံလုံးက သစ်ပင်နွယ်ပင်များ သစ်ပင်ကြီးများ အုံ့ဆိုင်းညို့မှိုင်းနေသည်။ အဖိုးတန် သစ်ခွစင်များ၊ နှင်းဆီ၊ သပြေပန်းခင်းများက မျက်စိတစ်ဆုံး ကျယ်ပြောလေသည်။ အိမ်ခေါင်မိုးမှာ ရှစ်ပေစလောင်း တပ်ထားရုံနှင့် ဒီအိမ် အခြေအနေကို အကဲတစ်စွန်းတစ်စ ခတ်လို့ရနေသည်။ ခေသူတွေမဟုတ်မှန်း ရိပ်စားမိသည်။ အိမ်ကြီးကတော့ သစ်လုံးတိုင်ကြီးများဖြင့် ပျဉ်ကာအိမ်အိုကြီးပင်။

ရေနံချေးအရောင် မဲပြောင်ပြောင်နှင့်မှိုင်းမှိုင်းအုံ့အုံ့ အိမ်ကြီးမှာ သစ်ပင်ကြီးများအောက် ချောက်ချားဖွယ် ညိုမှောင်နေသည်။ ပန်းဆွဲကနုတ်များဖြင့် ရှေးလက်ရာ လက်သမားယဉ်ကျေးမှုပညာ၏ အံ့မခန်း ရေးထွင်းသည့်စွမ်းပကားကို မြင်နိုင်လေသည်။ နွယ်ပင်၊ ချုံတန်းများနှင့် ခြံကြီးအလယ်မှ ကနုတ်ပန်းဆွဲများ ဆင်ယင်ထားသည့် အိမ်အိုကြီးမှာ လိုက်ဖက်တင့်မောလို့ ပဏ္ဏာရနေသည်။

စပ်စပ်စုစု ကျူးကျူးကျော်ကျော် ဆိုသည့်ထက် သိလိုစိတ်ပြင်းပြစွာဖြင့် ကျွန်တော် ဟင်းလင်းဖွင့်ထားသည့် အိမ်ပေါက်ဝသို့ ခေါင်းပြူကာအတွင်းသို့ ကြည့်လိုက်မိသည်။

"ဖုန်း ဖုန်း ဖုန်း ... ဖက်ဖက်ဖက်"

ရုတ်တရက် တံခါးအကွယ်မှ အဘွားအိုတစ်ယောက် ပေါ်ထွက်လာပြီး တံမြက်စည်း ဖောက်ထိုးကိုင်ကာ လှဲကျင်းရသည့် တံမြက်စည်းမြိတ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျွန်တော်နှင့်အတွတ်ခေါင်းကို တစ်လှည့်စီ ရိုက်တော့သည်။

ကျွန်တော့်မှာ ရှုံ့ရှာအော့နှလုံးနာရင်း လက်ဖြင့်ကာရံမိသည်။

"သွား ... ထွက်သွား ... မကောင်းဆိုးဝါးတွေ ကပ်မလာနဲ့ ထွက်သွား ... "

"ဟာ ... ဘာလုပ်တာလဲ အဖွား ... တံမြက်စည်းကြီးနဲ့"

အတွတ်က ကြောင်စီစီပြန်ကြည့်ကာ ငြိမ်ခံနေရင်းမှ နားမလည်နိုင်စွာ မေးလိုက်လေသည်။

"ဘာတံမြက်စည်းလဲ၊ ဒါရိုးရိုးမဟုတ်ဘူး ... ရှယ်တံမြက်စည်းဟယ်ရီပေါ်တာရဲ့ မိုးပျံမှော် တံမြက်စည်း ... ဘာမှတ်လဲ"

ကျွန်တော်တို့ မျက်လုံးထဲမှာ အဘွားအိုကို မှော်တံမြက်စည်းလေးခွ၍ လွှားခနဲ လွှားခနဲ တစ်ကလောက် မြင်းစီးနေပုံ မြင်ယောင်မိကြတော့သည်။ လောလောဆယ်တော့ လေးငါးချက်မက တံမြက်စည်းဖြင့် ခေါင်းရိုက်ပုတ်တာ ယယ်ပယ်နယ်ယ်ကြီးကို ခံရလေပြီ။

"သွားစမ်း ... သွား သွား သွား ... ရေး ရေး မကောင်းဆိုးဝါး"

အဖွားအိုကြီးမှာ မေးတဆတ်ဆတ်တုန်သည်နှင့် စည်းချက်အညီ တစ်ကိုယ်လုံးတုန်ယင်ပြီး မန်းမှုတ်ဂါထာရွတ်သော်လည်း သီချင်းဆိုပြီး ဒန်သလွန်ခုန်နေသည်နှင့်သာ တူလေတော့သည်။

ကျွန်တော်တို့အဖြစ်ကိုမြင်ပြီး သူမက ညင်းညင်းသွဲ့သွဲ့ ချိုအီသော ငြား လျောင်သံရောစွက်၍ နားကြားပြင်းကပ်ဖွယ် ရယ်လေသည်။ မြင်ပြင်းကပ် ဖွယ်ရာလည်း ပြုံးလေသေး၏။

"အဟား ... အဖွားက ရှင်တို့ကိုယ်မှာကပ်ပါလာတဲ့ မကောင်းဆိုး ဝါးတွေကို အိမ်ထဲပါမလာအောင် မောင်းထုတ်ပေးနေတာ"

"ဩော် ... ဟုတ်လား၊ မသိပါဘူး"

www.burmeseclassic.com



"ခေါင်းမှာ ဖုန်ကပ်နေလို့ ခါတာများလားလို့ ... "

အတွတ်က လှသလောက် စွာပြီး မာန်မာနတင်းသည့် မိန်းကလေးကို မြင်ကာမှ အကောင်းမြင်ပြီး ဖြည့်တွေးစကားဆိုသည်။ ခေါင်းဖြူဖားလျား ပါး နှစ်ဖက်ခွက် မေးစေ့ဝိုင်းပြူထွက်၊ မျက်တွင်းဟောက်ပက် အဖွားအိုကြီးမှာကား တံမြက်စည်း ဖောက်ထိုးကိုင်လျက် မတုန်မလှုပ်ရပ်ကာ ငေးကြောင်ကြည့်နေ သည်။ နဖူးကြော အရေးကြောင်း၊ ပါးရည်နားရည် တွန့်လိမ်၍ ထဘီရင်လျား ထားသော အဖွားအိုမှာ စုန်းမကြီးနှင့် တူလေတော့သည်။

အဖွားအိုက ကျွန်တော်တို့ကို မဆိုင်သလို မသိသလို ပြုမူကာ ကျော ပေး၍ အိမ်ထဲဝင်သွားလေသည်။

"ရှင်တို့က ဘာလာလုပ်ကြပြန်ပြီလဲ ... ဒီအိမ်မှာ ဝွက်ထော်မထဲ မရှိဘူး။ ချက်ပေါ်မလဲ မရှိဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"ဘယ်နှစ်ခါ ပြောပြီးပြီလဲ"

ကျွန်တော်က ပြုံးစစ၊ မျက်နှာမြင် ချစ်ခင်စေ၊ အသံကြား သနားစေ ဟူသော ဆုတောင်းပြည့်သည့်နှယ်ဖြင့် မေးလိုက်သည်။

"ဆယ့်တစ်ခါ ပြောပြီးပြီ"

အဲသလို အောင်မြင်တာ။ မျက်နှာမြင် ဝင်ရိုက်စေ၊ အသံကြား မောင်း ထုတ်စေ ဆုတောင်းကတော့ ပြည့်လေပြီ။

"ဒါဆို နောက်တစ်ခါ ထပ်ပြောပါဦး"

"မြန်မာ့အသံ နှစ်ခါမလွှင့်ဘူး"

"ကြော်ငြာ ခဏခဏ ထပ်ပြီးလာတယ်လို့ သဘောထားပါ့မယ် နှစ်ထပ်ရှိမှ မှတ်မိမှာပေါ့"

အတွတ်နဲ့ ကျွန်တော် မရိုင်းပြ မစော်ကားတတ်သော ပျော်ခြေ အား ယုံကြည်ကာ ကျူးကျော်ဝင်ရောက်ခြေလှမ်းမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ဧည့်သည်တွေဆိုတော့လဲ ဟို ... လာလည်တာပေါ့"

"လာလည်ရအောင် ဘယ်သူ့ဆီလည်တာလဲ"

"မာလေးဆွေဆီကိုလေ'

ဒါမျိုး စကားလမ်းခင်းပေးလို့ကတော့ ကျွန်တော်က အသွက်ပင်။ အတွတ်ကလဲ မြှောက်ပင့်ကာ ခွင်(ဂွင်)ကြုံအောင် အစရှာဆွဲထုတ်ပေးသည်။ ကျွန်တော်ကလဲ အလိုက်သင့်ဖော်လိုလိုက်သည်။

"ဟွန်း ... သိလို့လား"

"သိတယ်လေ မာလေးဆွေဆိုတဲ့ မိန်းမလှလေးကို ဘာလို့မသိရမှာလဲ၊ မြင်မြင်ချင်းကို သိသွားတာ"

"ဘယ်တုန်းကလဲ"

"တော်တော်လေးကြာပြီဆိုပါတော့ ... ဟိုခြီရှေ့မှာတုန်းကလေ"

"ရှင်တို့အတင့်ရဲလှချည်လား ... မြို့သားတွေ စကားတတ်တိုင်း သိပ်မပြောနဲ့ အဖွားပြူစားမှာ မကြောက်ဘူးလား"

"ဗျာ ... "

အတွတ် ခြေလှမ်းဘရိတ်အုပ်ကာ ဘက်ဂီယာဖြင့် နောက်ဆုတ်ဖို့ ပြင်လေသဖြင့် သူ့အင်္ကျီကို မနည်းဆွဲတားထားရသည်။

"ဘယ်လို ... ပြူစားမယ် ဟုတ်လား ... "

နှစ်ယောက်သား အယောင်ယောင်အမှားမှား ဖြစ်ကုန်ကြသည်အထိ အမူအရာ ပျက်ယွင်းကုန်တော့သည်။

"ဟင် ... ဒါ ... ဒါ ... ဒါဆို ... "

အထစ်ထစ် အငေါ့ငေါ့ ရေရွတ်ပြီး စကားတစ်ဝက်တစ်ပျက်နှင့် တိမ်ဝင်ကာ ပြောမထွက်တော့။ ချစ်လျှင်လဲ ပြူစား၊ မုန်းလျှင်လဲ ပြူစားတတ်သည့် စုန်းမပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ဟီး ... ဟီး ... ဟား ... ဟား ... ဟား'

"ဟဲ့ ... သောက်ခွေး ... "

အရေးထဲမှာ အိမ်ခန်းထဲမှ အဖွားအို၏ ဟားတိုက်သံ ထွက်ပေါ်လာ၍ တုန်လှုပ်မိရသေးသည်။

မာလေးဆွေကတော့ မရယ်မပြုံး တည်ကြည်စူးရှစွာ ကျွန်တော်တို့ကို ကြည့်နေသည်။ ပြေးပေါက်တော့ မှားပြီထင်ပါရဲ့။

နောက်ကျောမလုံ၍ လှည့်ကြည့်မိတော့ အိမ်တံခါးရော ခြံတံခါးပါ ဖွင့်လျှက်သားပင် ရှိသေးသည်။ ရုပ်ရှင်တွေထဲကလို တံခါးကြီး "ဂျိမ်း"ခနဲ မြည်ကာ ပိတ်မသွားသေးပေ။

"ဘုမသိ ဘမသိရောက်လာတဲ့ ညော်သည်ကောင်တွေကို ငါးစာလုပ်ရမယ်၊ ရှင်တို့ လိပ်ပြာကို နှုတ်မယ်"

မာလေးဆွေနှုတ်မှ ခက်ထန်ပြတ်သားသော စကားသံကိုအတိုင်းအသားကြားရသည်။ ယုတ်တိမတန်လှသည်မို့ ကျွန်တော် ပြန်မေးလိုက်မိသည်။

"လိပ်ပြာနှုတ်မယ် ဟုတ်လား ... ဟားဟားဟား ... ဘယ်လိုနှုတ်မှာလဲ ... "

"ဒီလို နှုတ်မယ်ကွာ"

ရုတ်တရက် နောက်ကျောမှာ တစ်စုံတစ်ရာလာထောက်သလို အသံညညကြီးကို ကြားရသဖြင့် လည်ပြန်ငဲ့ကြည့်မိသည်။ နှုတ်ခမ်းမွေးထူထူ ခူရားနှစ်ကောင် ပါးစပ်ပေါ်တင်ထားသည့်နှယ် အသွင်ဖြင့် လူတစ်ယောက် ကျွန်တော့်ကို နှစ်လုံးပြူးသေနတ်ဖြင့် ထိုးချိန်ထားသည်။

ဘာပြောကောင်းမလဲ။ ကြောက်လိုက်တာ ဒူးတုန်လို့။ ကြောက်ချေးတောင် ဖြန်းခနဲ ပန်းချင်လာသည်။

အားကိုးလောက်သော အတွတ်က အလစ်ချောင်းပြီး အငွင့်သာခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုထားခဲ့ကာ ဒရောသောပါး ပြေးလေသည်။ ဒီတော့မှ ကျွန်တော်ထဲ သတိဝင်ကာ သူ့နောက်မှ လိုက်ပြေးရသည်။

ကံကြီးပေလို့ ခေါင်းနဲ့ကိုယ် မြေမြှုပ်မခံရတယ်။ လိပ်ပြာနှုတ် ပိတ်ပုဝါ အုပ်လို့ ထိပ်ပါစုတ်ရမယ့်ဘေးက သီသီလေး လွတ်ခဲ့သည်။

ဒါတောင် ပြုစားမယ့်စုန်းမကြီးရဲ့ ဟီသံက နောက်ပြောင်ခံကပ်ပါလာ သေးသည်။ နားထဲမှာစွဲလို့ ပုံပန်းသဏ္ဌာန်ကလဲ ကြောက်ခန်းလိလိ မျက်စိထဲ ကမထွက်တော့ပေ။

ဟိုဟာမလေး မာလေးဆွေကလည်း လူလေးကလှသလောက် လိပ်ပြာ နှုတ်မတဲ့။

အခုတော့ ကျွန်တော်သိပြီ၊ ဘောက်ပျောက်ဖို့ ရှမ်းပူတွေ သုံးစရာမလိုတဲ့ ကိုသိတာ။ ဘာကြောင့် ရွာအနောက်ဖျားကို သူတို့ဝိုင်းပြီး တားမြစ်သလဲဆိုတာ ကိုပေါ့။

❊ .... ❊

"ကောင်မလေးက လှမှာပေါ့ဗျာ ... ဥစ္စာစောင့် ဖြစ်နေတာကိုး"

"ဟုတ်တယ် ... နောက်ရက်တွေမှာ နှစ်လုံးပြူးဆွဲပြီး ယုတ္တိ မရှိလို့ သွားချောင်းသေးတယ်၊ ညောင်ပင်နဲ့သူ ခြံထဲကလွဲပြီး ဘယ်မှာမှ မတွေ့ရဘူး ခြံထဲမှာတင် ပျောက်ပျောက်သွားတယ်ဗျာ"

အတွတ်က ကိုယ်တွေ့ကြုံရသမျှကို ပိုပိုသာသာ ကြွားလုံးထုတ်ကာ ဆောက်သည်ချသည်။ လူတတ်ကြီးလုပ်ကာ လက်တွေ့ကွင်းဆင်း ဆောင်ရွက် ချက်ကို ကျွန်တော် အားတက်သရော ထောက်ခံလေသည်။

"မင်းတို့ကွာ ... မြို့သားပညာတတ်တွေဖြစ်ပြီး ဒါတွေကိုယုံသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... ကိုချစ်မောင်ကလဲ ကျွန်တော်တို့ မျက်မြင်ကြုံခဲ့ရတာပဲ"

ကျွန်တော့် စောဒကကို ကိုချစ်မောင်က အကျိုးသင့်အကြောင်းသင့် လက်ခံချင်ပုံမရပေ။ အစ်ကိုလေးနဲ့ ကိုရင်သာညွှဆိုတာ မခိုးမခန့်လေးတွေ ရီသွဲ့သွဲ့ပြုံးနေကြသေးသည်။

"ဒါတွေဟာ ရှိတော့ရှိတယ်ကွ၊ ဥစ္စာစောင့်တို့ စုန်းတို့ဆိုတာ မမြင်သင့် မမြင်အပ်သူအဖို့ မြင်လို့မရတဲ့အရာတွေအဖြစ် ရှိတယ် ... ဒါပေမဲ့ မင်းတို့ကြုံလာရတဲ့ မိသားစုက စုန်းတွေ၊ ဥစ္စာစောင့်တွေ မဟုတ်ဘူးကွ"

"ဟမ် ... "

ကိုရင်ဖိုးတုတ် အပြောကြောင့် ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ အတွတ်ကတော့ နားမလည်နိုင်စွာ ခေါင်းတမြင်းမြင်းကုပ်လေသည်။ အိမ်ကြီးရှင်တွေကိုယ်တိုင် ကြော်ငြာမောင်းခတ်ပြီး ဝန်ခံထားတာတောင်မှ သူက လက်မခံချင်သေးပေ။

"စုန်းတဲ့လား ... ဘာစုန်းမှမဟုတ်ဘူး၊ ပိုးစုန်းကြူးတောင် မဟုတ်ဘူး"

"ဟုတ်တယ် ... ဘာဥစ္စာမှမစောင့်ဘူး၊ အုတ်ကန်တောင် မစောင့်ဘူး"

"သာယာဝတီ ... သုံးဆယ်တော့ စောင့်လိုက်ပါဗျာ"

အပြတ်အသတ် ငြင်းနေကြသောကြောင့် အတွတ်က စိတ်ခာတ်ကျသည့်လေသံဖြင့် ဝင်ရှေးဆစ်သည်။

ကျွန်တော်တို့မှာတော့ အဟုတ်ကြီးမှတ်ကာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရသည်။ သူတို့ကတော့ ဘာမှမဟုတ်ကြောင်း ငြင်းဆို၍ ရှာဖွေတွေ့ရှိ လေးနက်ခြင်းကို ပယ်ဖျက်ပြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမြဲဆွေတို့ သားအမိနဲ့ သူ့သမီးက ပတ်ဝန်းကျင်ကို စိတ်နာလို့ကွ၊ အထူးသဖြင့် သူတို့ကို တစ်ချိန်က နှိမ်ချခဲ့တဲ့ သူ့မိန်းမရဲ့ အသိုင်းအဝိုင်းကို အဆက်အသွယ်ဖြတ်ချင်လို့၊ ဒီလို လူသူအဆက်အသွယ်ပြတ်အောင် ခြောက်လှန့်မောင်းထုတ်ပြီး ကင်းကွာအောင်နေထိုင်ကြတာ၊ ကဲ ... ရှင်းပြီလား"

"ဒါမှ တကယ့်အဖြစ်အပျက်ပါလား"

ကျွန်တော်လဲ ထင်တော့ထင်သားပင်။ ရုပ်ပေစလောင်း ဆင်ထားသည့် အိမ်မှာ ဒီလိုဟာတွေရှိမည်မထင်ဟု တွေးမိသေးသည်။

ဒါကြောင့် ... အကြိမ်ကြိမ် ပြန်လိုက်ချောင်းကြည့်ခဲ့သည်။

နှစ်လုံးပြူးနှင့် အချိန်ခံရပြီးနောက် ခြံထဲ ခြေမချဝံ့ခဲ့ပေ။ အခုတော့ ကြောက်ခဲ့ရသမျှ ခြောက်လှန့်ခံရခြင်းသာ ဖြစ်နေလေသည်။

❀ .... ❀



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

နှစ်စဉ်နှစ်တိုင်း ရိုးရာဓလေ့မပျက် ကျင်းပမြဲဖြစ်သော နွားလှည်းနှင့် နွားအလှပြိုင်ပွဲသို့ ကျွန်တော်တို့ ရောက်ဖြစ်ကြသည်။

ရွာအရှေ့ဘက် ဘုန်းကြီးကျောင်းဝင်းနဘေး စားကျက်မြေကွင်းမှာ နွားလှည်းနှင့် သူ၏ဒရိုင်ဘာများ အမုန်းဆွဲကြသည်။ ထုံးစံအတိုင်း နှစ်တိုင်း ဗိုလ်စွဲသည့် ချန်ပီယံဟောင်းကြီးကတော့ တုတ်တုတ်ပိုင်းလော့ ကိုဖိုးတုတ်ကြီးပေါ့။ ကိုဖိုးတုတ်ကြီးက ဒါမျိုးမှာ ဗိုလ်မထားဘူး။

ပြိုင်ဘက်ကင်းဆိုပေမယ့် ဒီနှစ်တော့ အထက်တန်းကိုင်းက ပြိုင်ပွဲဝင် လှည်းမောင်းရန် မြို့သား ဆိုင်ကယ်(ကယ်ရီ)သမားကို စိတ်ဓာတ်အနိုင် ပိုင်းပြီး အငှားခေါ်ထားသည်။

ဘောလုံးအသင်းတွေ ပရိုဖြစ်လာသလို လှည်း မောင်းပြိုင်ပွဲတွေလည်း ပရိုဖြစ်လာကာ ဘောသမားကြေးစားသုံးသလို ကြေးစား ဒရိုင်ဘာတွေ သုံးကြတော့သည်။

ထိုကယ်ရီသမားက အဟုတ်ကိုပဲ ကိုဖိုးတုတ် အသည်းကျော် အိပိုလေး ကို ကောက်မသွားသူ လားရှိုးမှ ရှမ်းတရုတ်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

နှစ်စဉ်နှစ်တိုင်း ရိုးရာဓလေ့မပျက် ကျင်းပမြဲဖြစ်သော နွားလှည်းနှင့် နွားအလှပြိုင်ပွဲသို့ ကျွန်တော်တို့ ရောက်ဖြစ်ကြသည်။

ရွာအရှေ့ဘက် ဘုန်းကြီးကျောင်းဝင်းနဘေး စားကျက်မြေကွင်းမှာ နွားလှည်းနှင့် သူ၏ဒရိုင်ဘာများ အမုန်းဆွဲကြသည်။ ထုံးစံအတိုင်း နှစ်တိုင်း ဗိုလ်စွဲသည့် ချန်ပီယံဟောင်းကြီးကတော့ တုတ်တုတ်ပိုင်းလော့ ကိုဖိုးတုတ်ကြီးပေါ့။ ကိုဖိုးတုတ်ကြီးက ဒါမျိုးမှာ ဗိုလ်မထားဘူး။

ပြိုင်ဘက်ကင်းဆိုပေမယ့် ဒီနှစ်တော့ အထက်တန်းကိုင်းက ပြိုင်ပွဲဝင် လှည်းမောင်းရန် မြို့သား ဆိုင်ကယ်(ကယ်ရီ)သမားကို စိတ်ခတ်အနိုင် ပိုင်းပြီး အငှားခေါ်ထားသည်။

ဘောလုံးအသင်းတွေ ပရိုဖြစ်လာသလို လှည်း မောင်းပြိုင်ပွဲတွေလည်း ပရိုဖြစ်လာကာ ဘောသမားကြေးစားသုံးသလို ကြေးစား ဒရိုင်ဘာတွေ သုံးကြတော့သည်။

ထိုကယ်ရီသမားက အဟုတ်ကိုပဲ ကိုဖိုးတုတ် အသည်းကျော် အိပ်ပိုလေး ကို ကောက်မသွားသူ လားရှိုးမှ ရှမ်းတရုတ်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မခုံချင်တော့ရင်လဲ နေပါစေ ဒီတစ်သက်ကြီး လုပ်ရတော့မည်။ သံသရာတစ်ကွေ့မှာ ရေစက်၊ မီးစက်ရှိလို့ ပြန်ကာတွေ့ရသည်။ တဖန် လာမွေ့လို့ ကြံသကာ တွေ့ရပြီ။

မြောက်ဘက်ချိုးပင်ကုန်းသား တစ်စုကတော့ အစ်ကိုလေးအောင်ဘို အတွက် တစောင်းစေးနဲ့ မျက်ချေးပင်။

ရည်းစားလုဘက် ခေတ်ပြိုင်ကာလသားများ ငယ်စဉ်ကတည်းက နှစ်ရွာ တစ်ကျောင်း အဝေမတည့်ခဲ့သော စာသင်ကျောင်းမှာ နားရွက်တံတွေးဆွတ် ရန်ဘက်များ။ ကျောက်သင်ပုန်းနဲ့နှက်ကာ နှပ်ချေးဖတ်ကပ်ခဲ့ရသော မဟာအစဉ် အလာကြီးမားသည့် ပြိုင်ဘက်များ။

သူတို့ရှေ့မှာ မာန်တင်းကာ စတိုင်လ်ထုတ် မလိုင်လုပ်လေပြီ။ နည်း နည်းမှ အတင်အစီး အကျောမခံ အပြုံးအလှောင်မခံလိုပေ။

ဒီတော့ ချိုးပင်ကုန်းသားများရှေ့မှာ ကျွန်တော့်ဖုန်းကိုယူ၍ အစ်ကိုလေး ဖုန်းတန်ခိုးပြတော့သည်။ ဖုန်းမောင့်အစ်ကိုကြီး တစ်ကိုယ်တည်း ဘယ်လူးကာ ညာပြန်လျှောက်၍ ဖုန်းပြောလေသည်။

“ဟယ်လို ... ”

ကျွန်တော်ပင် မျက်လုံးပြူးရသည်။ ခလုတ်တွေ မှားနှိပ်ပြီး ကျွန်တော့် ချိတ်ဆက်တွေထဲ ဝင်သွားမှာစိုးလို့ ရင်တမမ ကြည့်နေရသည်။

“ဟယ်လိုလား ... ”

ဆိုးတော့မဆိုး။ ကိုယ့်လူကြီးက ပါဝါခလုတ်ပင် မဖွင့်တတ်ဘဲ အသံ ကောင်းဟစ်ကာ ဖုန်းကို နားမှာကပ်ပြီး လိပ်ခေါင်းထွက်မတတ် အော်နေခြင်း ဖြစ်သည်။ စတိုင်လ်ကတော့ အပြတ်ထွားသည်။

“ဟယ်လိုတယ် မို့လား”

“အေးလေ ... ဟယ်လိုပါပဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



အတွက်မျက်နှာ ဟန်မဆောင်နိုင်ဘဲ ပြုံးစေ့စေ့ ဖြစ်လာလေသည်။ ကျွန်တော်ကတော့ မှင်မောင်းကောင်းကောင်းဖြင့် ခပ်တည်တည်ခေါင်းမော့ထား ရသည်။ အစ်ကိုလေး လုပ်ပေါက်ကြီးကတော့ ဒုတ်ထောက်ရမည့်ကိန်း။

"ဟယ်လိုတာပေါ့"

ပြောစရာရှားလို့။ ကုန်းရုန်းပြီး ဟယ်လိုနေတော့တာပဲ။ မြို့မှာရှိတဲ့ ဖုန်းရှုံးလောက်တောင်မှ ပလီစိချောက်ချက် မပြောတတ်ပေ။

ဒါပေမဲ့ သူ့ဟာနဲ့ သူကတော့ ဟယ်လိုလိုက်တာပဲ။

"ဟယ်လိုရမှာပေါ့"

"ဟယ်လိုတာပဲ ... ဟယ်လိုကွာ ... "

အစ်ကိုလေးကတော့ ဒီဟယ့်လိုကနေကို မတက်တော့။ ချိုးပင်ဂုန်း သားတွေခမျာ မျက်စိသူငယ်နားသူငယ်ဖြင့် ပေစောင်းစောင်းကြည့်ကာ အောင့် သီးအောင့်သက်နှင့် အစ်ကိုလေး၏ ဟဲလိုကို နားကလောမျက်စိနောက်ခံနေကြ ရသည်။

"ဟယ်လိုပြီးရင်း ဟယ်လိုနေတော့တာပဲ"ဟု အတွက်က မကြား တကြားဖွဖွလေး ညည်းတွားသည်။

ဩော် ... ဟယ်လိုတွေအားလုံး ဟယ်လို ကုန်ကြပါလား။ ဘယ်အချိန် အာလွတ်၍ ဘယ်လိုလှည်းမောင်းပြိုင်ပွဲစလိုက်သည်ပင် သတိမထားမိလိုက်ချေ။ အစ်ကိုလေးဟယ်လိုနေတာဆီ အာရုံရောက်နေသောကြောင့်ပင်။

"ဟဲ့ဆိုကာ ကြိမ်တံမြှောက်ရင်းဖြင့် x x x လှည့်လိုရာ တိမ်ယံရောက် နိုင်တဲ့ x x x"

နွားညီနောင် သီချင်းက လော်စပီကာမှ အသံကျွဲကြီးဖြင့် ပေါ်ထွက် နေသည်။

အစ်ကိုလေးပဲ ဘယ်ရမလဲ ... သူတစ်ဖက်သား နေမထိုင်မသာ



www.burmeseclassic.com

www.burmeseclassic.com



နားကလောအောင် လုပ်ရာမှာ သိပ်ပြီးကြံရည်ဖန်ရည် ရှိလှသပေါ့။ လော်တပ် အော်ပြီး ကြော်ငြာပေးနေတဲ မဏ္ဍပ်ဆီဝင်သွားသည်။

ပြီး … ဘာမပြော ညာမပြော မိုက်ခဲသာဂီလက်ထဲက မိုက်ကို ဆွဲ လုပြီး ဖုန်းပြောလိုက်ပြန်သည်။

"ဟယ်လိုကတော့ ဟယ်လိုမှ ဟယ်လိုပဲဟေ့ … "

မိုက်ခဲသာဂီ မိုက်ကရိုဖုန်းကို ပြန်ဆွဲလုသည်။

"ဟယ် … လွှတ် … ပလွှတ်"

"အထက်တန်းကိုင်းက နွားလှည်းပထမ ပန်းဝင်သွားပါတယ် ပလွှတ်"

သာဂီပြောလို့မဆုံး၊ ကြေညာလို့မှ မဝသေးခင် အားပါးတရ ချီးမွမ်းခန်း ဖွင့်ဖို့ ဟန်ပြင်သခိုက်မှာ မိုက်စ်က အစ်ကိုလေးလက်ထဲ ပြန်ပါသွားသည်။

"ဟယ်လိုဝင်ဝင် မဝင်ဝင်ကွာ … ဟယ်လိုအရေးမစိုက်ဘူး"

ရိုးရာအစဉ်အလာမပျက် (ရိုးရာပျက်လျှင် နတ်အကိုင်ခံရမည်စိုး၍ ထင့်) ကိုဖိုးတုတ်ကြီးကတော့ သူ ဘယ်တော့မှမနိုင်သော သျှပ်ပြိုင်ဘက်ကို အဖွဲ့ ပေးလိုက်ရသည်။

ဒီည အရက်ဝိုင်းကတော့ ပိုအကြောင်းပြချက် ခိုင်လုံသော ခေါင်းစဉ် ရသွားပြီ ဖြစ်၍ ပိုပြီး သောက်လို့ဝင်ပေဦးတော့မည်။

ဆရာသမား ကိုတုတ်ကြီးက ဒေါသတကြီး ခံပြင်းပေါက်ကွဲစိတ်ဖြင့် အလောတကြီး မောင်းလေရာ သူ့နွားသိုး မိုးပြာကြီး ခြေခေါက်၍ ဟန်ချက်ပျက် ပြီး လဲသွားသည်။

နောက်ကောက်ကျပြန်ပြီပေါ့ တစ်ခါ။

ဆိုင်ကယ်ကယ်ရီသမား မြင်ပော့ ရင်နဲ့အသည်း နှစ်ခါနာရလေသည်။

"လှည်းယာဉ်ကျော့ရယ်နဲ့ x x x လိုက်ခဲ့ပါလား ငွေမင်းသမီးရယ်"

အောက်တန်းကိုင်းသားများ ညာသံပေးအော်ဟစ်သံ ဆိတ်ဆိတ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြရပြီး တောက်တခတ်ခတ်ဖြစ်ကာ ယူကျုံးမရ ဖြစ်ကြသည်။

"ဟော့ ... လူပေါ် ဟယ်လိုအကျောမခံဘူးကွ"

"ဟုတ်ကဲ့ပါ ပန်းဝင်သွားတဲ့ နွားတစ်ရှဉ်းဟာ ... "

"လူ့အကြံ ဟယ်လိုဦး ... ပလွတ် ... "

"အောင်ကြီးနဲ့မောင်ကြီး အထက်တန်းပလွတ် ... "

မိုက်ကရိုဖုန်းမှာ အစ်ကိုလေးထံရောက်လိုက်၊ ပါလေရာ မိုက်ခဲလက်ထဲ ပြောင်းလိုက်ဖြစ်နေသည်။ ဖိုးဆိုချင်၊ ဖိုးပြောချင် နှစ်ယောက်တစ်ယောက်လက်မှတစ်ယောက် လုယက်ယူငင်ကာ အပြတ်ဟဲနေကြသည်။

"ဟယ်လို လိုက်တော့မယ်နော် ပလွတ် ... "

"ထူးထူးခြားခြား ချန်ပီရလွတ်ပလွတ် ... "

တစ်ယောက်က ဟယ်လို ချန်ပီယံနေကြရာမှ အလုအယက်ဖြစ်လာပြီး မိုက်ကရိုဖုန်းမှာ လက်ပြောင်းလက်လွှဲ မျက်စိသူငယ် နားသူငယ်ဖြစ်လာသည်။

ရွှေပွဲလာ ဧည့်ပရိသတ် ရွာပေါင်းချုပ် လူကြီးလူငယ် ပျိုအို ကျားမ,မရွေး ပြတ်တောင်း ပြတ်တောင်း ရောတိရောရာ ကြေညာသံကို နားထောင်နေကြရသည်။ အားလုံးသော အကြည့်တွေက ဘယ်ကြည့် ညာကြည့် ဘယ်ပြန်ကြည့် ညာပြန်ကြည့်ကာ အစ်ကိုလေးဆီတစ်လှည့် မိုက်ခဲသာဂိထံ တစ်လှည့် ရောက်ရှိရွေ့လျားနေသည်။

ထို့နောက်မှာတော့ မိုက်ခ်ကို လှမ်းလုရင်း မလွတ်တမ်း ဆုပ်ကိုင်ကာ ပြန်လုထားရာမှ မိုက်ခ် လွတ်ကျလေသည်။

"ဂွက်"

စကားဖုံးကျွတ်ထွက် မိုက်ခ်ကွဲသွားလေသည်။

မိုက်ခ်ကွဲသွားကာမှ နှစ်ယောက်သား အလုရပ်တန့်ကာ အပြော



www.burmeseclassic.com

www.burmeseclassic.com



အော်တိုစတော့ သွားတော့သည်။

နာမည်တစ်လုံးနဲ့ မိုက်ခ်ခဲသာဂိပဲ။ ဘယ်နေလိမ့်မလဲ။ အခွင့်ရတုန်း လေကုန်ထုတ်ရတာ။ အရိုးကျေကျေ အရည်ခမ်းခမ်း အသံပြာပြာ လည်ချောင်း ကွဲကွဲ မိုင်ကုန်အော်တော့တာပေါ့။

"အခု မိုက်ကရိုဖုန်းကြီး ကျကွဲသွားပါပြီခင်ဗျာ ... "

ဝေးနီးချုပ်စပ် ရွာသူရွာသားအပေါင်း လက်ခေါက်မှုတ်၍ လက်ခုပ် တဖြောဖြောတီးကာ မိုးထိဘဝင်ညံ့အောင် ဩဘာပေးတော့သည်။

ကျောင်းဝင်းထဲက ငှက်တစ်အုပ်လန့်ပြီး ထပုံပြေးကြသည်။ စက်ဆရာ ခများမှာတော့ နှစ်ယောက်လုံးမဆိုင်သလို အရှုံးကွက်နင်း အဖက်မလုပ်တော့သည် မိုက်ခ်ကွဲလေး ကိုင်ပြီး ဝမ်းနည်းရှိုက်ငင် ရှုံ့မဲ့သွားတော့သည်။

မိုက်ခဲသာဂိလေ။ နာမည်တစ်လုံးနဲ့မိုက်ခဲတာ။ အလကား နွားကျောင်း ရေထမ်းရင်းရလာတဲ့ နာမည်မဟုတ်။

မိုက်မခဲရတော့ လော်ခဲတာပေါ့။

လော်စပီကာ နောက်ပိတ် ဖြုတ်ပြီး ဟွန်းအဝမှာ နှုတ်ခမ်းတေ့ကာ ကြေညာပြန်သည်။ လော်စပီကာကလည်း မဏ္ဍပ်တိုင်မှာ ကြိုးချည်ချိတ်ထားတော့ အဆင်သင့် သွားတာပဲပေါ့။

"အခု နွားအလှပြိုင်ပွဲစမယ် ... နွားတွေလာကြပါ၊ အဲ ... နွားရှင် တွေကို နဖားကြိုးဆွဲ ဟာ ဟုတ်ဖူး ... နွားရှင်တွေ နွားဖားကြိုးဆွဲပြီး ကိုယ့် နွားကိုယ်ကွင်းထဲ ခေါ်လာကြပါ"

နွားများကို ချူဝေအောင်ဆွဲထားသည်။ ပန်းကုံးတွေ စွပ်ထားကြသည် မှာ အောင်ပွဲရ နွားအလှကို ဝင့်ကြွားအောင် ဆင်မြန်းပေးထားသည့်နှယ် မြင်ရသည်မှာ ရှမောသာယာလို့ လုပခန့်ညားပြီး ကြည့်ပျော်ရှုပျော် ပသာဒရှိလှ သည်။ ကြေးခလောက်အလှအဆန်းတွင် ဆင်မြန်းပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နွားပွဲစားများ၊ ရွာလူကြီးများက နွားကောင်းကြန်အင်လက္ခဏာ ပြည့်စုံမှုရှိမရှိ ကြည့်ကြသည်။ ဦးချိုအလှကို အမှတ်ပေးကြသည်။ နွား၏အလုံးအထည်၊ သန်မာမှု၊ ရှေ့ခြေ၊ နောက်ခြေ၊ နွားခွာ၊ အမြီးကအစ အသေးစိတ်လေ့လာ အကဲခတ်သည်။

ဘာမှ နားမလည်သော ကျွန်တော်တို့ကတော့ အဝေးကသာ အခြေအနေ အကဲခတ်ရသည်။

အစ်ကိုလေးလည်း နွားအလှကို လိုက်လံငေးမောထင် ကြေးပေးနေတော့ရာ ဟယ်လိုခြင်းအမှု မပြုတော့ပေ။ ကျွန်တော့်လက်ထဲသို့ ဖုန်းကို ပြန်ပေးထားသည်။

မိုက်ခ်ခဲသာဂိ၏ လော်ခဲသံဗလုံးဗထွေးကြီး ထွက်ပေါ်လာသည်။

"ဟုတ်ကဲ့ဗျာ ... အမှတ်အများဆုံး သူဌေးကြိုက် မင်းကြိုက် အလှဆုံး နွားကတော့ ကိုချစ်မောင်ရဲ့ အောင်ဒင်ကြီးပဲ ဖြစ်ပါတယ်"

"ဟေး ဝေးဝေး ..."

လက်ခုပ်သံများ တဖြောင်းဖြောင်း မြည်သွားပြန်သည်။ ဒီတစ်ခါတော့ ဆော်ကိုပင် အလွတ်မပေးဘဲ ခဲလေသည့် မိုက်ခ်ခဲသာဂိမှ လော်ခဲသာဂိအဖြစ် သတ်လတ်ဆတ်ဆတ် ပြောင်းလဲထားသူ၏ ကြေညာသံက အောက်တန်းကိုင်းသားများအဖို့ အားရကျေနပ် ရွှင်မြူးသွားစေတော့သည်။

ကိုချစ်မောင် နွားခြံမှ ဒီတိုက်နယ် တစ်ခွင်မှာ အလှဆုံးနွားကို ပေါ်ထွက်အောင် မွေးမြူပေးနိုင်ခဲ့လေပြီ။

"ဒါမှ အောက်တန်းကိုင်းကွ၊ မတူရင်မတုနဲ့ ... ဥတွေ ဂျုပုဖြစ်သွားမယ်"

အားပါးတရ မခံချိမခံသာဖြစ်အောင် ကြွေးကြော်သူက ကြွေးကြော်သည်။ နွားအလှနှင့် နွားလှည်းပြိုင်ပွဲကတော့ ဆူညံပွက်လောရိုက်ပြီး တင်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက်နှင့်ပင် ပြီးသွားခဲ့လေပြီ။

ရွာသို့အပြန်တွင် အစ်ကိုလေးအား နားပူနားဆာလုပ်သဖြင့် မယုံမရဲ စိုးတထင့်ဖြင့်ပင် ဆိုင်ကယ်ပေးစီးသည်။

"ရပ့်မလား ဖိုးစံရာ ... ဟုတ်မှလဲ လုပ်ပါကွာ"

"မိုင်နာပါ အစ်ကိုလေးကလဲ ... မြို့မှာ ကားတွေလူတွေ ရှုပ်တာတောင် မောင်းလာခဲ့သေးတာပဲ ပိုင်ပါတယ် ..."

ပိုင်ပါတယ်ဆိုသော ကျွန်တော် လမ်းခရီးမှာ ကန့်လန့်ရပ်နေသည့်ကျွဲတစ်ကောင်နှင့် ပက်ပင်းတိုးလေသည်။

"တီ ... တီ ..."

ကျွဲမက တစ်ချက်လှည့်ကြည့်ပြီး တုတ်တုတ်မျှမလှုပ်။ အရေးမစိုက်ဘဲ မြက်ကိုသာ မြိန်ရေယှက်ရေ ဆက်စားနေသည်။

"ဟ ! ဖယ်ပါဦး မကျွဲမရဲ့"

ကျွဲမနှင့်လွတ်ရုံ လမ်းပခုံးသားမှ ရှောင်မောင်းရသည်။ မလွယ်ပါလား လမ်းပခုံးမှ ချော်ကျလျှင်လည်း ရေမြောင်းက အဆင်သင့်မို့ ရေဆင်းသောက်ရ ကိန်း ရှိလေသည်။

အစ်ကိုလေးက ပခုံးကို နှစ်ချက် သုံးချက် ခပ်ဖွဖွပုပ်ပြီး ဘာမှတော့ ဝင်မပြောသေးပေ။ ပညာတွေတော့ လာစမ်းနေချေပြီ။

အသက်ရှူချောင်ကာစပင် ရှိသေး၊ ရင်တမမဖြင့် လီဗာကို လျှော့ရ ရပြန်သည်။ ရှေ့မှာ နွားတစ်ကောင် လမ်းနှုတ်ခမ်းမှာပင် ကြိုးဖြင့် လှန်ထား သည်။ သူ့ကြိုးကို ဖြတ်နင်းပြီး ကျော်မှရမည်။

မတော်တဆ ရွှေ့လျားလိုက်မှ ဖြင့် ကြိုးတင်းပြီး ထောင်တန်းလာလျှင် မော်တော်ဆိုင်ကယ်မှာ ကြိုးတန်းဖြင့် ပြေးမလွတ်ချေ။ တန်းကျော်ဆိုင်ကယ်စီး ရအောင်လည်း စတန့်သမားများလို မစီးတတ်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နည်းအတိုင်း ဟွန်းတီးသည်။ နွားကြီးမှာကား ချို(ဂျို)ကြည့်ဖြင့် ပြန်ဖြလေသည်။ တကယ်ပြန်ဝှေ့မည့်ပုံပင်။

နောက်ဆုံးတော့ သမ္မုဒ္ဒေ အဆီအငေါ်မတည့် အယောင်ယောင် အမှားမှား ရွတ်ပြီး ကြိုးပေါ်က ကျော်နင်းဖြတ်လာခဲ့ရသည်။ သူတို့အဖို့တော့ ဆိုင်ကယ်၊ ထော်လာဂျီ အတွေ့အကြုံတွေက ရိုးနေလောက်ပေပြီ။ ကျွန်တော့်အဖို့ ရာမှာကား ဖောချွေးပင် ပြန်လာရသည်။

ဝက်အုပ်၊ ဆိတ် မိသားစု၊ မြင်းမောင်နှံတို့ကိုလည်း ထိုနည်းပြင့် ပွတ်ကာသီကာ လွတ်အောင် တိမ်းရှောင်ခဲ့ရသည်။ သူတို့က ကိုယ့်ကို ရှောင် မပေး ကိုယ်ကသာ ကွင်းရှောင်ခဲ့ရရှာသည့် ဆိုင်ကယ်ပေါ်မှ ကျွန်တော့်တဝပင်။

လူသူကင်းရှင်း တောရွာလမ်းမလေးမို့ လီဗာကုန်ဖွင့်ပြီး အလွတ်အကျွတ် လေထဲမှာလွင့်အောင် မောင်းရပြီထင်မှတ်ခဲ့သည်။ လျှော့တွက်ပြီး ပေါ့ပေါ့ထင်ခဲ့တာ များလေပြီ။

လမ်းမတစ်လျှောက် မြက်ပေါလှသဖြင့် တိရိစ္ဆာန်အပေါင်းကို လှန့်ထား ကြသည်။ လွှတ်ကျောင်းကြသည်။

ထို့ကြောင့် လူသူကား မကြောက်ဘဲ မောင်းရဲသည့် ကျွန်တော့်မှာ တောရွာလမ်းမကလေး၌ နွား၊ ကျွဲ၊ မြင်း၊ တိရိစ္ဆာန်အပေါင်းကို ကြောက်ပြီး ရှောင်ကွင်းမောင်းနေရတော့သည်။

"သူတို့ပဲ ကြောက်နေရပါလား ဟရို့ ..."

"မှတ်ပလား ... မှတ်ပလား ... အဲဒါကြောင့် ငါပြောတာ၊ ဟုတ် မှလဲ လုပ်ပါ ဖိုးစံရာလို့ ..."

❊ .... ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကျွန်တော့်အနေဖြင့် ရွာအနောက်ဖျားမှ မာလေးခွေတို့၏ ခြံဝင်းကျယ်ကြီးသို့သာ ခြေဦးလှည့်ချင်နေမိသည်။ ညှို့ယူဖမ်းစားခံရသော စက်ကွင်းမိနေသူတစ်ဦးပမာ စိတ်လည်နေသည်။ မာလေးခွေ အလှမှာ ယစ်မူးစွဲလမ်းပြီး သာယာနေမိသည်။

မြို့မှာ ဖွန်ကြောင်၍ အခေါင်ဆွန် အခွန်ဆောင်သည့် လက်စလက်နလေးများရှိထားရာ မာလေးခွေနှင့်အတွေ့မှာ ရောဂါပိုထလာပြီး ပို၍အဖြစ်သည်းသာရသည်။

ယခုအခါ ကျွန်တော်နှင့်အတွက် နှစ်ယောက်မှာ တောရွာကလေးနှင့်အတော်ပင် အသားကျနေကြလေပြီ။

မရောက်ခင်နှင့်ရောက်စက မဲဇာအပို့ခံရသဖြင့် စိတ်အိုက်ရမည်ဟုထင်မှတ်ခဲ့ကြသည်။

အခုအခါမှာတော့ တောရွာကလေးနှင့် သဘာဝတောတောင် ရေငွေ၊ မြေလန်းသစ်ပင်စိုက်ခင်းများ၊ အစ်ကိုလေး အောင်ဘိုတို့ လူပျိုကာလသားအစ်သိုက်နှင့် မွေ့လျော်ကျင်လည်ရသည့် အရသာကို သဘောတွေ့ နှစ်ခြိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

ကျွန်တော့်အနေဖြင့် ရွာအနောက်ဖျားမှ မာလေးခွေတို့၏ခြံဝင်းကျယ်ကြီးသို့သာ ခြေဦးလှည့်ချင်နေမိသည်။ ညှို့ယူဖမ်းစားခံရသော စက်ကွင်းမိနေသူတစ်ဦးပမာ စိတ်လည်နေသည်။ မာလေးခွေ အလှမှာ ယစ်မူးစွဲလမ်းပြီး သာယာနေမိသည်။

မြို့မှာ ဖွန်ကြောင်၍ အခေါင်ဆွန် အခွန်ဆောင်သည့် လက်စလက်နလေးများရှိထားရာ မာလေးခွေနဲ့အတွေ့မှာ ရောဂါပိုထလာပြီး ပို၍အဖြစ်သည်းလာရသည်။

ယခုအခါ ကျွန်တော်နှင့်အတွတ် နှစ်ယောက်မှာ တောရွာကလေးနှင့် အတော်ပင် အသားကျနေကြလေပြီ။

မရောက်ခင်နှင့်ရောက်စက မဲဇာအပို့ခံရသဖြင့် စိတ်အိုက်ရမည်ဟု ထင်မှတ်ခဲ့ကြသည်။

အခုအခါမှာတော့ တောရွာကလေးနှင့် သဘာဝတောတောင် ရေငွေ၊ စိမ်းလန်းသစ်ပင်စိုက်ခင်းများ၊ အစ်ကိုလေး အောင်ဘိုတို့ လူပျိုကာလသားအစ်သိုက်နှင့် မွေ့လျော်ကျင်လည်ရသည့် အရသာကို သဘောတွေ့ နှစ်ခြိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လျှာဖျားမှာ စွဲလာသည်။

ကျွန်တော့်အတွက် မာလေးဆွေက မျက်စိကျလောက်စရာ၊ မက်မော တွယ်တာစရာအဖြစ် ဆုလာဒ်တစ်ခုသဖွယ် ရေစက်ဆုံဆည်းလာခဲ့ရာ အထူး ပျော်သည်မှာ ပြောမပြတတ်။ သို့သော်လည်း မာလေးဆွေနှင့်ပတ်သက်လျှင် အစ်ကိုလေးအောင်ဘိုက မျက်နှာသာမပေးပေ။

"ကြီးကျယ်တတ်ရန်ကောကွာ အကြောကြီးနဲ့ဟာတွေ ... အဖက်လုပ် မနေနဲ့ ဖိုးစံ၊ မင်း တခြားကြိုက်တာ လက်ညှိုးထိုးလိုက်၊ ဥပမာကွာ ... ချစ်မောင် ခြံထဲမှာ နွားမတွေ တစ်ပုံကြီးရှိတယ် ... "

ကျွန်တော် ရင်ကော နှလုံးပါ အောင့်သီးအောင့်သက် ဖြစ်ရသည်။ မာလေးဆွေတို့သားအဖ မာနကြီးကြတာကို အစ်ကိုလေးက သဘောမကျ။ ဂျင်းစိမ်းနဲ့မိတ်သလင် သူကြင်မှုကိုယ်ကြင်လိုသည်။

တစ်ရွာလုံးနီးပါးက သူတို့နှင့်ကင်းကင်း ဖယ်ရှောင်နေသလို သူတို့သား အဖကလည်း ခပ်ရှင်းရှင်းပင် သီးသန့်နေကြသည်။ သူတို့အဖွား စိတ္တဇ ဝေဒနာ သည်ကြီး ဖြစ်နေသည်ကို မနှစ်မြို့တာလည်း ပါလိမ့်မည်။ စိတ်ဝေဒနာရှင်မှ စနာသည်ကိုလည်း သူတို့သားအဖမှာ အရှက်သည်းကာ နိမ့်ကျသည်ဟု တစ်ယူသန်မှတ်ထင်သဖြင့် အစ်ကိုလေးတို့အနေနဲ့ ဥပေက္ခာပြုထားခြင်း ဖြစ်လေ သည်။

ယင်းသို့ အစ်ကိုလေးတို့က သဘောတွေ့ဟန် မပြသည့်အပြင် သူ့အဒေ နှစ်လုံးပြူးကြီးကလည်း ကြောက်ရသေးသည်။ အမဲလိုက်သေနတ်ပေမယ့် ကျည်ဖွတ်ခနဲ ထွက်တာနဲ့ ဂွတ်ခနဲ အရိုးဆယ်ချောင်း ကျိုးနိုင်သည်။

ကျွန်တော့်မှာ အမြင်အာရုံတွင် တဝဲလည်လည် စွဲထင်နေသည့် ... ပုံရိပ်လေးကို မြင်ယောင်စိတ်ကူးဖြင့် ကြိတ်ဖြေရသည်။ မျက်ဝန်းနက်လေးနဲ့ အကြည့်ကို ဝမ်းတွင်းရှူးတစ်ယောက်ပမာ စိတ်ကူးပုံရိပ်ပေါ်၌ သဲ့သဲ့ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

အပြုံးရိပ်သဲ့သဲ့ကလေးဆီ စိတ်ကသာ ရောက်နှင့်ပြီး ကျွန်တော် ကိုယ်တိုင်မှာ ရှုးမတတ် ခပ်ခွာခွာတွင်သာ အမြီးကုပ် ခြေငြိမ်နေရသည်။

ကိုယ့်စိတ် စွဲလမ်းမှုနဲ့ ကိုယ် ကယောင်ကတမ်းဖြစ်ကာ မူပျက်နေသော ကျွန်တော့်ကိုမှ အစ်ကိုလေးက ရည်းစားစာ လာရေးခိုင်းသည်။

"ဖိုးစံ ... မြို့သား။ ဒါတော့ မင်းတို့က အားကိုးရတယ်ကွ၊ သောက်ကြွားပိုပြီး မြှောက်ပင့်ရိုက်ချတဲ့အလုပ်ကို မင်းတို့မြို့သားတွေပဲကျွမ်းတာ၊ အားကိုးရတဲ့ ချစ်ညီလေး ရည်းစားစာတစ်စောင်လောက် လက်စွမ်းပြပြီး ရေးပေးပါလားကွာ"

လိုချင်တာများရှိလို့ကတော့ လေသံကို ချိုလို့။ ယောက်ျားချင်းတောင် စိတ်ပြောင်းပြီး ပြန်ကြိုက်ချင်လောက်သည်။ ဝင်းဦးထက် နှာသံအဆတစ်ရာ ပေါက်ပြီး ပြတ်တောင်းဆန့်ငင်တွေဖြစ်ကာ ပူဆာလေသည်။

"အားကိုးရတဲ့ ညီအစ်ကိုတော်လေး မင်းကိုကြီးက မင်းကယ်မှရမှာ ပါကွာ"

ကိုရင်သာညြ လေသံကလည်း တစ်ကြိတ်တည်း တစ်သံတည်း ပျော့ပြောင်းနူးညွတ်လို့ တွံတေးသိန်းတန်ထက် အဆတစ်ရာ နူးညံ့သိမ်မွေ့နေလိုက်တာ။

ကျွန်တော် ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မာန်တက်သွားရတာပေါ့။ ခေါင်မိုးနဲ့တောင် တိုက်မိရုံမက ဖောက်ထွက်ချင်နေပြီ။ ပျဉ်ခင်းကြမ်းပြင်နဲ့ ခြေမထိတော့ဘဲ တစ်ပေလောက်လွတ်နေပြီလားတောင် မှတ်ထင်နေရပြီ။

ရွာကိုရောက်လာကတည်းက ဒီလိုတစ်ခါမှ ချိုသာချော့မော့ အပြောမခံ ရဘူးသေး။ အမြဲနှိမ်ချ နှိပ်ကွပ်ခံရပြီး ရွာရာမဝင် လူရာမဝင်ဖြစ်ခဲ့ရသည်။ ဒီနေ့တော့ အသိမှတ်ပြုကြဟန် တရေးတယူ ဆက်ဆံလို့ ဖက်လှဲတကင်း ပြုကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုယ့်နားကိုယ်ပင် မယုံချင်၊ ကိုယ့်မျက်စိကိုယ် အမြင်မှားလေသလား အိပ်မက်လား၊ တကယ်လား ဝေခွဲမရ ဖြစ်ရလေသည်။

ဒီနေရာမှာတော့ တောသားလူလည်များ ကျွန်တော့်ကို ဘယ်ယှဉ်လို့ ပါ့မလဲ။ ကျွန်တော့်လက်ရေးက သူတို့ထက်လှသည်။ ပြောမည့်သာပြောရတာ ဘုန်းကြီးကျောင်းထွက် ကိုရင်သာဩ လက်ရေးက ပိုပိုင်းစက်လှပနေသေးသည်။

သို့သော်လည်း ... အချစ်ဝတ္ထုတွေ တစ်ဆိုင်လုံးပြောင် လစဉ် ပိုက်ဆံအကုန်ခံငှားပြီး ဖြုံထားတာ အလကားမှတ်လို့။

ကျွန်တော့် အချစ်ဒဿန ဝတ္ထုထဲမှ အနုအရွ မိတ္တူကူးချမှုကိုတော့ နှစ်ယောက်လုံး လိုက်မမှီကြတော့ပေ။

ကျွန်တော်က မာလေးဆွေကို စိတ်မှရည်မျှော်မှန်းဆပြီး ဖွဲ့နွဲ့ရေးဖေ လိုက်သည်။

"အစ်ကိုလေးက ဘယ်သူ့ပေးမှာမို့လဲ"

"ဟိုကွာ ကန္တားပွဲတုန်းကလာတဲ့ မျှစ်စိုပေါက်ကြီးလေကွာ"

"အိုကေ ... ရပြီ၊ ဒီလောက်ဆို ပေါက်ပြီ"

ကျွန်တော် ကောက်ရေးချပေးလိုက်သည်။

ရည်းစားစာ ရေးတယ်ဆိုတာလည်း အဲသလို ပုံပန်းသဏ္ဌာန် အထုံ အထည် ရှုပကာလေးနဲ့ မြင်ယောင် ဖွဲ့နွဲ့သီးမွမ်းပါမှ အနုအလှ အသွက်တွေ ထွက်မှာပေါ့။ အမြောက်ကြိုက်ကို အကြိုက်မြှောက်ပြီး မြှောက်ကြိုက်ရပေမယ့် မှန့်ပေးကြိုက်စရာမလို၊ မြှောက်ပေး ကြိုက်ရင် ရပြီ။

"ချစ်ရတဲ့ မျှစ်ရေ ... "

ကျွန်တော်ရေးလိုက်တာကိုကြည့်ပြီး အထိတ်တလန့် မျက်မြှုံးဆန်ပြ ဘေးမှ ဝိုင်းအုံအော်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ကောင် ... အဲလိုရေးလို့ မရဘူးလေ"

"နို့ အစ်ကိုလေးပဲ မျှစ်စို့ပေါက်ကြီးဆို"

"ငတုံး ... ဖွတ် ... မျှစ်စို့ပေါက်ဆိုတာ ငါတို့တင်စားပုံနိုင်းနှိုင်း ...ဘာကွ၊ ဖွတ်ကျားလေးရ နာမည်အရင်းက ဘာတဲ့ မလှသာလေကွာ"

ကိုရင်သာဩ မူလ လစ်မစ်ပြန်ရသွားသည့်နှယ် အတောမသတ် နှိပ် ...ွစ်သည့် လေသံဖြင့် ကျွန်တော့်ကို ထောပနာပြုသည်။

"ဘာရယ် မသာလှ ... ဟုတ်လား ... "

"နင့်အမေကြီးတော် မသာလှပါလား ... မလှသာကွ"

ချိုသာပြောင်းပြောင်း အလေးပေး အရေးတယူ ပြုမှုမှုက တစ်မိနစ် ...င် ကြာအောင် မခံလိုက်။ ချက်ချင်း ရုတ်ချည်းရာသီဥတု ကူးပြောင်းသွား ...ည်။ အနှိပ်အကွပ် အနှိမ်ချခံ မူလနေရာသို့ပင် ပြန်ရောက်ရမြဲပင်။

"ဒါဆိုလည်း **ချစ်ရတဲ့ လူသားရေ** ... "

"အေး ... အဲ့လိုလုပ်"

အစ်ကိုလေးအောင်ဘို သွား(၃၂)ချောင်းလုံးပေါ်အောင်ပင် မြင်ပြင်း ...ပ်ဖွယ်ရာ ပြုံးဖြီးသွားတော့သည်။ သူတို့ပဲ အမျိုးမျိုး တတ်လည်းတတ်နိုင်တဲ့ ...တွေ။

**"တအံ့မြင်ရတဲ့ ဓလေ့တာအတွင်းမှာပဲ တစ်ဘဝစာ အသည်းမှာစွဲလို့ မှတ်ကြအောင် ...ခွဲထမ်းနေရပါပြီကွယ်"**

"ရလဲ့ မိုက်တယ်ဟေ့ ... ဒါမှ ဖိုးစံကွ ... ငါ့ညီကွ"

ကိုယ့်စွမ်းကိုယ်စနဲ့ ထူးချွန်တာတောင်မှ အစ်ကိုအဖြစ်နဲ့ ပဏာဝင်ယူ ...ပြန်သေးတါ။

"မှတ်ကြဆို ကောက်ရိုးပုံကို ကြွက်ဝင်ဖွသွားတာကိုးကွ"

ကိုရင်သာဩ ဝင်ပြောလို့ အာရုံပျက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေးဘဝ ဆုတောင်းကောင်းလို့ ဥမ္မာဒန္တီ ဝင်စားသလားအောက်မေ့ရတဲ့ လှသာလေးရဲ့ အလှမှာစုံမက်ပြီး ဟောဒီက သိဝိမင်းကြီးလို ရူးရပါပြီကွယ်"

"ဖိုးစံ ... မင်း အဲဒီရူးတာမပါလို့ မရဘူးလားကွာ၊ ငါ့ကို မြို့တက်ပြီး ဆေးကုခိုင်းနေဦးမယ်"

"ဟာဗျာ ... အစ်ကိုလေးကလဲ အရူးအမူးချစ်တယ်ဆိုတာ ပီပြင်တာပေါ့၊ ဒါမှ တစ်ခါတည်း ဂွက်ခနဲ ပြန်ကြိုက်မှာ ... "

မျက်လုံးထဲမှာတော့ မလှသာ ခုံဖိနပ်နဲ့ ဂွတ်ခနဲ ပြန်ထုတာလေး အပြေးအလွှားကို မြင်ယောင်မိသေးသည်။

"တို့ဘဝရဲ့ နေ့ညတွေတိုင်းမှာ ဘဝခရီးဖော်မွန်အဖြစ် လက်တွဲလို့ လျှောက်ပို့ရာ လေးစားတန်ဖိုးထား မြတ်နိုးရမှုနဲ့အတူ ကမ်းလှမ်းပါရစေတော့"

တစ်သက်မှာတစ်ခါဆိုသလို ရင်ခုန်မှုနဲ့ထပ်တူ ပထမဆုံးနဲ့နောက်ဆုံးအဖြစ် သစ္စာရှိရှိ ချစ်တာကို သိပါတော့ အလှမလေးရယ် . . .

တို့ မင်းအပေါ်ထားတဲ့ သံယောဇဉ်ကြိုးက ဘယ်တော့မှ မဆွေးမြေ့ မဟောင်းနွမ်းနိုင်မှာတဲ့ ချည်နှောင်သမှုဒယ ကြိုးလေးပါကွယ်"

အစ်ကိုလေးကတော့ အဟုတ်မှတ်ပြီး သဘောခွေ့ကာ မဆန့်မပြဲကြီး ပြုံးနေလေပြီ။ တစ်ဖက်သားကို စာထဲမှာ ကြိုးနဲ့ချည်ခိုင်းလိုက်ပြီ။ ကြိမ်နဲ့တို့ရှုံသာ ကျန်တော့သည်။

အလှပေါ်ထားတဲ့ တို့ရဲ့မေတ္တာက ရင်နဲ့မဆန့်အောင် များပြားကြီးမားလွန်းလို့ အခုထိစာရွက်ပေါ် ချရေးရတာပါ။

တို့အချစ်ကို အကြွင်းမဲ့ ယုံကြည်ပါနော်။

တို့အချစ်ကို လက်ခံပေးပြီး ပြန်ချစ်ပေးပါ။

အလှရဲ့ တုန့်ပြန်မှုကို မျှော်လင့်တမ်းတနေပါတယ်။

နှလုံးသားချင်းထပ်တူ ပျော်ရွှင်မှုတတဲ့ အချစ်ဘဝဆီ လျှောက်လှမ်းနိုင်ဖို့ လက်ခံပေးပါ

www.burmeseclassic.com



အလှမလေးရယ် . . .

သိပ်ချစ်တဲ့ . . .

စာကို မြန်မြန်အဆုံးသတ်ပေးလိုက်သည်။ လေကြောရှည်နေရင် ဝတ္ထုစာအုပ်ဖြစ်သွားမည်စိုးသောကြောင့်ပင်။

ရေးထားတဲ့ စာလေးကိုတော့ သူတို့နှစ်ယောက်သား အပီကြွနေကြပြီ။ ပီတိတွေဖြာလို့ အဝှါတွေပါချင်နေလောက်ပြီ။

စာကိုခေါက်ပြီး အသေအချာ အိတ်ထဲ ထည့်သည်။

ကျွန်တော့်လက်မောင်းကို လှမ်းပုတ်ပြီး တစ်ခါမှ မကြည့်ဘူးတဲ့ ကြည်ဖြူလိုက်လှဲသော မျက်ဝန်းဖြင့် ကြည့်လေသည်။ ကျွန်တော့်မှာ ကျက်သီးပင် ထရသေးသည်။

သူတို့အတွက်တော့ ဒီအနူတောမှာ လူချောလုပ်လို့ရပြီပေါ့။

အနုအရွ အလှအပလေးဆို သိပ်အထင်ကြီးကြသည်။ ရိုးရိုးဘွင်းဘွင်း ဒဲ့ဒိုး ခပ်ရှင်းရှင်း ပြောစကားများကြားမှာ ဒီစကားလုံးလေးတွေက ဗီလင်တက်ဖွယ်ရာ ကောင်းသည်။

တစ်ခါဖူးမျှ မနုမရွ မလှမပခဲ့ဘူးသော အသစ်အဆန်းဆုံး ချစ်သဝဏ်လွှာလေးဖြင့် ချစ်ရေးဆိုသူ၊ ချစ်ခွင့်ပန်ကြားခံရသူအဖို့ လူအထင်ကြီးအောင် ကြားလုံးထုတ်ရန်၊ ချစ်စိတ်ကူးလေးယဉ်ရန် ကောင်းလွန်းနေသည်။

"နင့်ကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်မလား" ဆိုရင် ဖြောင်း ဒိုင်း ပါး တစ်ချက်။

"ကိုရင်ကလဲ ဘာတွေလာပြောနေမှန်းမသိဘူး" "စပါယ်နှစ်ပွင့် ထရုံကာ" "အမေဆူရင် မောင့်ဆီပြေးခဲ့" "မသိဘူး အမေတို့သွားပြော" ဟူသော စကားများကြား အခုလိုဖွဲ့နွဲ့ခွန်းသီမှုက တာသွားပေလိမ့်မည်။

ကျွန်တော်တို့မြို့မှာဆိုရင်တော့ ရည်းစားသနာ စကားအရေးဘယ်ဝင်ပါ

www.burmeseclassic.com



လိမ့်မလဲ။ "ဘာလာကြောင်နေတာလဲ၊ ဘယ်ဝတ္ထုထဲက ဒိုင်ကြောင်တွေ နိုးချ ထားတာလဲ"ဟု ကောလှတ်ခံရမှာ၊ အလှောင်ခံရမှာ သေချာသည်။

အစ်ကိုလေးတစ်ယောက်မှာတော့ စာအခေါက်ကလေး ထည့်ထားသည့် အကျီအိတ်ကပ်ကို သတိရတိုင်း ပြန်ပြန်စမ်းရင်း ပြုံးတမြမြဖြစ်နေလေသည်။ နှလုံးသားအရေးမို့ ကြိတ်တွေးလို့ ပီတိရွှန်းစိုနေသည်။

❀....❀

သတိရစိတ်တို့ ထိန်းချုပ်၍ မရနိုင်လောက်အောင် အရှူးထမိသော ကြောင့် ကျွန်တော် ရွာအနောက်ဖျားဆီ မယောင်မလည်ရောက်လာခဲ့သည်။

ပုထိုးပျက်ကလေးအကွယ်မှာ ဆိတ်နှစ်ကောင်ကို ဝါးစိမ်းတုတ်တစ် ချောင်းဖြင့် မောင်းလာသည့် မာလေးဆွေကို တွေ့လိုက်ရသည်။

ကျွန်တော် ရင်းနှီးကျွမ်းဝင်လိုသော အမူအရာဖြင့် ဖော်ရွေစကား ပြောရန် ကြိုးစားမိတော့သည်။ သူမနဲ့ပတ်သက်လာရင် ကျွန်တော့်စိတ်တွေ တုန်လှုပ်မှုကင်းအောင် တွန်းပို့လျှက်သား ဖြစ်နေသည်ကို တအံ့တဩ သတိပြု မိသည်။

"ဟိတ် ... တစ်ယောက်တည်းလား"

အဖော်မပါဘူးလား။ ဘာညာတွေ ကျွန်တော်လျှောက်ပြောပြီး ဝင်ရော ရန် ဟန်ပြင်လိုက်သည်။

မြို့ပြယဉ်ကျေးမှု ဖက်ရှင်အရ ဒီလိုတော်ကီပေါက်လိုက်ပြီဆိုရင် ပီပီ ပြင်ပြင်လမ်းကြောင်းခင်းလို့ရပြီ၊ လက်မခံရင်တောင်မှ အပြင်းပြေ တစ်ခုလောက်တော့ ဖျော်ဖြေမှုအဖြစ် ဂိမ်းတစ်ခုလို ကစားကြမြဲပင်။

ကျွန်တော့်အမေးကို သူမပြန်ဖြေပုံမှာ အင်မတန် သိမ်မွေ့လှပသည်။



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ် ပြည့်ဝသည်။ တိုရှင်းသည်။

"ဓားပါတယ် ... "

"ထောက် ... "

ခလုပ်မောင်းချားကို ထောက်ခနဲ အသံမြည်အောင် ထုတ်၍ တရစ်ဖွင့်ပြလေသည်။

တစ်ယောက်တည်းတော့ တစ်ယောက်တည်းပဲ။ ဒါပေမဲ့ အထင်မသေးနဲ့၊ တစ်ယောက်တည်းဆိုပေမယ့် အဖော်အဖြစ် အိတ်ဆောင်ဓားတော့ ပါလေသည်။ မတော်တရော် လူမသိ သူမသိ အရှုပ်သွားနိုင်သည်။

ကျွန်တော် မျက်လုံးပြူးကာ ခြေလှမ်းတွန့်သွားရသည်။

"ဟီး ဟီး ... တစ်ယောက်တည်းလားလို့ မေးရုံမေးတာပါ၊ တခြားအဓိပ္ပာယ် ဘာတစ်ခုမှမပါဘူးနော်"

"မမြင်ဘူးလား ... ရှင့်မျက်လုံးကန်းနေလား၊ ဆိတ်နှစ်ကောင်လည်း ပါတယ်လေ ... "

"ပဲဟဲဟဲဟဲ ... "

ဆိတ်တွေက သူတို့လည်း သက်တော်စောင့် ဘော်ဒီဂတ်အဖြစ်ပါကြောင်း ထောက်ခံအော်ဟာစ်နေကြသည်။

မာလေးခွေနဲ့ ကျွန်တော့်ဆက်ဆံရေး အခြေအနေက အဲသလို ပြေပြစ်ချောမွေ့လှသည်။ အားရှိစရာကြီးပင်။

ကျွန်တော် အရဲစွန့်ကာ သူမ လက်လှမ်းမမီလောက်သည့်နောက်မှ လိုက်ပါခဲ့ရသည်။ ဓါးတစ်ထောက် အကွာထက် နှစ်ဆခွာထားရသည်။ ဓါးအစ်ပေါက်ဆိုလျှင်တော့လည်း မတတ်နိုင်ပါ။ ကြောက်ရင်လွဲ ရဲမှမင်းဖြစ် ဆိုသလို မျိုးမှိုအားတင်းထားရသည်။ ရင်တွေပန်းတွေ တုန်ပြီး၊ မထိတ်သာ မလန့်သာဖြစ်နေသည်ကတော့ အမှန်ပင်။ မတတ်နိုင်ဘူး။ ဓါးနဲ့လှမ်းပေါက်ရင်လည်း ခုယ်တိမ်း

www.burmeseclassic.com



ညာယိမ်းကာ ရှောင်ရပေတော့မည်။

တွတ်ပီလက်နှိုးဆိုရင် မရှောင်ရင် လွတ်တယ်ဆိုပြီး နောင်တရချေသေးရဲ့။ ဒါပေမဲ့လည်း ကျွန်တော် လိုက်လာတာကို မာလေးဆွေက လှည့်ကြည့်ပြီး မီးဝင်းဝင်းတောက် မျက်လုံးပြူးကာ မာန်မဲကျိန်းမောင်းတော့သည်။

"ဆက်မလိုက်လာနဲ့ အဖေ့နှလုံးပြူးစာမိချင်လို့လား"

"ဗျို ... "

ကျွန်တော် တွန့်ခနဲဖြစ်ကာ ငုတ်တုတ်မေ့သွားရသည်။ သူမတို့ခြံနှင့်လည်း နီးလာပြီဖြစ်သည်။

"အဖေ့နှလုံးပြူးက အကြောင်းသုံးပါးမရွေးသလို နှစ်လုံးလဲမရွေးဘူးနော်၊ သိချင်ရင် စမ်းကြည့်လိုက် ... "

ကျွန်တော် ဖက်ကလေးမှ၊ လျှာတစ်လစ်ထုတ်ကာ မချိသွားဖြဲရင်း မျက်နှာချိုသွေးလျှက် ကျန်ရစ်ခဲ့ရပါတော့သည်။

ဒါတောင်မှ ကျွန်တော့်နှလုံး သားက အမှတ်သညာ သိပ်မရှိချင်။ အဆိုးထဲက အကောင်းကို ရှာကြံတွေးကာ ပြန်လှည့်လာခဲ့ရသည်။ ပထမအခေါက် ဆုံတုန်းကလောက် အခြေအနေမဆိုးတော့။ စကားလုံးအနည်းငယ် ပိုပြောရသည်။

အခုတစ်ခေါက် သူကလေးနဲ့ ကျွန်တော် ဆုံကြရာဝယ်၊ လိပ်ပြာနုတ်မှာ၊ ပြုစားမှာတွေတော့ မဟုတ်တော့။ တစ်ခါတည်း အသက်ဆောင့်ထွက်သွားမည့် နှစ်လုံးပြူးနှင့်တော့ချိန်ကာ ခြိမ်းခြောက်ပောက်ထုတ်လိုက်ခြင်းပင်။

ပြုစားခြင်း၊ လိပ်ပြာ နုတ်ခြင်းဆိုသည့် ဂမ္ဘီရဆန်ဆန် ဝိဇ္ဇာနည်းလမ်းဖြင့် မဟန့်တားသော်ငြား သိပ္ပံနည်းလမ်းကျကျ နှစ်လုံးပြူးကတော့ အသေအချာ ဟန့်တားလိုက်ပါသည်။

ကျွန်တော့်အနေဖြင့် သူတို့တစ်စုံတစ်ရာ စိတ်အနှောင့်အယှက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြရမှာကိုလည်း မလိုလားပေ။

မိန်းမပင် မရသေးဘဲ အသက်ထွက်ရမည့် ဘေးကို တုန်လှုပ်ကြောက်လန့် အထူးစိုးရိမ်ပြီး ခြေဦးပင် မလှည့်ရဲတော့။ စိတ်ကူးဖြင့်သာ အကြိမ်ကြိမ် မျှော်ငေးနေရတော့သည်။

ကျွန်တော့်အဖြစ်ကို အတွတ်နှင့်အစ်ကိုလေးတို့သာသိလျှင် ပိုဆိုးမည်။ အစိုးရိမ်တကြီး ပိုင်းဝန်းအပြစ်တင်မာန်မဲကြလိမ့်မည်။

ကျွန်တော့်နှလုံးသားရဲ့ ဉာဉ်ကိုက မကောင်းတာပါ။ မဖြစ်နိုင်မှန်း သိရက်နဲ့ကို ရှုးချင်ကြောင်ချင်သည့် စိတ်ရိုင်းက ဝင်လေသည်။

ကျွန်တော် မာလေးဆွေကို အရာအားလုံးထက် ပိုပြီးခုံမင်သည်။ သံယောဇဉ် အထူးတလည်ရှိကာ စာနာနားလည်မှု အပြည့်အဝဖြင့် ဖေးမပေး ချင်လှသည်။ ဘဝကံကြမ္မာက ကျိန်စာသင့် အလွမ်းဒဏ်ရာရအောင် ဖန်တီး ထားနှင့်ပြီးသား ဖြစ်လေသည်။

ကျွန်တော်ရဲ့ လူလားမမြောက် ရှင်သန်ခွင့်မရတဲ့ နှလုံးသားသစ်ပင်လေး ညှိုးနွမ်းရချေပြီ။

❀ ---- ❀



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

ကိုရင်သာညြ နွားများကို သိမ်းအပြီးတွင် ဒွေးလေးက အလုပ်တစ်ခု ထပ်ခိုင်းသည်။ ဒွေးလေး ဒေါ်ပန်းမွှံဆိုတာ ကိုရင်သာညြလုပ်နေတဲ့ လယ်တွေရဲ့ ပိုင်ရှင်ဖြစ်သည်။ ဒေါ်ပန်းမွှံခိုင်းတဲ့အလုပ်က ခက်ခက်ခဲခဲပင်ပင်ပန်းပန်းတော့ မဟုတ်။ အကြွေးတောင်းခိုင်းခြင်းဖြစ်သည်။

ကိုရင်သာညြ မမှတ်မိမည်စိုး၍ အကြွေးစာရင်းစာရွက်ပင် ရေးပေးလိုက်သေးသည်။

အကြွေးစာရင်းကလည်း အမယ်သုံးမျိုးလောက်ရှိသဖြင့် စာရွက်နှင့် ရေးပေးမှ မှတ်မိပေလိမ့်မည်။

"ငါးရံ့ခြောက် တစ်ပိဿာ - ခြောက်ထောင်
ဦးဂျမ်းပုဆိုးတစ်ထည် - ငါးထောင့်နှစ်ရာ
ထန်းညှက်၊ သနပ်ခါးတုံး - သုံးထောင်
စုစုပေါင်း တစ်သောင်းလေးထောင့်နှစ်ရာ"

အထက်ပါအတိုင်း စာရင်းကလေး ရေးပေးကာ ကိုရင်သာညြကို ထုကြွံပါးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

ကိုရင်သာဩ နွားများကို သိမ်းအပြီးတွင် ဒွေးလေးက အလုပ်တစ်ခု ထပ်ခိုင်းသည်။ ဒွေးလေး ဒေါပန်းမွှံဆိုတာ ကိုရင်သာဩလုပ်နေတဲ့ လယ်တွေရဲ့ ပိုင်ရှင်ဖြစ်သည်။ ဒေါပန်းမွှံခိုင်းတဲ့အလုပ်က ခက်ခက်ခဲခဲပင်ပင်ပန်းပန်းတော့ မဟုတ်။ အကြွေးတောင်းခိုင်းခြင်းဖြစ်သည်။

ကိုရင်သာဩ မမှတ်မိမည်စိုး၍ အကြွေးစာရင်းစာရွက်ပင် ရေးပေးလိုက်သေးသည်။

အကြွေးစာရင်းကလည်း အမယ်သုံးမျိုးလောက်ရှိသဖြင့် စာရွက်နှင့် ရေးပေးမှ မှတ်မိပေလိမ့်မည်။

“ငါးရံ့ခြောက် တစ်ပိဿာ – ခြောက်ထောင်
ဦးဂျမ်းပုဆိုးတစ်ထည် – ငါးထောင့်နှစ်ရာ
ထန်းညှက်၊ သနပ်ခါးတုံး – သုံးထောင်
စုစုပေါင်း တစ်သောင်းလေးထောင့်နှစ်ရာ”

အထက်ပါအတိုင်း စာရင်းကလေး ရေးပေးကာ ကိုရင်သာဩကို ချက်ပါးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သာညြရေ… မသောင်းကြည်တို့အိမ် လှည့်ဝင်ပြီး ဒီအကြွေးစာရင်း စာရွက်လေးပေးလိုက်၊ ဘာပြန်မှာလဲဆိုတာလည်း သေသေချာချာ မှတ်ခဲ့နော်"

"ဟုတ်ကဲ့ ဒွေးလေး"

ကိုရင်သာညြ ဒွေးလေးကမ်းပေးလိုက်သော စာရွက်ကလေးကိုလှမ်းယူပြီး ဆုပ်ကိုင်ထားလိုက်သည်။

"ကျောက်ပန်းတောင်းက ကုန်သည်တွေပြန်တော့မှာ အဲဒါ ထန်းညက် ဖိုးနဲ့ သနပ်ခါးတုံးဖိုးက မရမနေ ပေးရမှာအေ့"

ကိုရင်သာညြ အိမ်ဝိုင်းထဲမှထွက်ပြီး ရွာလယ်လမ်းမှတစ်ဆင့် ရွာမြောက်ချောင်သို့ ထွက်လာခဲ့သည်။

စာကြွပါးလို့သာ ယူလာခဲ့ရသည်။ သူ့မှာက ထည့်စရာအိတ်ကပ်ပင် မရှိ။ အိတ်ကပ်ရှိဖို့ ဝေးလေစွ၊ အပေါ်ဝိုင်းဗလာ အင်္ကျီပင် ပါမလာ။ ပုဆိုးဝိုင်းကလေးအား သိုင်းချည်ထားပြီး သုတ်သုတ်သွက်သွက် လျှောက်လာသည်။

အရေးကြီးသည့် အကြွေးစာရင်းစာရွက်မို့ ပျောက်သွားမှာလည်း စိုးရသေးသည်။ ဒါကြောင့် စာရွက်ကလေးကို နှစ်ခေါက်ခေါက်ပြီး ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေသည်။

ရွာလယ်လမ်းမှာ အဆင်သင့်ပင်၊ အစ်ကိုလေးအောင်ဘိုနှင့် တွေ့သည်။

"အောင်ဘိုကြီး … ငါနဲ့ခဏလိုက်ခဲ့ကွာ မြောက်ချောင်က မသောင်းကြည်တို့အိမ်သွားချင်လို့ အဲဒီမှာ ဒွေးလေးက ကြွေးသွားတောင်းခိုင်းလိုက်လို့"

"အေး … ကောင်းသပေါ့ကွာ၊ ပြီးမှ ကိုသာဖျောဆီ ချိတက်ကြတာပေါ့"

အစ်ကိုလေးအောင်ဘို သူ့အတွေးနဲ့သူ ဝမ်းသာရွှင်ပျစွာ အားတက်သရော ထောက်ခံသဘောတူလိုက်သည်။

ကိုရင်သာညြက မသောင်းကြည်ဆီမှာ အကြွေးတောင်းရုံက မလှသာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို အပေါးပေါ့ပေါးလို့ ရပြီ။

နတ်တို့ ဖန်ဆင်း ရေကန်အသင့် ကြာအသင့် ဒီလိုပဲဖြစ်ရမှာပေါ့။ ဖူးစာကံ ဖန်လာပုံများ မလှသာလေးနဲ့ အကြောင်းဆက်ပေါင်းဖက် ဖွတ်ခဲ့ ကြက်တီ။

"ရေမှာ နွားချီး ... "

"ဗျို ... "

သူ့အတွေးနဲ့သူ ပြုံးဖြီးသဘောကျရင်း မိုးမမြင် လေမမြင် နောက်ချီးပုံ မမြင် ဗိလင်တက်လျှောက်လာရာမှ ညာခြေတစ်ချောင်း အတုံးအပုံထဲ ကျွံဝင် သွားသည်။

ကိုရင်သာညြ အချိန်မီ လှမ်းအော်ပါသေးတယ်။ လက်မတင်လေး နောက် ကျသွားလေသဖြင့် ဖိနပ်တစ်ဖက် ခြေတစ်ချောင်း ပျစ်ချွဲချွဲစေးကပ်ကပ် ဖြစ်သွား ရသည်။ လမ်းလယ်ရှိ ဖုန်များဖြင့် တရွတ်တိုက် သုတ်ပစ်လိုက်သည်။

လေးခင်သောင်းတို့ ခြံထဲဝင်ပြီး ရေတွင်းမှရေခပ်ကာ ခြေထောက် ဆေးရပြန်သည်။ ရှက်ဖြီးဖြီးဖြစ်နေသော အစ်ကိုလေးအောင်ဘို ခေါင်းမဖော် ဝံ့တော့။

ကိုရင်သာညြက လက်ထဲမှ စာရွက်ခေါက်ကို အစ်ကိုလေး အိတ်ကပ် ထဲ ထည့်လိုက်သည်။

"သာဖျော့ဆိုင်မှာ ဒီနေ့ကြွက်နှစ်ပြန်ကြော်ရမယ်တဲ့ ငါမှာထားတယ်"

ကိုရင်သာညြမှာကား အကျိုးမလာ။ အစ်ကိုလေးကိုယ်မှာ အကျိုးပါလာ သည်။ ဒီတော့ အမှတ်တမဲ့ကျမပျောက်အောင် အိတ်ထဲဖမ်းထည့်ထားလိုက်သည်။

ကိုသာညြ တစ်ခုခုထည့်လိုက်တာကိုတော့ သိသည်။ ဘာမှန်း ရေရေ ရာရာ မသိပေ။ သူ့စိတ်က မလှသာလေးဆီ အတွေးလွန်မိရာမှ နွားချီး ရလာသဖြင့် ကိုသာဖျော့ရဲ့ ထန်းတောဆီ အာရုံပြောင်းသွားသည်။ အဲဒီမှာက



www.burmeseclassic.com

www.burmeseclassic.com



နွားချီးနှင့် မန်သည့်အပြင် ကြွက်ကြော်အနံ့လေးပါ သင်းနေသည် မဟုတ်လား။

"မင်း ဘယ်ကတိုလာတဲ့ စက္ကူလဲ၊ တော်နေကြာ ငါ့ပါအမှုပတ်နေဦးမယ်"

ကိုရင်သာသြက သူ့အိမ်မှဖြစ်စေ ဒွေးလေးဆီမှဖြစ်စေ မုန့်ဖိုးပဲဖိုးတို ပြီး ယူလာတတ်သည်။ နောက်နေ့မှ ဒွေးလေးအင်္ကျီထဲမှာထားတဲ့ စက္ကူကျပ် ယူသုံးပစ်တာ ဒွေးလေးမသိဘူးဆိုပြီး လောင်သလို နောက်သလို သွားဝန်ခံတတ် သည်။ ထို့ကြောင့် အစ်ကိုလေးက ကြိုကာထားခြင်းဖြစ်သည်။

"ဘယ်ကမှ မတိုဘူး ဒွေးလေးကိုယ်တိုင် ပေးလိုက်တဲ့ဟာ"

တိုနေကျမို့ ဟိုကလက်လျှော့ပြီး မတိုခင်ကတည်းက ကြိုတင်ပေး လိုက်တယ် ထင်ပါရဲ့။ ဘာမှဆက်မပြောဖြစ်တော့ဘဲ မလှသာလေးဆီ အမြန် ရောက်ဖို့အရေး ဆက်လှမ်းလို့ လျှောက်လာခဲ့သည်။

❀ ---- ❀

မြောက်ချောင်က ဒေါ်သောင်းကြည်အိမ်ရောက်တော့ ခြံဝမှ လှမ်း အော်ခေါ်သည်။

"ဗျို့ ... လေးသောင်းကြည် ... "

"ဟဲ့ သာသြ ... ငါ ဘယ်သူများလဲလို့ ဝင်ခဲ့လေကွယ်"

ငွေရှင်ကြေးရှင် ဒွေးလေး ပန်းမှုံမျက်နှာများတယ် ပွင့်လန်းသကိုး။ ဒေါ်သောင်းကြည်က ဖော်ရွေစွာ ဖိတ်ခေါ်နေသည်။ ခြံဝမှာရပ်နေရင်း အစ်ကို လေး မျက်လုံးတွေ ဝေ့ဝဲကာစားကြည့်သည်။ မလှသာလေး ဘယ်ချောင်ပုန်းနေလဲ မျက်စိလျှမ်းနေတုန်းပင်။

"ဒေါ်သောင်းကြည် ရှိလာားဗျ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေး နွတ်မှ လွှတ်ခနဲထွက်ပြီး မေးလိုက်မိပြီးကာမှ မျက်လုံး မျက်ဆန်ပြူးဖြင့် သူ့ပါးစပ်သူပြန်ပိတ်ထားလိုက်ရသည်။

"ဟဲ့ ... ငါမသောင်းကြည်လေ၊ နင်တို့ ဘယ်လိုဖြစ်နေတာလဲ၊ အပမိုနေကြသလား"

"ဟဲ ဟဲ ... မှားသွားလို့ နောက်တာပါ ဒွေးလေးရဲ့"

အမှန်တကယ်တော့ မလှသာလေးရှိလား မေးချင်တာ၊ မမေးရဲတာနဲ့ စိတ်က ဒေါ်သောင်းကြည်စွဲပြီး ပါးစပ်က လွှတ်ခနဲ ထွက်သွားတာ။

"ဟဲ့ ... နင့်အမေ နေကောင်းလား သာဩ"

"ကောင်းပဗျာ ... ဒွေးလေးနဲ့ ကြက်ဖခွပ်တမ်းကစားလို့ရသေးတယ်"

အ,လာပ၊ သလာပ ရှေးဟောင်းနှောင်းဖြစ် စကားစပ်မိရာမှ လေ ကြောတည့်သွားသည်။ လေးသောင်းကြည်တို့ အိပ်ရေးကွပ်ပျစ်ကလေးမှာ ထိုင် ကြသည်။ လေးသောင်းကြည်က အကြမ်းအိုးထဲ ရေနွေးထပ်ဖြည့်ရန် မီးဖိုချောင် ထဲဝင်သွားသည်။

ထိုစဉ်မှာပင် ခြံဝမှ မလှသာ ရေအိုးရွက်လျှက် ပြန်လာသည်။ ကိုရင် သာဩက စမြင်ပြီး အစ်ကိုလေးအောင်ဘိုကို တစ်တောင်ဖြင့်တွက်ကာ မျက်စပစ် ၍ သတိပေးသည်။

အစ်ကိုလေး လှမ်းငေးကြည့်ရင်း ရီဝေ လိုက်ဖိုသွားသည်။

မလှသာက ဆံရစ်ဝိုင်းကလေးနှင့် ရေအိုးကလေး ခေါင်းပေါ်ရွက်လို့ ဝိုင်းဝိုင်းစက် လမင်းလေးပေါ်မှာ လုံးကြီးတင်ထားသည့်နှယ်။ အဲဒီလုံးကြီးတင် ကလေးကိုသာ ပြေးပွေ့ ဖျစ်ညှစ်ပစ်ချင်မိတော့သည်။

ရေစိုတစ္ဆန်းတစနှင့် လှချင်တိုင်းလှနေတော့ရာ အစ်ကိုလေး မရှိုးမှူ ဖြစ်သွားရသည်။

လေးသောင်းကြည် ထွက်မလာခင် ကမန်းကတန်း အငြိမ်သွားအနား



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သုတ်သီးသုတ်ပြာဖြင့် စာကို ထုတ်ပေးလိုက်သည်။

"ဘာတုန်းတော့ ... ကိုရင် အဲဒါ ဘာကြီးတုန်း"

"ဘာကြီးမဟုတ်ဘူး ... အဲဒါ စာကြီး ... စာစာ၊ စာပေးတာ"

"ဟောတော် ... "

မလှသာ တစ်ခုခုပြန်ပြောဖို့ ပြင်နေစဉ်မှာပဲ အစ်ကိုလေးက လက်ထဲ အတင်းထိုးထည့်ပေးသည်။ ရင်တုန်ပန်းတုန် မထိတ်သာ မလန့်သာ လှိုက်ခုန် ရှက်အမ်းပြီး ယောင်ယမ်း၍ စာကို လွှတ်မကျအောင် ကိုင်ထားမိသည်။

ပြန်ပေးပြီး မာနထားကာ ငြင်းဆန်ဖို့ရာ ကြိုးစားချင်သော်လည်း အမေဖြစ်သူက ထွက်လာသဖြင့် ရေအိုးကို ဟန်မပျက် ဆက်ရွက်သွားလိုက်ရသည်။

လေးသောင်း ကြည် ထွက်လာပြီဆိုတော့ အစ်ကိုလေးလဲ အတိတ်မေ့ သလိုလို ရှေ့ပျောက်သလိုလိုနဲ့ ရှုးချင်ဟန်ဆောင်ပြီး ခြံထဲမှအပင်တွေကို စိတ် ဝင်စားဟန်ပြကာ လိုက်ကြည့်နေလိုက်သည်။

လေးသောင်းကြည်ကတော့ ဘာမှမသိလိုက်။ ကိုရင်သာဩ မျက်နှာ သာတစ်ရွာ ထင်မှတ်လို့နေသည်။ ဩော် ... ကြွေးရှင်မျက်နှာများတယ် ပွင့် သကိုး။

"အဲဒါပဲ လေးသောင်းကြည်ရေ ... ရှေးလေးက လွှတ်လိုက်လို့ လာရတာ၊ ကျောက်ပန်းတောင်းက ကုန်သည်တွေ ပြန်တော့မယ်တဲ့"

ပြောပြောဆိုဆိုနှင့် အစ်ကိုလေးကို လက်ယပ်ခေါ်သည်။ အစ်ကိုလေး လည်း အူလည်လည်ဖြင့် ကွပ်ပျစ်နားလာရပ်သည်။

မဟုတ်တာ လုပ်ထားတော့ မလုံမလဲ ဖြစ်နေသည်။

ဒါပေမဲ့ သူကသာ သွေးနားထင်ရောက် တက်ဆောင့်ပြီး စိုးထိတ်နေတာ ကိုရင်သာဩနဲ့ လေးသောင်းကြည်က သူ့ကိုစွနဲ့သူ လုံးလည် ချည်လိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြုံရတာ။

အစ်ကိုလေး အိတ်ကပ်ထဲကို မပြောမဆိုနဲ့ ကိုရင်သာညြက ဖမ်းနှိုက်ပြီး စာရွက်ခေါက်ကို ထုတ်ပေးလိုက်သည်။

"အဲဒါ အကြွေးစာရင်းတဲ့ဗျာ၊ ကျုပ်မမေ့နေမှာစိုးလို့ ရေးပေးလိုက်တာ"

ဒေါ်သောင်းကြည်က စာရွက်ကို ပြန်မကြည့်ဘဲ ...

"ဪ ... အေး ... မနက်ဖြန် ဆက်ဆက်လာခဲ့မယ်လို့ မပန်းမွှေ့ကို ပြောလိုက်ပါကွယ်၊ လေးလေးတို့လဲ မောင်သာညြအမြင်ပဲ၊ မချောင်လည်ဘူး။ နေသလောက်တော့ လှည့်ပေးပါ့မယ်"

စာရွက်ခေါက်ကို မြင်ကတည်းက အစ်ကိုလေး ခေါင်းနပန်းကြီးသွားရသည်။

ကိုရင်သာညြကတော့ ဘာမှမသိရှာသေး။ မှင်မောင်းကောင်းကောင်းမြင့် ဟိတ်ဟန်တစ်ခွဲသားအပြည့် ကြွေးရှင်ဂိုက်ဖမ်းလို့ ကောင်းတုန်းပင်။

"အဲ့သဟာတော့ ကျုပ်လဲ ကိုယ်ချင်းစာပါတယ်ဗျာ၊ လေးသောင်းကြည်ပဲ အဆင်ပြေသလို ကြည့်ပြီး သွားပြောချေတော့"

"အေးပါ ... မောင်ရင်ရယ် ... သွားပြောလိုက်ပါ့မယ်"

"ကျုပ်လဲ သွားစရာရှိသေးလို့ ခွင့်ပြုပါဦးဗျာ"

"အေးပါ ... လူလေးရယ်၊ သူတော်ကောင်းလေး သက်တော်ရာကျော်ရှည်ပါစေ"

အသက်ရှည်ရာ အနာမဲ့ကြောင်း ဆုမွန်ကောင်းတွေ တောင်းပေးလိုက်သေးသည်။ သူတို့ထွက်သွားလို့ မကြာမီမှာပဲ အကြွေးစာရင်း စာရွက်ခေါက်ကို ဖြန့်ဖတ်မိရင်တော့ ဆုတောင်းထားသမျှ နမြောနှောင်တ ရပေတော့မည်။

အစ်ကိုလေး မျက်နှာပျက်ပြီး ရှုသိုးသိုး ရှုံ့မဲ့မဲ့ ဖြစ်နေသည်။ ကိုရင်သာညြကတော့ ဘာမှန်းညာမှန်းကို လုံးလုံးမသိသေး။ အဆင်ပြေလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက နုတ်တိုဖန် ရေကန်အသင့် ကြာအသင့် ဖြစ်ပြီးကာမှ ဆင်ကော
ကြီး အမျိုးကျမှ တစ်သွားရပြီ။

"ဘာဖြစ်နေတာလဲ ... မင်းအခွက်က ... မလှသာ အပြတ်ပြေ
လိုက်လို့လား"

"မင်း မသိပါဘူးကွာ သာဩ ... နောကောင်ရ ... မှားသွား
ကွ"

"ဘာမှားလို့လဲ"

ကိုရင်သာဩ နှုတ်ခမ်းကြီးဆူပြီး ပြန်မေးနေပြန်သေး၏။ မှားတာ
ဒုတ်ထိုးအိုးပေါက်ကို မှားခဲ့ကြပြီ။

"စာမေးလိုက်တာ မှားတာပေါ့ကွ ဖွတ်ကျားလေးရ ... "

"ဟ ... ဘာမှားသတုန်း။ မင်းပြောတာ ငါနားမလည်တော့ဘူး
ဘာလဲ သူ့မှာ ရည်းစားရှိနေတယ်တဲ့လား။ မဖြစ်နိုင်ဘူး။ ဒီရွာမှာ ဘယ်ကောင်
မလေးမှ သာဩ မသိဘဲ ရည်းစားရှိတာ မဖြစ်နိုင်ဘူး"

"အဲဒါမှားတာ မဟုတ်ဘူး ငတုံးဖွတ် ... မင်းစာနဲ့ ငါ့စာမှားတာကို
ပြောတာကွ"

အစ်ကိုလေး စိတ်မရှည်တော့ဘဲ နပန်ကိုပါ ဖိအုပ်လိုက်ရာ ကိုရင်သာ
ဩတစ်ယောက် ရှေ့သို့ငိုက်ဆင်းသွားသဖြင့် အရှိန်မနည်းထိန်းပြီး ကိုယ်ကို
ပြန်မတ်ထားရလေသည်။

"ငါ့စာနဲ့ မင်းစာ ... "

ကိုရင် သာဩ ရေရွတ်ပြီး ကြောင်စီစီ ဖြစ်သွားသည်။ သူ့အလုပ်ကို
သူလုပ်ပြီး အစ်ကိုလေး လုပ်စရာရှိတာ အစ်ကိုလေး လုပ်ခဲ့ကြရာမှာ ဘာမှ
မှားယွင်းစရာအကြောင်းမရှိ။ သို့သော် မှားယွင်းခဲ့ပြီး ဒီလွဲချော်မှုအား ဘာတို့
ကြိုမတွေးမိလိုက်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စာက အကြွေးတောင်းခိုင်းလိုက်သည့် အကြွေးစာရင်းစာရွက်။ အစ်ကိုလေးစာက ချစ်မေတ္တာ သဝဏ်လွှာ ဖွန်ကြောင်သည့် ရည်းစားစာ။

အမေကိုပေးရမည့် အကြွေးစာရင်းကို သမီးပေးခဲ့ပြီး၊ သမီးကိုပေးရမည့် ရည်းစားစာကို အမေအား ပေးခဲ့မိကြသည်။

စာက နှစ်စောင်။ အိတ်ကပ်တစ်အိတ်မှာ စုထည့်လို့၊ အယောင်ယောင် အမှားမှား ရင်တုန်ပန်းတုန်ဖြင့် နဖူးတွေ ဒူးတွေ ကြုံသောအခါ လွဲချက်က များလေပြီ။

ကယောင်ကတမ်းဖြင့် မှားယွင်းပြီး ပေးခဲ့မိသည်။

"အဲဒါ ... မင်း ရှုပ်ရှုပ်ယှက်ယှက် ငါ့အိတ်ကပ်ထဲ လာထည့်လို့ ဖြစ်ရတာ"

"ဘာမှမဆိုင်ဘူး ... မင်းသေချာကြည့်ပြီး ပေးပါလား"

တစ်ယောက်ပေါ်တစ်ယောက် အပြစ်ပုံချကာ ရန်ရှာမိကြသည်။ ဒီလောက် သုတ်သီးသုတ်ပြာနိုင်နေမှတော့ မှားတဲ့အခါလည်း မှားကြပေမပေါ့။ အခုတော့ သပွတ်အူလို ရှင်းမရအောင် ရှုပ်ခဲ့ပြီ။

"စာမှားသွားလို့ ဆိုပြီး ပြန်တောင်းပြီး ပြန်ပေးလိုက်မယ်ကွာ"

"ပြင်လို့မရတော့ဘူးကွ ... အခုဆို ... "

အစ်ကိုလေး နောက်ဆက်တွဲ ပြဿနာကို ပြောပင်ပြောမထွက်တော့။ အခုဆို ဟိုသားအမိ ပွက်လောရိုက်ကာ ကျိန်စာတိုက်ပြီး ကာလနာဝမ်းကျချင်းကို မိုးမွှန်အောင် ထပ်နေလောက်ပြီ။

နောက်စရာရှားလို့ ရည်းစားစာက အကြွေးစာရင်းဖြစ်နေပြီ။ အကြွေးသာတောင်းသူက အချစ်အနု ဂလုဂလုတွေဖြစ်နေသည်လေ။ အရပ်ကြားလို့မှ ကောင်း။။ အမေအိုကြီးကိုမှ သာသြတို့ ကြောင်ချက်က ကမ်းကုန်သည်။

နှစ်ယောက်သား နေမထိ ထိုင်မသာဖြစ်ကာ ထူပူစိတ်ပျက်နေကြသည်။

www.burmeseclassic.com



ကံမကောင်းအကြောင်းမလှလျှင် ရုံရောက် ဂိတ်ရောက်ဖြစ်နိုင်သည်မှ ခေါင်း
တောက်ရလေတော့သည်။

❋....❋



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

အကြွေးစာရင်း စာရွက်ကိုကောက်ဖြန့်ပြီး ဖတ်လိုက်တော့ [illegible] ကြည့်တစ်ယောက် မျက်လုံးမချိမဆန့်ပြူးကာ လျှာခလုတ်တိုက်မတတ် ရွှတ်မိတော့သည်။

"မြတ်စွာဘုရား ... "

ချစ်တာတွေ၊ မေတ္တာတွေ၊ သေတ္တာရှိတာတွေ၊ [illegible]ဝန်းခေါက်ဖာမရှိတာတွေဆိုတော့ ဓါတ်လိုက်ခံရသလို ထုံကျင်ကျင်နဲ့ ကတုန်ကယင် ဖြစ်ရတာပေါ့။ စာရွက်ခေါက်ကို လက်နှစ်ဖက်နဲ့ ပြန်ပိတ်ဖိပြီး ဘောဘီဝေ့ဝဲမျက်လုံးကစားကာ မလုံမလဲ ကြည့်မိသေးသည်။

"အို ... ငါလိုသွေးဆုံးနေတဲ့ အမယ်အိုကြီးကို၊ ဟာ ... ဒါတော့ မဖြစ်နိုင်ပါဘူး ... "

တစ်ကိုယ်တည်း အားပေးစကား စိတ်မှရေရွတ်ပြီး အားတင်းကာ ပြန်ဖွင့်ဖတ်လေသည်။ အသက်ကြီးလို့ မပျက်စီးသေးပေမယ့် ဟိုစိတ်ဒီစိတ်တွေသာ ကုန်သည်ရှိမယ်၊ စပ်စုစူးစမ်းချင်စိတ်ကတော့ အရှိသား။

စာကို အသေအချာ ဖွင့်ဖတ်ကြည့်ပါမှ ဆွေ့ဆွေ့ခုန်မတတ် ဒေါသူရတော့သည်။ လုပ်ပုံကိုလည်း ကြည့်ဦးတော့၊ သမီးပေးရမယ့်စာကို မမေလက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ထိုးထည့်ခဲ့တာလေ။ လေးသောင်းကြည်က သူ့အတွက် သက်ပြင်းချနိုင်ပေမယ့် သမီးအတွက် ရတက်မအေး ဖြစ်သွားရပြန်သည်။

တစ်ဖက်တွင် မလှသာတစ်ယောက်မှာလည်း အိပ်ခန်းအတွင်းဝယ် ရင်ဖိုရွှာ စာခေါက်ကလေး ဖြန့်အဖတ်ဝယ် နှုတ်ခမ်းပြတ်ထွက်လုမတတ် ကိုက်မိသည်။

ပိုင်းစက်စက် မျက်ဝန်းလေးတွေ မီးထတောက်မတတ် ဒေါသအခိုးဝေလို့။ အံကြိတ်ကာ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်မိသည်။ စိတ်ထဲမှာ မကျေမချမ်း ပေါက်ကွဲပြီး အောင်ဘို့မျက်နှာကို အကြိမ်ကြိမ် ထိုးကျွေးနေမိသည်။

"ဟဲ့ လှသာမ ... ညည်းတို့အခြေအနေ ဘယ်အထိရောက်နေပြီလဲ"

"ကိုတလုပ်ကြီး လယ်ပေါင်းလိုက်ရမယ်လေ"

အမေးတခြား အဖြေတခြား။ ကိုယ့်အပူနဲ့ကိုယ် ဆိုင်းမပါ ဗုံမဆင့် မေးလိုရာမေး၍ ဖြေချင်ရာ ဖြေတော့သည်။

"အဲဒါပြောတာ မဟုတ်ဘူး။ ဒီမှာ ငါ့လက်ထဲ နင့်ကိုလူပျိုလှည့်တဲ့စာ ရောက်နေလို့ ပြောတာ ဖွတ်ကျားမလေးရဲ့ ..."

ဒီတော့မှ မလှသာ မျက်လုံးလေးပြူးကျယ်ပိုင်းစက် ကလယ်ကလယ် ပုတ်ခတ် ပုတ်ခတ် ဖြစ်သွားရတော့သည်။

"အို ... ဒီမှာလည်း အမေ့အကြွေးစာရင်း စာရွက်ဖြစ်မှာ၊ ကျုပ်ဆီ ရောက်လာတယ်တော့ ..."

သားအမိနှစ်ယောက် စာရွက်ချင်းယူပြီး တိုက်ကြည့်လိုက်မိသည်။ မှားစရာရှားလို့ အမေနဲ့သမီး စာချင်းမှားပေးခဲ့ကြသည်။

"သာညြ ... ဒီသေနာလေး ဗလရွှတ်တာ သိပ်လုပ်တာပဲ၊ သာညြနဲ့ ညည်း ဖြစ်နေတာ ကြာပြီလား ..."

"ကိုရင်သာညြ မဟုတ်ပါဘူးအမေရဲ့ ... ကိုရင်အောင်ဘိုပါ၊ ဒီတာမှ မဖြစ်သေးပါဘူး၊ မေးထူးခေါ်ပြော၊ မျက်မှန်းတန်းမိရုံပဲ ... အခုမှ ရုတ်ချည်း

www.burmeseclassic.com



အရှုံးထပြီး စကားစလာတာပါ"

မလှသာက ပွင့်ပွင့်လင်းလင်းပင် အမှန်အတိုင်းဖြေသည်။ မျက်နှာမှာတော့ ဘဝင်မကျဟန် ရှိုးတိုးရှန်းတန်း ခိုးလို့ခုလု ဖြစ်လို့ပင်။

"မသိပါဘူးအေ ... ညည်းတို့ဟာတွေလဲ ခပ်ရှုပ်ရှုပ်ပဲ"

"မရှုပ်ပါဘူး အမေရယ် ... သူတို့စာချင်းမှားပြီး ပေးမိတာ"

မလှသာ အစ်ကိုလေးအောင်ဘိုနှင့် ကိုရင်သာညြတို့ကို စိတ်ရှိလက်ရှိ ထုရိုက်ပစ်ချင်မိသည်။ ထို့ကြောင့် သူတို့၏ ကြောက်ကြောက်လန့်လန့် ထိတ်ထိတ်ပျာပျာ မျက်နှာများကို မြင်ယောင်ရင်း အပြေးအလွှား စဉ်းစားမိလိုက်သည်။

အချစ်နဲ့နပ်ဖူးတွေ့ ဒူးတွေ့ကြုံရလေတဲ့အခါ အယောင်ယောင်အမှားမှား ရှိုးတိုးရှန်းတန်းဖြစ်တတ်ကြတာ သဘာဝပေပဲ မဟုတ်လား။

"အမေ အသာနေ ... ဒီကိစ္စကို သမီးကြည့်စီစဉ်လိုက်မယ်"

လေးသောင်းကြည် မျက်လုံးပြူးအစ် ပါးစပ်အဟောင်းသားဖြင့် မလှသာကို အလျင်စလို ကြည့်သည်။ သူ့စိတ်ထဲ အတော်ကြီး မသက်မသာဖြစ်ပြီး မထိတ်သာမလန့်သာ ရှိလွန်းလှပြီ။

"နေစမ်းပါဦး ... ညည်းက အောင်ဘိုနောက်ကို အပြီးလိုက်တော့မလို့လား"

"အို အမေကလဲ ... အဲလိုလိုက်ရင် အမေ့ကို အသိပေးနေပါ့မလား။ အခုဟာက အမေယူထားတဲ့အကြွေးကျေအောင် ကြည့်လုပ်လိုက်မယ်ပြောတာ"

အကြွေးကျေမယ့်အရေးဆိုတော့လဲ လေးသောင်းကြည် မျက်နှာ ပြန်လည်ဝင်းပ အရောင်လက်သွားသည်။

"ဒါနဲ့ ... ညည်းက ဘယ်လိုလုပ်မတုန်း"

"ဒီလိုလေ အမေရဲ့ ... "

အမေဖြစ်သူ အနားကပ်ကာ မလှသာ ကြိတ်ကြိတ်ကလေးသမျှ တိုးတိုးရှုရှု



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လေသည်။ ဒီတော့မှ လေးသောင်းကြည် စိတ်လက်ပေါ့ပါး ဖြေသာရာရသွားတော့သည်။

လူတကာ ချဉ်ဖတ် ပုတ်ထုတ်ခံထားရလို့ လူပျိုကြီး ဂေါ်မစွဲအဖြစ် ကျန်ရစ်ဈေးကောင်းရနေသော အောင်ဘိုလို လူမျိုးကို မလှသာကလည်း ကြည့်မရပေ။

စိတ်ထဲကသာ ဆန့်ကျင်ဘက် လှုပ်ရှားရင်ဖို မိရှာကလေးပင်။

❋....❋

မလှသာက လူကြီးကလေးတစ်ယောက် လွှတ်၍ အမှာပါးလိုက်သည်။ ဘိုးကြည်အောင် ခြံဝိုင်းအနောက် ညောင်ပင်ကုန်းမှ ကောက်ရိုးပုံတွင် အဖြေပေးရန် လာခဲ့ဖို့ မှာလိုက်သည်။

အဲဒီကောက်ရိုးပုံကလည်း အထင်ကရ။ သူတို့ ရွာကလေးရဲ့ ချစ်သူ့နယ်မြေပေါ့။

ဒီလိုဆို အစ်ကိုလေးအောင်ဘိုတို့ မလှသာ ပါးစပ်နဲ့တွေ့ပြီး မရှုမလှခံရတော့မည်။

ဒီလိုမဖြစ်ခဲ့ပါ။ ဟန်ရေးတပြင်ပြင် လုပ်ပြီးကာမှ အစ်ကိုလေးက လူလည်ကျပြီး အတွက်ကို ခါးစာခံအဖြစ် ငါးစာတပ်ကာ ငါးမျှားကြီးကို လွှတ်လျှော့ပေးလိုက်သည်။

အတွက်က ဘုမသိ ဘမသိ အိယောင်ဝါး။

"မင်းသွားလိုက် ညီလေးတွတ် ... အိုစကေပဲ"

"ဘာလဲဗျ ... ကျွန်တော်နဲ့ဘာဆိုင်လို့လဲ ... "

"ဆိုင်တာပေါ့ ငါ့ညီရာ ... မင်းအတွက် အစ်ကိုလေးပိုတီးပေးထားတာ၊ မြင်းအုန်းခွံ မယားတော်သူ စိတ်ကူးမလွဲနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလား ... ဟေးဟေး"

အစ်ကိုလေးတို့ အပြောချိုနေပြီဆို သိပ်ကြောက်ရသည်။

ဒါလည်း အမှတ်သညာမရှိ။ အတွတ်က အဟုတ်မှတ်လို့။ မှတ်ဆို ဒေသစာလေးဆိုတော့ စိတ်ဝင်စားတာပေါ့။

အစကတည်းက စိတ်ဝင်ကစားချင်နေတဲ့ကောင်။ အခုတော့ စိတ်ဝင်စားမှု အထွတ်အထိပ်ရောက်ခဲ့ပြီ။ ပြီးတော့ ချိန်းတဲ့နေရာကလည်း မဟာဘုံနန်းကောက်ရိုးပုံကြီးမှာ။ တွေးကြည့်ရင် ကလိကလိကိုဖြစ်လို့။

အစ်ကိုလေးကနပ်တယ်။ သူ့ အရှုပ်ထုပ်ဖြစ်အောင် မီးမွှေးခဲ့တဲ့ ပြဿနာ။ သူ့ရင်ဆိုင်ရင် ဝက်ဝက်ကွဲမှာသိတော့ ခါးခုတ်ရာ လက်ဝင်လျှိုနိုင်းလိုက်သည်။ လူမိုက်ကြေးစား ငှားလိုက်တာပေါ့။

မလှသာဆီ ရောက်သွားတော့ နှုတ်ခမ်းတလန် ပန်းတလန်နှင့်ခါးကြီးထောက်လျက် ဆီးကြိုနေသည်ကို ကြောက်ဖျားဝင်ကာ သတိလစ်လုမတတ်ဖြစ်ရတော့သည်။

ထင်မှတ်ထားသလို အောင်ဘိုမဟုတ်ဘဲ အတွတ်ဖြစ်နေသောကြောင့်သားကိုလူချောကို ကလိတိတိ လုပ်ချင်စိတ်ပေါက်သွားသည်။

"ဒီမှာ ... ဒီစာကို ရှင်ပေးတာလား"

"ဗျာ ... ဟုတ်ကဲ့ ... "

မလှသာက စာရွက်ကိုဖြန့်ပြီး လက်ညှိုးနဲ့ပေါက်မတတ် ထောက်ပြီးခြင်းဖြစ်သည်။ အတွတ်လဲ ချော်လဲရောထိုင် ခေါင်းညိတ်မိသည်။ ဒဲ့ဒိုးခင်းဘွင်းကြီးမေးလာတော့ ရှက်ကိုးရှက်ကန်းဖြစ်ပြီး ကယောင်ချောက်ချားဖြစ်နေရတာလဲ ပါသည်။

"အဲဒါဆိုလဲပြီးရော ... မြို့သားမို့ အလျှော့ပေးလိုက်မယ်၊ ဒီအကြောင်း ရှင်ပဲဆပ်လိုက်၊ အဲဒါဆို ရှင့်ကို ပြန်ကြိုက်ပြီလို့ မှတ်လိုက် ... ဒါပဲ"

ဒုတ်တိုးအိုးပေါက်၊ ရင်ဖိုလှိုက်မောဖွယ်ရာ စကားလည်းမဟုတ်။ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



တွေစာတွေလည်း မဆန်။ နုရွလှပ ခွန်းသီဖွဲ့ခြင်းမျိုးလည်းမဟုတ်။ မာဆတ် ဆတ်ရန်တွေ့စကားဖြင့်ပင် အဖြူအမည်း သဲကွဲအောင် တဘာရိုက်တည်း လုံ ပြီး ခပ်ပြတ်ပြတ် ပြောသွားသည်။

အတွတ် လက်ထဲသို့ စာရွက်ခေါက်ကို ထိုးထည့်ပေးပြီး ချာခနဲလှည့် ထွက်သွားသည်။

ပြီးကုန်ပါလေရော။ ကိစ္စချောကုန်ပြီ။ အတွတ် မအူမလည်ဖြင့် ယော ချာချာကြီး စာရွက်ကိုင်ကာ ကျန်ခဲ့သည်။

စိတ်ကူးထားသည်များ ဘာမှဖြစ်မလာ။ ကြံဆထားသည်များ ဘာ အကောင်အထည်မပေါ်၊ ရည်ရွယ်ထားသမျှ စကားလုံး လှလှပပလေးတွေလည်း ပြောမထွက်၊ မပြောဖြစ်ခဲ့။ ငူငူကြီးရပ်လို့ ငေါင်စင်းစင်းဖြင့် စာရွက်ကို ဖြန့် လိုက်သည်။

"ဟိုက်ရော ..."

သူ့နဖူးသူ ပြန်ရိုက်ပြီး ကောက်ရိုးပုံမှာ ဂျွမ်းဆယ့်နှစ်ပတ်လော လိမ့်ထိုးပစ်ချင်စိတ် ပေါက်သွားသည်။ အကြွေးစာရင်းစာရွက်ကြီး ဖြစ်နေသည် ကံပေါ်လို့ ပိုက်ဆံတစ်သောင်းကျော် ဈေးဦးပေါက်ကာ အိတ်စိုက်ရလေပြီ။

မတင်မကျစိတ်ဖြင့် ခေါင်းငိုက်စိုက်ချ လက်နောက်ပစ်ပြီး ပြန်လာ သည်။ သူ့ပုံစံကိုမြင်တော့ နဂိုမူလကတည်းက မလှသာ ပါလာရင် ပြေးဖို့ ပြင်ထားသော အစ်ကိုလေး ခြေလှမ်းများ ခပ်ခွာခွာ ရှောင်ထွက်နေသည် မဝံ့မရဲဖြင့် မေးစမ်းကြသည်။

"ဘာတဲ့လဲ ညီလေး ... မင်းမျက်နှာကြည့်ရတာ အားတက်စရာ

ကိုရင်သာဩ ရွှံ့တဲ့တဲ့စကားကို မချိမချဉ် အပြုံးလေးနှင့်အစ်ကိုက ကာ မေးလိုက်သည်။ အတွတ်တစ်ယောက် ဝေသာလီပြည်ရောက် ပြီးတော့ လို အောက်အီးလည်း မတွန်နိုင် အောက်စာလည်း မကောက်ဖြစ်ရချေပြီ ကိုယ်က နန့်တန့်တန့် ပြာတာတာနဲ့ စေမန်ထပြီး သူများရွာသား ကြားဝင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။

အတွတ် ဘာမှမပြောဘဲ စာရွက်ခေါက်ကလေးသာ စိတ်မပါလက်မပါ
ဝန်ဖြင့် ပေးသည်။ အစ်ကိုလေးနဲ့ ကိုရင်သာညတို့ စာရွက်ခေါက်ကို ဖွင့်ပြီး
ကြည့်သည်။

"ဟင် ... ငါတို့အကြွေးစာရင်းကြီး ... "

"အဲ ဒါပါပဲဗျာ ... အဲဒီအကြွေးစာရင်းကို ဆပ်ပေးရင် သူ့ဘက်က
ကြည့်ဖြုပါ့မယ်တဲ့"

"ဟာ ... ဂလိုလား၊ ဒါဆို အကြွေး မင်းဆပ်လိုက် ... သူ့တုံ့ပြန်
ကို အီဖေကိုယ် ယူလိုက်မယ်"

အစ်ကိုလေးအောင်ဘို အားတက်သရော ခုန်ဆွခုန်ဆွလုပ်ကာ ဝင်ပြော
သည်။ အစ်ကိုလေးတို့များ သိပ်မနုံရှာဘူး။ ဈေးချိုရောက်ရင် နာရီစင်
ကြည့်ပြီး ရောင်းလောက်တယ်။

"ကိုယ့်အစ်ကိုကြီးပဲကွာ ... ကူညီကောင်းပါတယ်ညီလေးရာ"

အဲဒီလို အပြောချိုနေပြီဆိုရင် ခံရဘက်ချည်းသာမှတ်လိုက်တော့။ လော
ဆယ်တော့ အတွတ်တစ်ယောက် ဒေသစာ အငန်းကောင်းလို့ အကြွေးကို
ထဲက စိုက်ပြီး ဆပ်ပေးရလေပြီ။

အစ်ကိုလေးက အတွတ် ပခုံးကိုဖက်ပြီး နှစ်သိမ့်ချော့မော့လို့နေသေး။

"ဘာမှမပူပါနဲ့ ငါ့ညီရာ ... အစ်ကိုတို့ အဆင်ပြေပြီး မင်္ဂလာဆောင်
သွားကြရင် ပထမဆုံးမွေးတဲ့ကလေးကို မင်းဆီလာပြီး အကြွေးဆပ်တဲ့
နေနဲ့ ပေးပါ့မယ်"

ဒူးမနာသားလေးတောင် အဖတ်တင်ရမည့်ကိန်း ဆိုက်နေသည်။

အစ၊ အနောက်သန်သော တောသားလူလည်များနှင့် ညီရင်းအစ်ကို
ခင်မင်မိတော့လည်း စိတ်ဆိုးရခက်ခက်ကြီး ဖြစ်ကြရသည်။ ကျွဲမြီးတို့ရှုံး
ခေါင်းပါ ပျောက်နိုင်လောက်သည်။ အရင်းမစိုက် လှေထိုးလိုက် အရှေ့ငင်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ရာ၊ ရုပ်ခံကလေးနဲ့ လုပ်ကြံနိုင်မည်ဟု အထင်ရှိခဲ့လေသမျှ မှားယွင်းပါပေါ့။

"မမိုက်ပါဘူး ... အစ်ကိုလေးရာ ... အစ်ကိုလေးတို့မှာ ဘာလို့ ညီမ မရှိကြတာလဲ"

အတွက်က အဓိပ္ပာယ်ပါပါဖြင့် မထိခလုတ်စကားဆိုလေသည်။

ရွတ်နောက်စကား၏ ကြံဆရည်ရွယ်ပုံကို ပါးပါးလုပ်လုပ် တောဂျဖွေ များက သဘောပေါက်လွယ်သည်။ ဘယ်လောက်ထိများ နှမရှိသည့် သူငယ်ချင်း ကို နောကျေအောင် ရွေးပေါင်းထားလေသည်လဲ မသိပေ။

"စိတ်ချ ညီလေး ... အစ်ကိုတို့မှာ ညီမတွေ မရှိပေမယ့် ကြီးဒေါ် တွေ အများကြီးရှိတယ်၊ မင်းအတွက် စောင့်မျှော်နေကြတယ်"

"ဟုတ်တယ် အတွတ် ... ငါ့ကြီးဒေါ်တွေက သွားတောင်မစုံသေး ဘူး"

"အမှန်ပေါ့ ... ဆံပင်လေးတွေကလည်း ဖြူနုနုလေးတွေ"

အစ်ကိုလေးနှင့် ကျွန်တော် အတွဟ်ကို ကြံ့တုန်းမှာ အပြတ်အသတ် နှိပ်ကွပ်စကားဆိုကြလေသည်။

ကြီးဒေါ်တွေ ပေါလွန်းလို့။ အချို့ကြီးဒေါ်ဆို မနက်ဖြန် သန်ဖက်ခါ သချိုင်းကုန်း မျက်စောင်းထိုးနေကြပြီ၊ လူလည်ကြီး သားသမီးများပင်၊ သူတို့တင် ကျတော့ မရရအောင် လှည့်ပတ်ရှောင်တတ်သည့် အစ်ကိုလေးတို့ သူငယ်ချင်း နှစ်ယောက်ပင်။

ဒီအတိုင်းဆို သူ့ခြေသူလက် အမျိုးဂုဏ်စောင့်ထိန်းနိုင်ကြဦးမှာ သေချာ သည်။

"ကျီးကန်းမျိုး" တွေဟု အတွတ်က ထောပနာ ပြန်ပြုသည်။

❋....❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အစ်ကိုလေး အောင်ပွဲအတွက် နည်းနည်းပါးပါး များများစားစား ပွဲခံလိုက်ကြသည်။

တကယ်တော့ အစ်ကိုလေးက နောက်ချင်ပြောင်ချင်လွန်းလို့ လိုက်စရာ ဇာတ်ကလည်း သူတို့အရပ်ကို မလာသဖြင့် အတွတ်ကို ကျွဲထဲ ကျုပ်ထဲ ဖွဲ့ခဲ့ ခြင်းဖြစ်သည်။ အတွတ် ငွေစိုက်ထားရတာကို လူလည်ကျပြီးတော့ အချောင်ဝင် အုပ်ခြင်းတော့ မဟုတ်ပေ။ ပြန်ဆပ်ပေးသည်။

အတွတ်ချော အကြေးရှင်မျက်နှာဖြင့် ရှယ်ယာစိုက်ထားရသမျှ ဝင်ပတ် သက်ခွင့်ရှိသည်ဟု အပိုင်တွက်ကာ ကြိတ်များပင် ပြုံးမိသေးသည်။

ချက်ဆိုရင် ဗိုက်မှာကပ်ပြီးသား သိထားသည့် အစ်ကိုလေးက ယခုရှပ် မှ နောင်ရှင်းအောင် အကျေအလည် ဆပ်လေသည်။ သူက ချိုးပင်ကုန်း ရွာသားတွေကိုတောင် လူပေါ် ဘယ်လိုအကျော မခံသူပင် မဟုတ်ပါလား။

ပွဲခံလိုက်သည့်အရှိန်ကြောင့် ဘ ဘယ်လိုဖြစ်ကုန်သည်ပင် သတိ မရနိုင်တော့။ မနက်နိုးလာတော့ ကိုယ့်ကိုယ်ကို ဘယ်ရောက်နေလဲ ဆိုမြေရှာ မရဖြစ်ကာ ဇဝေဇဝါဖြင့် တအုံ့တသြ နိုးလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



နီးလာဆို အသံသာသာ ယာယာလေးနဲ့ ပျိုကညာက လာနှိုးသော ကြောင့်ပင်။

"အစ်ကိုလေးတို့ အစ်ကိုကြီးတို့ မျက်နှာသစ်၊ ရေမိုးချိုးတော့လေ နေမြင့်ပြီတော့် ထမင်းချမ်းလဲ အဆင်သင့်ရှိတယ်"

ညှင်းသွဲ့သာယာအသံကလေးကြောင့် ကျွန်တော် မျက်လုံးကို ဖြည်း ဖြည်းဖွင့်ပြီး ကြည့်မိသည်။ ကျွန်တော့်နည်းတူ အတွတ်လည်း ကုန်းရုန်းထကာ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်ကုန်ကြသည်။

ကလေးမက အတော်လှသည်။ ကျွန်တော်တို့နှစ်ယောက် အိပ်မက် မက်နေသလားဟု ထင်ယောင်မှားကာ တစ်ယောက်လက်ကို တစ်ယောက်ဆိတ် ကြည့်မိသည်။

"အားနာတယ် ... "

"ခစ် ခစ် ... "

လုံမလေးက မျက်နှာလွှဲပြီး ရယ်သည်။ ကျွန်တော်တို့ကို ရုပ်ပြောင် ကာတွန်းများအဖြစ် ထင်မှတ်ကာ ဖုံးဖိမရ ရယ်ရှာသည်။

"မင်းက ဘာလို့ဆိတ်တာလဲ"

"မင်းကရော ငါ့ကိုဆိတ်လို့လေ"

သူ့ဆိတ် ကိုယ်ဆိတ် အတူတူသရေပင်။ ဒါပေမဲ့ သံပြိုင်အော်ညည်း မိတော့ လှပျိုကညာလေး သဘောကျရှာမပေါ့။

"ငါ အိပ်မက် မက်တယ်ထင်လို့"

အဟုတ်ကိုပဲ။ ကျွန်တော်တို့အနားမှာ ဆံပင်ကပိုကရိုနဲ့ သိမ်သိမ်မွေ့ မွေ့ထိုင်လို့ လာနိုးသူက တောသူပျိုဖြူလုံမကညာ တစ်ယောက်ဖြစ်နေသည်။ ကျွန်တော်တို့ နိုးပြီဆိုတာ သေချာသွားတော့ ထ၍ နောက်ဖေးကျောပေးကာ လှည့် ထွက်သွားသည်။ နှစ်ယောက်သား နောက်ကျောအလှကို အသံတိတ်ငေးရင်း

www.burmeseclassic.com



တံတွေးပင် မျိုချမိလေသည်။

"ဂလု ... "

ကျွန်တော့်မျက်ခုံးများဆို တစ်ဖက်နိမ့်တစ်ဖက်မြင့် တစ်လှည့်စီဖြစ်ကာ သူ့မခန္တာဗေဒ အလှရွှေလျားမှုနဲ့အတူ စည်းချက်ညီလှုပ်ရှားတော့သည်။

ထိုသို့ နှစ်ယောက်သား ရှန်းရင်းဆန်ခတ် ဆောက်တည်ရာမရ ကြွေပျက်ယွင်းနေစဉ်မှာပင် မော်တော်တုတ်ခုတ်သံ မှန်မှန်ကြီး ပေါ်ထွက်လာလေသည်။

"ခေါ် ... ခလူး ... ခေါ် ... ခလူး ... "

အသံလာရာဆီသို့ လှမ်းကြည့်လိုက်တော့မှ ဆံပင်များ ထောင်ထပြီး မြူးပြာထိတ်လန့်ကုန်ကြသည်။ ကောင်းကောင်းအိပ်မောကျပြီး ဟောက်သံပေးနေသည်ကားကို ဖိုးတုတ်ကြီးဖြစ်နေသည်။

"ဟင် ... ဂလိုဆို ... "

အတွတ် ကယောင်ကတန်းဖြစ်ကာ အရှူးချေးပန်းသလို ရေရွတ်လိုက်မိသည်။ ကျွန်တော်တို့ဘေးတွင် အိပ်နေသူက ကိုဖိုးတုတ်။ ကျွန်တော်ညက ဘယ်လောက်ထိ အသိဉာဏ်ပျောက်သွားခဲ့ပါလိမ့်။

ဘယ်လိုသော အကြောင်းတရားကြောင့် ကိုရင်ဖိုးတုတ်ရဲ့ အိပ်ရာပေါ် ရောက်နေရသလဲဆိုတာပင် မမှတ်မိတော့။

တကယ်တော့ "ငါ့ညီလေးတွေ ပြန်ရမှာဝေးတယ်" ဟုဆိုကာ ကိုဖိုးတုတ်က သူ့အိမ်ကို ဧည့်ဝတ်ကျေပွန်စွာ ခေါ်သိပ်ခြင်းဖြစ်သည်။

ကိုဖိုးတုတ်ကို ကျွန်တော်တို့ မနည်းလှုပ်နှိုးယူရသည်။ ကိုရင်ဖိုးတုတ် မထချင်ထချင်ဖြင့် ကျွန်တော့်ကို အားနာပြီး ထလာသည်။ ထတာတောင် နိုးရိုးမထဘူး။ မျက်ချေးတွေ လက်နဲ့ကလော် ပွတ်လိုက်သေးသည်။

"အစ်ကိုကြီး ... ဟိုဒင်း နိုးသွားတယ်မျာ အကျီအကွက်လေးနဲ့တစ်ယောက်ပဲ နိုးလို့ ကျွန်တော်တို့ နိုးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး ... အဲဒါ ငါ့နှမလေကွာ"

"ဗျာ ... အစ်ကိုကြီး၊ ဒါဆို အစ်ကိုညီမ ညက ကျွန်တော်တို့နဲ့အတူ အိပ်တာပေါ့"

ကျွန်တော် ပူပန်မီးတောက်သွားကာ ပြူးပြူးပြာပြာ မေးမိသည်။ ကိုရင်ဖိုးတုတ် ကျွန်တော်တို့၏ ကြောင်စီစီမျက်ဝန်းများကို သေချာစေ့စေ့ကြည့်ပြီး နှုတ်ခမ်းတစ်ချက် တွန့်ကွေးကာ ပြုံးလေသည်။

"အေး ... ဟုတ်တယ်ကွ ... ငါ့ညီမက ဒီမှာအိပ်နေကျမို့ မင်းတို့နဲ့အတူ အိပ်တာပေါ့"

ကျွန်တော် မချိမဆန့် အသက်ရှူကာ မျက်နှာပျက်သွားရသည်။ အတွက်ကတော့ စိုးရွံ့ထိတ်ပျာသွားဟန်ဖြင့် တောင်မြောက်ကြည့်ကာ ရေရွတ်သည်။

"ကျွန်တော်တို့ ဘာမှားသွားသေးလဲဟင်"

ကျွန်တော်တို့ နှစ်ယောက် အဖြစ်သနစ် ပုံသဏ္ဌာန်နှင့် ကယောင်ကတမ်း တောင်တစ်လုံး မြောက်တစ်လုံး ရေရွတ်သံများကိုကြားပြီး ကိုဖိုးတုတ်က ဟက်ဟက်ပက်ပက် လှောင်ဟား ဟားသည်။

"ဟား ဟား ဟား ... ဟား ဟား ဟား ... "

"ဘာရယ်တာလဲဗျ"

မအူမလည်ဖြင့် ကျွန်တော်က ပြန်မေးမိသည်။ ကိုဖိုးတုတ်က သနား စရာသတ္တဝါနှစ်ကောင်အဖြစ် မြင်လေသည့်အကြည့်မျိုး အထင်တသေး စာနာ စွာကြည့်၍ မထီတရီ ပြုံးသည်။

"နင့်အမေဂလိန်းတဲ့မှပဲ၊ ငါ့နှမက မင်းတို့ဘေးသူစိမ်းတွေနဲ့ အိပ်မလားဟ၊ သူ့အိပ်ယာမှာသူအိပ်ပြီး၊ ညည့်ဝတ်ကျေအောင် လာနှိုးတာပေါ့ ငွ ကျားလေးတွေရ"

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထင်ရာစွတ်တွေးပြီး စိုးထိတ်ခဲ့သမျှ တစ်ဝက်တစ်ပြက် ခါးဆက်ပြတ် ဟပ်ဖိုးလိုဖြစ်သွားသည်။ အတွတ်က သက်ပြင်းမော မှုတ်ထုတ်လိုက်ရင်း တစ်ဆက်တည်း ပြောပြန်သည်။

"ဟာဗျာ ... ဒါဆို ... "

"ဘာဖြစ်ရပြန်တာတုန်းဟ"

အတွတ်က ကိုဖိုးတုတ်နှင့် လက်နှစ်ကမ်းအကွာ ဝေးရာကို နေရာရွှေ့ထိုင်ပြီးမှ မျက်နှာမချိုမချဉ်ဖြင့် ...

"ဟိုလေ ... တစ်ခုခုမှားသွားခဲ့ရင် ပိုအဆင်ပြေမလားလို့ပါ။ ဘာလို့လဲဆိုတော့ ငယ်လေးက ... အဲ ... ကိုကြီးရဲ့ ညီမလေးက အရမ်းအရမ်းကို ချောတော့လေ ... ကျွန်တော်ဆို ခုနက အိပ်ရာနိုးစမှာပဲ ပြန်မေ့သွားတော့မလို့ ... တကယ် ... "

ကိုဖိုးတုတ်က အုန်းသီးလောက်နီးပါးရှိသည့် သူ့လက်သီးဆုပ်ကြီးကို ထောင်ပြရင်း ...

"ညီလေး တွတ် ... မင်းအသက် ဘယ်ကထွက်ရမယ်ဆိုတာ စဉ်းစားပြီးပြီလား"

"ဟာ ... ကိုကြီး ... မှားမယ်လေ၊ ကိုကြီးမှာ အရမ်းချစ်စရာကောင်းတဲ့ ညီမလေး ရှိနေတယ်လေ"

ကိုဖိုးတုတ် မလှုပ်သေးခင် အတွတ်က ပြေးပေါက်ချောင်းပြီး ပုဆိုးပြင်ဝတ်ပြီး ဖြစ်နေပြီ။

မီးဖိုခန်းဝမှာ အသံလေးတော့ ထွက်လာရှာသည်။

"ခစ် ... ခစ် ... "

❀....❀



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီရက်ပိုင်းအတွင်း ဖေဖေ ရွာသို့လိုက်လာပြီး ကျွန်တော့်ကို ပြန်ခေါ်တော့မည်ဟု ကြားသိရသည်။

ကျွန်တော့်ကို အပိုးကျိုးသွားအောင် ရွာတွင် လွှတ်ထားခဲ့ပြီး သူ့အစ်ကိုများ၊ ဆွေမျိုးညာတိ၊ အစ်ကိုလေးတို့လက် ဝကွက်အပ်ခဲ့သည်။ ကျွန်တော် လိမ္မာရေးခြားရှိအောင် သွန်သင်ခိုင်းခဲ့သည်။ နှိပ်ကွပ်ပညာပေးရန် ဖေဖေ ကြိုးစည်ခဲ့သည်။

ခုတော့ ကျွန်တော် ရွာကလေးနဲ့ လိုက်လျောညီထွေ အဆင်တပြေရှိနေပါပြီ။

တန်ဖိုးရှိတဲ့အချိန်တွေကို လည်ပတ်အချိန်ဖြုန်းခြင်း၊ ငွေကြေးသုံးဖြုန်းမှု စရိတ်စကများခြင်းတွေ မရှိသော ရွာကလေးမှာ ကျွန်တော် ကျင်လည်တတ်သွားပြီ။ ဒီရွာအပြန် အတွေ့အကြုံရှိရေးလေးက လူ့ပတ်ဝန်းကျင်မှာ ပါးရည်နပ်ရည်ရှိစွာ လိမ္မာရေးခြားရှိအောင် ပံ့ပိုးအသိပေးလိုက်လေသည်။

ရောင့်ရဲတင်းတိမ်မှုဖြင့် နေထိုင်ပျော်ရွှင်ရခြင်းကို ကောင်းကောင်းကြီးနားလည်ခဲ့လေပြီ။ စိတ် ရောကိုယ်ပါ လွတ်လပ်မှုက ပတ်ဝန်းကျင်နှင့်သဟဇာတညီမျှမှုထဲ အံဝင်ပါရဲ့ လားဆိုတာ ချိန်ဆတတ်သွားလေပြီ။

ကျွန်တော် မြို့ပြန်ရမည့်သတင်းကြားတော့ ပျော်စရာလေးတွေ နှမြောပြီး ချိုတုံချတုံ ဖြစ်ရပြန်သည်။

ဝမ်းနည်းစရာ၊ ဆွေးမြေ့ဖွယ်၊ နှမြောနောင်တတွေက ဆီးကြိုနေပြီ။ ကျွန်တော် သံယောဇဉ်ဖြစ်မိသော အမှတ်တရ ရွာငယ်လေးကို နေထိုင်မဝအားမရသော်ငြား ကျောင်းများပြန်ဖွင့်တော့မည်မို့ ပြန်ရတော့မည်။ ကျွန်တော် မပြန်ချင်သေးပါ။

မြို့ကို မောင်ကြီးမပြန်နိုင်ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို စွဲလမ်းရအောင် ညှို့ငင်ထားနိုင်သည့် မျက်ဝန်းလေး နှင့် ခွဲရတော့မည်။

ကျွန်တော် မာလေးဆွေနှင့် အနေနီးချင်မိသည်။ ရွာမှာ ရှိတုန်းရှိခိုက် ခဏတဖြုတ် သူ့မျက်နှာလေးမြင်အောင်တော့ အဝေးကကြည့်ပြီး ရင်ဖိုလိုက်မော ခွင့်ရှိသေးသည်။ မြို့ပြန်ရမည်ဆိုလျှင် ဆယ့်ခါတစ်ခါပင် သွားခိုးကြည့်လို့ မြင်ဖို့ လမ်း မမြင်တော့ပေ။

ကျွန်တော် အဆွေးကြီးဆွေးရပါပြီ။ စွဲလမ်းမှုပြဿနာက စိတ်ဝေဒနာ ဖြစ်ကာ ရင်ခွင်နှလုံးသားကို ဖိစီးနှိပ်စက်တော့သည်။ အစပင် မပြုရသေးခင် မှာပဲ ဆုံးနှင့်သည့် ဇာတ်လမ်းလိုပင်။ ချစ်လမ်းမထွင်ခင်ကတည်းက အလွမ်း ဘဝင်မကျ ကျွမ်းရင်ကြေကာ မွရလေပြီ။

ငူငူငေါင်ငေါင်ဖြစ်ကာ စားမဝင် အိပ်မပျော်ဘဲ ယခင်က ဆတ်စလူး ခါနေခဲ့သမျှ ခုတော့ ငြိမ်သက်တွေငေးသွားသည့် ကျွန်တော့်ကိုကြည့်ပြီး အစ်ကို လေးကလည်း စိတ်မကောင်း ဖြစ်သွားသည်။

"ငါတော့ အရူးအမဲသား သွားကျွေးမိပြီကွာ၊ ဘယ့်နှယ်လဲ ဖိုးစံ၊ မြို့ ပြန်ရမှာဆိုတော့ တို့တောရွာကို မခွဲနိုင်တော့လို့ ဝမ်းနည်းသွားပြီမို့လား"

အစ်ကိုလေးက ဂုဏ်ယူကျေနပ် ဝင့်ကြွားဟန်ဖြင့် မျက်ခုံးပင့်ပြပြီး ဆက်မပင် ထောင်လိုက်သေးသည်။

"ကျွန်တော် အစ်ကိုလေးတို့နဲ့နေရတာ ပျော်နေပြီ၊ သံယောဇဉ်ဖြစ်လို့ ခွဲချင်တော့ဘူးဗျာ ... "

"အံမယ် ... မင်းအကြောင်း ငါမသိဘူးမှတ်နေလား။ ဖွတ်ကျားလေး ပါတို့ကနည်းနည်း ဟိုဥစ္စာစောင့်မက များများပါ၊ မင်းသွားသွားချောင်းနေတာ ငါသိသားပဲ ဖိုးစံရာ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေးအပြောကြောင့် ကျွန်တော် နင်သွားရသည်။

အစ်ကိုလေး ပါလေရောက ဒါလည်းသိတာပဲ။ ကျွန်တော်က ကိုယ့်ကိုယ်ကို ဟုတ်လှပြီမှတ်နေတာ။ သူတို့က ကျွန်တော့်အလိုလိုက်ပြီး အကျယ်အကျယ် မဖြစ်ခင် လွှတ်ထားပေးကြသကိုး။

ထင်တော့ထင်သာ။ ဒါကြောင့် အနေချောင်လှပါတယ်မှတ်တာ။ ကမ္ဘာဆိုတာ ရွာကြီးတစ်ရွာဖြစ်လာမှတော့ အစ်ကိုလေးက သူနေတဲ့ရွာ၊ သူမွေးတဲ့ရွာကိုလဲ အမှန်အစက် မော်လီကျူးလေးတစ်ခုလောက်ပဲ သဘောထားပေမပေါ့။

ကျွန်တော် ရှက်ဖြိုးဖြိုးဖြိုးကာ မျက်နှာပြောင်တိုက်လိုက်ရသည်။

"လူမမာ အမဲခြောက်ဖုတ် တောင်းသလို တဆာဆာတပူပူတော့ လုပ်မနေနဲ့၊ မြို့မှာ မိန်းမတွေ အပုံကြီးပါကွာ"

"အပုံကြီးတော့ အပုံကြီးပေါ့ အစ်ကိုလေးရာ ... ဒါပေမဲ့ မာလေးအေွကိုတော့ ဘယ်မီပါ့မလဲ၊ အစ်ကိုလေးတို့ပဲပြောပြီး မြင်းအုန်းခွံမယားတောသူဆို"

"ဟိတ်ကောင် ဖိုးစံ ... အဲဒီကလေးမက တောသူအစစ်မဟုတ်ဘူး မြို့မှာပဲမွေးပြီး ဒီရွာမှာလာနေတာ"

"အယ် ... "

ကျွန်တော် ကိုယ့်စကားနဲ့ကိုယ် ချောင်ပိတ်မိသွားသည်။ အစ်ကိုလေးက စိတ်မရှည်တော့ဟန် တုံးတိ ပြောပါတော့သည်။

"မင်းကွာ ... စိတ်ကစားစအရွယ်မို့ပါ၊ နောက်တော့လဲ မေ့သွားမှာပါကွာ၊ ဒါမျိုးတွေက ဖြစ်တတ်ပါတယ်"

အစ်ကိုလေး သူ့မော်တော်ဆိုင်ကယ် ဆိုဖာအဖုံးကိုဖွင့်ပြီး အဝတ်စုတ် ထုတ်လိုက်သည်။ ပြီး ... ကျွန်တော့်ကို အဖက်မလုပ်တော့ဘဲ ဆိုင်ကယ်[illegible] သုတ်ကာ တသသ လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့လည်း အလွမ်းနာကျလို့ အသည်းနာရတဲ့ ကျွန်တော့်ဘဝလေးက သူစီးတော်ယာဉ် မော်တော်ဆိုင်ကယ်လောက်တောင်မှ အရေးမပါတော့ပါလား။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မာလေးဆွေကို ချစ်သည်။ တစ်သက်မှာ တစ်ခါဆိုသလို အရွှးအမူး စွဲလမ်းစိတ်ဖြင့် ကမ္ဘာပေါ်မှာရှိသမျှ မိန်းမလှလေးတွေထက် ပိုမိုတပ်မက်ပြီး ချစ်ပါသည်။

အစ်ကိုလေးရော၊ ကိုသာညြန့် ကိုရင်ဖိုးတုတ်ပါ နှလုံးသားချင်း ကိုယ်ချင်းမစာကြဘူး။

ကျွန်တော် စိတ်အလိုမကျဖြစ်မိတိုင်း အပြစ်မြင် မကျေမချမ်း ဖြစ်နေမိသည်။ ကိုရင်သာညြက အရေးထဲမှာ ရုပ်ကြမ်းကြီးနဲ့ လာရွဲပြီး အလွမ်းသယ်နေပြန်တော့ရာ ကျွန်တော် ကိုယ့်ခြေသလုံး ကိုယ်ကုန်းကိုက်ချင်စိတ် ပေါက်သွားရသည်။

"ကောင်လေး ... မြို့ရောက်ရင် တို့ကိုမမေ့ပါနဲ့ကွာ ... သာညြတို့ လာလည်တဲ့အခါ မသိဟန်ဆောင်မနေကြနဲ့နော်"

ကျွန်တော် တောသားမြို့တက် ယောင်လည်အူတိအူကြားဖြစ်၊ လမ်းမှား၊ ခြေတို့၊ ခါးပိုက်နှိုက်ခံ၊ ဆီဒိုးနားနဲ့ ဘူတာကြီးကို ကုန်းပြီး ဦးချရအောင်ပင် အရွဲ့တိုက်၍ ခေါ်သွားချင်မိသည်။ ဒါမှ သူတို့တောမှာ လူလည်လုပ်သမျှ မြို့မှာပြန် လူလည်ကျ လက်စားချေနိုင်မှာ။

"စိတ်ချ ကိုရင်တို့ လာလည်ရင် လိပ်စာပြောင်းပြီး ပြောမှာပေါ့"

"ဟော ... ဂလိုလား"

"ဂလိုပဲ ... ကျွန်တော်တို့ ရောက်ကတည်းကစပြီး မနေ့ကအထိ နှိပ်ကွပ်နေတာ ဘယ်မေ့ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်နှာပေးကိုကြည့်ပြီး စိတ်ပေါက်ပေါက်နှင့် ခွဲကာမဲ့ကာ ပြောနေမှန်း သိသောအခါ ကိုရင်သာညြ ဆူပွဲဆူပွဲလုပ်၍ ပြီးသည်။ အချိန်တန် ရင် ခွဲရတော့မည်။

ခေါ်ချင်သော်လည်း မျှော်လင့်ရင်းနဲ့ မခေါ်ဝံ့လို့ ရင်နင့်စွာ ပြန်ရဦးမှာ ပါလား မာလေးရယ် ... အဲ ... ရှာလေးရယ်။

❋....❋



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

ဖေဖေ ရောက်လာပြီး သုံးရက်လောက် ရွာမှာနေခွင့်ရသေးသည်။ သည့်နောက်မှာတော့ ကျွန်တော့် လွမ်းဆွတ်တသ . နှမြောဝမ်းနည်းစိတ်တွေ မျိုသိပ်ပြီး မြို့သို့ ပြန်ရပါတော့သည်။

မြို့ပြအပြန်ခရီးမှာ ကိုဖိုးတုတ်က သူ့တုတ်တုတ်ကြီးဖြင့် လိုက်ပို့သည်။ ဘကြီးလုံးတို့အိမ်ရှေ့မှာ တုတ်တုတ်ကို အဆင်သင့် ထိုး၍ စောင့်နေသည်။

ခရီးဆောင်အိတ်များကို တုတ်တုတ်နောက်တွဲပေါ် ပစ်တင်ကြသည်။

"ကိုရင်ဖိုးတုတ် အရှုပ်အသည်းလှုပ် အစာကြေရင်ချောင်အောင် သိပ်မလုပ်နဲ့ဗျာ၊ နောက်ဆုံးစီးရမှာမို့ ကြာကြာလေးစီးချင်လို့ပါ"

"ဟုတ်တယ်ဗျို့ ကိုရင်ရေ ... ကြွေလုလု အသည်းလေးပါ ပြုတ်ကျမှာစိုးရတယ် အသာလုပ်ပါဗျာ"

အတွတ်ကလည်း ဝင်နှောက်ကာ အချွန်နဲ့ မထည့်လိုက်သေးသည်။

လူတစ်ဖက်သား အထိနာအောင် ရိသဲ့သဲ့လုပ်ရတာကိုမှ ဘာလို့ လျှာတွေ့ အာတွေ့ဖြစ်နေကြရလဲဆိုတာ ကျွန်တော် နားမလည်။ မခံချိ မခံသာဖြစ်အောင် နောက်ပြောင်ခြင်းဖြင့် အပျော်ကို ရှာဖွေလိုကြသည်။

တောရွာကလေးမှာလည်းရှာတတ်လျှင် ရနိုင်သော အပြစ်ကင်းသည့် ပျော်ရွှင်ခြင်းတွေက တစ်ပုံတစ်ပင် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရယ်ရယ်မောမော ပြောပြောဆိုဆို ရှိနေစဉ်မှာပဲ မြို့သို့ အထုပ်အပိုးသယ်ရွက်လျက် မာလေးဆွေတို့သားအဖ ရောက်လာကြသည်။

ကိုဖိုးတုတ် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ကျွန်တော် အံ့ဩမှင်သက်မိကာ ငေးကြောင်ရင်း အသက်ရှူဖို့ မေ့သွားသည်။

ကျွန်တော့်အမူအရာကြောင့် အစ်ကိုလေးနှင့် အတွတ်လည်း လိုက်လံ ငေးမောပြီး မျက်ကလူး ဆန်ပြာ ဖြစ်ကုန်သည်။

ကိုရင်သာဩ မျက်မှောင်ကြီးကုပ်ကာ တအံ့တဩ ရေရွတ်သည်။

"ဟဲ့ ... သောက်ခွေး ... ဘာတွေဖြစ်ကုန်ပြီတုန်းဟ"

ကျွန်တော် ဝမ်းသာလုံးဆို့ပြီး မချိုမချဉ် ပြုံးမိလေသည်။

မာလေးဆွေက ကျွန်တော့်အမူအရာကြောင့် မျက်စောင်းလေးခဲသည်။ အဲဒီမျက်စောင်းကလေးသာ နဂါးမျက်စောင်းဖြစ်မယ်ဆို ကျွန်တော့်ရင်ခွင် ပြာကျလောက်ပြီ။

အခုတော့ ရင်ဘတ်ကြီးကို တည့်တည့်လာမှန်သော်လည်း ပြုံးပြုံးကြီး ဖြီးနေ နိုင်သေးသည်။

"ဟော ... ဦးမြဲဆွေတို့က မြို့က ဧည့်သည်တွေကို လက်ဆောင် လာပေးတာလား ဒုက္ခရှာလို့ဗျာ ... "

အစ်ကိုလေးက နဝေတိမ်တောင်ဖြင့် ကယောင်ကတမ်း စကားဆို လိုက်သည်။ ဦးမြဲဆွေက တွေ့ရခဲသော တစ်ခါမှ မမြင်ဘူးသည့် အပြုံးကိုတစ် ချက်ပြုံးပြီး မျက်နှာထားပြန်တည်သွားသည်။ ထို့နောက် စကားဆိုသည်။

"မဟုတ်ပါဘူး မောင်ရင်ရယ် ... ကျုပ်သမီးလေးလဲ မြို့မှာကျောင်း နေဖို့လေ"

ကျွန်တော်တို့ နည်းနည်းတော့ ရိပ်မိလိုက်ကြလေပြီ။

တစ်ရွာလုံးနှင့် အဆက်အစပ် ကင်းမဲ့သလိုဖြစ်နေသော ဦးမြဲဆွေ့ မိသားစုက ဘာအကြောင်းကြောင့် ဆက်စပ်မိသွားလဲဆိုတာတော့ နားမလည်နိုင် ဖြစ်ရသေးသည်။

နားမလည် ပါးမလည် အံ့ဩကြောင်တောင်ဖြစ်နေသော ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဖေဖေက နောက်ကြောင်းပြန်ရှင်းပြသည်။

ဦးဖင်းကုမာရက နားချမိန့်ကြားသဖြင့် ဦးမြဆွေ အကျွတ်တရား ရသွားသည်။ ခက်ထန်နေသော မာန်မာနတရားများ လျှော့ချပစ်လိုက်သည်။

ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်မတက်ဖြစ်သော မာလေးဆွေကို အနာဂတ် နောင်ရေးအတွက် ပညာဆက်ပြီးသင်ဖို့ ဆုံးဖြတ်မိလိုက်ကြသည်။

"အရက်အကြောက်ဆိုတာ အရာရာတိုင်းမှာရှိသင့်တဲ့ ဟီရိဩတ္တပ္ပ တရားပဲ ဒကာ ... ဒါပေမဲ့ ဘဝတက်လမ်းအတွက် ဒီခေတ်ကြီးမှာ ရှက် ကြောက်နေရင် တိုးတက်ဖွံ့ဖြိုးမှု ပိတ်ဆို့ရုံပဲရှိမယ်၊ ရှက်သင့်ကြောက်သင့် ယဉ်ကျေးသင့်တာကို ရှက်ကြောက်ကြရမှာဖြစ်သလို မလိုလားအပ်ဘဲ ရှက် ကြောက်အားငယ်နေလို့ မရဘူး"

ဦးဖင်းကုမာရက မိန့်လိုက်တယ်ဆိုရင်ပဲ ဦးမြဆွေလည်း မာန်မာန လျှော့ချဖြေသိမ့်ပြီး သမီးဖြစ်သူကို ပညာဆက်လက်သင်ပေးချင်စိတ်တွေ တဖွား ဖွားပေါ်လာလေတော့သည်။

"တပည့်တော် သမီးလေးကို ခေတ်မီတဲ့ ပညာတတ် ကုန်ရှင် မိန်းကလေး ဖြစ်စေချင်ပါတယ်ဘုရား ... "

"ဒီအတွက် မပူပါနဲ့ ကိုမြဆွေရယ်၊ ကျူပ်အသိ သီလရှင်စာသင် ကျောင်း ရှိသားပဲ၊ အဲဒီမှာစာပြရင်း တက္ကသိုလ် ဆက်တက်လို့ရတာပဲ"

ဦးဖင်းဆရာတော်၊ ဦးမြဆွေနှင့် ဖေဖေတို့သုံးဦးသား ဆုံမိရာက မာလေးဆွေနှင့်ကျွန်တော် မြို့မှာပြန်ဆုံဖို့၊ တစ်ခရီးတည်းအတူသွားဖို့ အကြောင်း ဖန်လာလေသည်။

နောက်ဆုံးတော့ မာလေးဆွေကို ဖေဖေနှင့်လူကြီးထည့်ပေးကာ ပညာ သင်ရေးအတွက် စီမံလိုက်ကြသည်။

ကျွန်တော်တို့ ရေစက်က မကုန်နိုင်သေးတာမို့ ပြန်ဆုံကြရပြန်လေပြီ။ အချစ်စစ်မှန်ရင် ဘယ်လောက်ဝေးကွာပါစေ ကြုံဆုံရမြဲဆိုတာကို ကျွန်တော် လက်ခံလိုက်ရတော့သည်။

ဖေဖေ ရှင်းပြလို့အပြီးမှာ အားလုံးသဘောပေါက်သွားကြတော့သည်။ ကျွန်တော့်ရဲ့ ဖုံးမရ ဖိမရ ရင်တွင်းကြိတ်ပျော် အပြုံးကြီးကို အစ်ကိုလေးက



www.burmeseclassic.com

www.burmeseclassic.com



မြိုင်မြိုင်းကပ်လေ့နေတော့သည်။

"အံမယ် ... ရုပ်ကြီးက၊ အခုတော့ မျောက်မက်မန်းသီး ငုံထားသလို ဖြစ်နေပြီပေါ့"

အစ်ကိုလေးစကားကြောင့် အဓိပ္ပါယ်ပေါက်ကုန်သော ကိုရင်သာညြ တို့ ဖါးလုံးကွဲ ဟဲဟဲဖြင့် သဘောကျသွားလေသည်။ မာလေးအွေကတော့ အဖေတူ သမီးပီပီ မျက်နှာထားတည်တည် ကုန္တေခြရုရပင် စွေလာနောက်တွဲမှာ တက်ထိုင် နေသည်။

လူကြီးတွေကတော့ အချင်းချင်း ဖက်လဲ့တကင်း နှုတ်ဆက်စကားဖော် ရွေစွာ ဆိုလျှက်ပင်။ ကျွန်တော်တို့ကလေးများကလည်း ဖော်ရွေကြရမှာပေါ့။

"ငါ့ညီ ဖိုးစံ ... ကျောင်းပိတ်ရင် အတူတူပြန်လာခဲ့ကြဦးနော်"

ကိုရင်ဖိုးတုတ်က အဓိပ္ပာယ်ပါပါဖြင့် မထိခလုတ် စကားဆိုလေသည်။ ကျွန်တော် လျှာလေးတစ်လစ်ထုတ်ကာ အလစ်အငိုက်ချောင်းပြီး ပြောင်ပြလိုက် သည်။

အခုတော့ သူ့ခွေးကြီးနစ်ကောင်ကလည်း ယက္ခနဲ့ဂုမ္ဘာန်လို မစောင့် ရှောက် မဆီးကာနိုင်တော့ပါ။

သူ့အဖေ နစ်လုံးပြူးကြီးကလည်း ကျောကိုလာထောက်ပြီး မပြူးနိုင် တော့ပါ။

သူ့အဖွား ဆံပင်ဖြူဖားလျား သွားကြဲကြီးကလည်း တံမြက်စည်းနဲ့ ခေါင်းပုတ်ပြီး နဂါးခေါင်း ဝါးမြစ်တောင်ဝှေးနဲ့ မပြူစားနိုင်တော့ပါ။

ဥစ္စာစောင့်မလေးရယ် ... ဥစ္စာစောင့်တမျှ ချောမောလှပတဲ့ နတ် မိမယ်အလှပဂေးရယ် ... ကျွန်တော့်လိပ်ပြာကို နှုတ်ချင်လဲ နှုတ်စေဦးတော့ ကျွန်တော့်နှလုံးသားကို နှုတ်ချင်လဲ နှုတ်စေ၊ အသွေးယူယူ၊ အသားပဲယူယူ ပေးလှူကာ ထုတ်နှုတ်လိုက်ရုံပင်။

"ညီမလေး ... တစ်ယောက်တည်းလားဟင်"

အရေးထဲ ... အရိပ်အကဲ မသိသည့် အတွတ်က စကားအစရှာ သွားမေးလိုက်သေးသည်။ ဘယ်နေလိုက်လိမ့်မလဲ။ ဟိုက ပြန်ဖြေတာပေါ့။

"ခါးပါတယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကလစ် ... ထောက် ... "

အတွတ် တစ်ချက် တွန့်သွားတာကိုကြည့်ပြီး ကျွန်တော် လျောင်ပြုံးက လေး မခံချိမခံသာဖွယ် ဖြစ်အောင် အတွတ်ကို ပြုံးပြလိုက်သည်။

မှတ်ပလား။ ဘုမသိ ဘမသိ သွားပြီး သွေးတိုးစမ်းတာ။ အနေအထား ကို မလေ့လာ မစူးစမ်းဘဲ အကဲစမ်းချင်တဲ့ကောင်၊ အရှင်လတ်လတ်ကြီးနှင့် အူတွေအခွေလိုက် ပြင်ပကမ္ဘာကို ထွက်လည်ခွင့် ကြုံလေပြီ။ မဟာအခွင့်အလမ်း ကြီးမို့ ဗိုက်တွေ ယားနေလောက်ပြီ။

သူမကတော့ ခပ်တည်တည်ပင် မောင်းချခါးကလေးကို ပြန်ခေါက် သိမ်းပြီး ဆလင်းဘတ်အိတ်ထဲ ထည့်လိုက်သည်။

"အားမငယ်နဲ့ ညီလေးတွတ် အစ်ကိုစာခြောက်ရုပ်ကြီး လက်ဆောင် ပေးလိုက်မယ်ကွာ အမှတ်တရလည်း ဖြစ်တာပေါ့"

"တော်ပါတော့ဗျာ ... ကိုယ့်အရုပ်ကိုယ်ပဲ ဖက်အိပ်တော့"

ကိုရင်သာညြနှင့် အတွတ်တို့ အပြန်အလှန် ပြောစကားကြောင့် အားလုံး ဝိုင်းဟားလိုက်ကြသည်။ သူမတစ်ယောက် နှုတ်ခမ်းဖူးနုကလေး တင်း တင်းစေ့ပြီး စိတ်ထဲမှ ကြိတ်ပြုံးလေသည်။

"ဖေဖေ ... သမီး သွားတော့မယ်နော်"

"အေး ... သမီးလေး လိမ်လိမ်မာမာနေနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ"

သားအဖနှစ်ယောက် အလွမ်းသယ်ကြလေသည်။ ဖေဖေက ကိုဖိုးတုတ် ကို လက်ဟန်ခြေဟန်ပြပြီး ခေါ်ညြလိုက်လေသည်။

"ကဲ ကဲ ... သွားမယ်ဟေ့ ... အချိန်နဲ့အခါကလဲ ရှိသေးတယ်"

ကိုရင်ဖိုးတုတ်က သူ့တုတ်တုတ်ကြီးကို စက်နှိုးလိုက်သည်။ ကျွန်တော် တို့အနားမှာ ဖေဖေ လာထိုင်သည်။

သူမ လက်ပြနှုတ်ဆက်သလို ကျွန်တော်လဲ နှုတ်ဆက်ရကောင်းမှန်း သိစွာ ပြိုင်တူ ညီညာနှုတ်ဆက်လက်ပြမိသည်။

သူမ လုပ်သလို လိုက်လုပ်တာမြင်တော့ သူမက ချစ်စရာမျက်စောင်း လေးတစ်ချက် ခဲ၍ ဒေါ်ဖောင်းကာ လက်ကလေး ပြန်ရုတ်သွားသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လဲ ကွက်စတိ လက်ကလေး ပြန်ရုပ်သိမ်းလိုက်သည်။

ပြီးနောက် အစ်ကိုလေးကို လှမ်းအော် နှုတ်ဆက်လိုက်သည်။

"အစ်ကိုလေးရေ ... စိတ်ချလက်ချ နေခဲ့တော့နော် ..."

တစ်ခါ ... မာလေးခွေဘက်ကို မျက်စပစ်ပြလိုက်ပြီး ...

"ကျွန်တော်လည်း ရွာကို နောက်ပြန်ငင်နေဖို့ အကြောင်းမရှိတော့ဘူးလေ ..."

အစ်ကိုလေးက သဘောပေါက်စွာ တဟားဟား ရယ်ရင်း လက်ပြန်ပြသည်။

ဒွေးလေးမြခင်ကတော့ မျက်ရည်လေးတစမ်းစမ်းနှင့် လှမ်းအော်ရှာသည်။

"နောက်နှစ်လည်း လာခဲ့ကြဦးနော်"

"ဟုတ် ... ဒွေးလေး ... သားတို့ အတူတူပြန်လာကြမှာ ... အဟီး ..."

ကိုရင်ဖိုးတုတ်၏ တုတ်တုတ်ကြီးသည် ရွာနှင့်ဝေးရာ တရွေ့ရွေ့ ထွက်ခွာလာသည်။ ရွာကလေးမှာတော့ အမှတ်တရတွေ ပိုမိုထင်ဟပ်လာပြီး မှုန်ပြပြ ဝေးရာမှာသာ ကျန်ရစ်ခဲ့သည်။

ဒီနေ့မနက်အထိ ကျွန်တော့်ရင်ထဲတွင် ခံစားနေရသေးသည့် လွမ်းဆွတ်ဖွယ်ရာ လွမ်းမောတသ စရာများက ခုတော့ နေလာနှင်းပျောက် ဖြစ်နေခဲ့ပြီ။

ယခုလောလောဆယ်မှာ ချစ်ရသူကို အခါမလပ်မိုးကြည့်ခွင့် ရနေသည်။ သူမကလည်း သတိထားမိနေဟန် ရှိသည်။

မကြာမီ နောက်ဆက်တွဲရလာစရာရှိသည့် အခွင့်အရေးပေါင်းများစွာနှင့် အခြေအနေကောင်းများစွာ ပေါ်ထွန်းလာနိုင်ကြောင်းကို သူမ၏ လက်ရှိမျက်နှာပေးကိုကြည့်ရင်း ကျွန်တော် သဘောပေါက်လိုက်သည်။

အနာဂတ်မှာ အပျော်တွေ စုဝေးခံစားခွင့်ပေးပါ မာလေးခွေ...

ချစ်မျှားရှင်



www.burmeseclassic.com